# ဒီမိုကရေစီပြောင်းပြန်

ကချင်ပြည်နယ် ဝန်ကြီးဟောင်း ဦးဇန်ထားရှင်

# ဒီမိုကရေစီပြောင်းပြန်

ဦးဇန်ထာရှင်

## နိဒါန်း

ကျွန်တော်သည် စာရေးဆရာ မဟုတ်ပါ။ စိတ်ကူးယဉ်သမားလည်း မဟုတ်ပါ။ သို့ရာတွင် တိုင်းပြည်အတွက် အရေးကြီးလာလျှင် လယ်သမားပင် ထွန်တုံးထွန်တန်ကို ပစ်၍ လက်နက်ကိုင်ပြီး စစ်တိုက်ထွက်ရသကဲ့သို့ ပြည်ထောင်စုကြီး ပြိုကွဲမည့်ဘေးကို မြင်တွေ့ရသောကြောင့် ဒီမိုကရေစီအခွင့်အရေးများ မဆုံးရှုံးစေရန် ဒီမိုကရေစီကို ကာကွယ်လိုသောအားဖြင့် ဤ **"ဒီမိုကရေစီ ပြောင်းပြန် "** စာအုပ်ကို ရေးသားပြုစုရခြင်း ဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံဟု ခေါ်ရခြင်းသည် ပြည်မနှင့် ပြည်နယ်များ စုပေါင်းထားခြင်းကို အစွဲပြု၍ ခေါ်ဆိုခြင်းဖြစ်သည်။ တနည်းအားဖြင့်ဆိုလျှင် ပြည်ထောင်စုမြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြကုန်သော ရှမ်း၊ ကချင်၊ ကရင်၊ ကယား၊ ချင်း၊ ရခိုင်၊ မွန်၊ မြန်မာ၊ ပအို့ဝ်၊ တောင်သူ၊ နာဂ စသည့် တိုင်းရင်းသားလူမျိုးများကို စည်းလုံးပြီးလျှင် တိုင်းပြည်တပြည်အဖြစ် တည်ထောင်ထားခြင်း ဖြစ်ပေသည်။

ဤကဲ့သို့ ပြည်မနှင့် ပြည်နယ်များ စုပေါင်းထားခြင်း လူမျိုးအသီးသီးကို စုစည်းထားခြင်းဖြင့် တည်ထောင်ထားအပ်သော ပြည်ထောင်စုကြီး မပြိုကွဲ မပျက်စီးအောင် ထိန်းသိမ်းရန်မှာ ပြည်ထောင်စုသားတိုင်း၌ လည်းကောင်း လူမျိုးစုတိုင်း၌လည်းကောင်း တာဝန်သည် အစဉ်အမြဲရှိဘိသကဲ့သို့ ပြည်သူတို့၏ အာဏာဖြင့် တက်လာသော အစိုးရအဖွဲ့၌ ၎င်းအစိုးရအဖွဲ့၏ ဦးစီးမဏ္ဍိုင်များဖြစ်ကြသော ဝန်ကြီးချုပ်နှင့် သမ္မတ၌လည်းကောင်း အလွန်ကြီးလေးစွာသော တာဝန်သည် ရှိလေ၏။ ဤသို့ တာဝန်ကို စောင့်သိနိုင်ရန်မှာလည်း ဒီမိုကရေစီကို မပြတ်တစေ ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြဲနိုင်နိုင်မှသာလျှင် ဖြစ်လေမည်။

ဆားသည် ရှင်ဘုရင်နှင့် သူဌေးသူကြွယ်များစားလျှင်လည်း ငံသည်။ လယ်သမား အလုပ်သမား လူတန်းစားများ စားလျှင်လည်း ငံသည်။ ဖုန်းတောင်း ယာစကာ နူနာဝဲစွဲ သူဆင်းရဲများ စားလျှင်လည်း ငံသည်။ ဝေရက်တောင်ထိပ်တွင် တက်ထိုင်၍ စားလျှင်လည်း ငံသည်။ ထိုနည်းတူစွာ စစ်မှန်သော ဒီမိုကရေစီမှန်လျှင် ထိပ်ဆုံးမှ အောက်ဆုံး လူတန်းစား

အထိ ဒီမိုကရေစီအရသာကို တူညီစွာခံစားခွင့် ရှိရပေမည်။ ပြည့်ဝမှု ရှိရပေမည်၊ မြေပြန့်ဒေသ၊ တောင်ပေါ်ဒေသမရွေး အညီအညွတ် ရှိရပေမည်။

သို့သော် ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံ၌ မည်မျှပင် ဒီမိုကရေစီရှိပါသည်ဟု ပါးစပ်မှကုန်းအော်နေစေကာမူ ဗဟိုပါလီမန်တွင် ၁၁၉ မဲကို ၁၂၇ မဲဖြင့် အနိုင်ယူနေသော **အချိန်** [၁] ၏ အလွန်နီးကပ်သော မရှေးမနှောင်းကာလခု၌ **၁၀ မဲ** ကို **၇ မဲ** က အနိုင်ယူရန်လည်းကောင်း [၂]၊ ပြည်ထောင်စုကြီး၏ တာဝန်အရှိဆုံးပုဂ္ဂိုလ်များက ကာယကံမြောက် ကျူးလွန်လိုက်ခြင်းသည် ပြည်ထောင်စုကြီး၏ ရာဇဝင်ကို အမည်းကွက်ထင်စေရန် လုပ်ကြံအားထုတ်လိုက်ခြင်းပင် ဖြစ်တော့၏။ ထိုတွင်မက ပြည်နယ်ဥက္ကဋ္ဌများကို ပြည်နယ်ကောင်စီနှင့် ညှိနှိုင်းတိုင်ပင်၍ ခန့်ရမည် ဟု အတိအလင်းရေးထားသော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ကိုပင် ထရီးဒိုင်မင်းရှင်း (ခေါ်) သုံးဘက်မြင် မှန်ပြောင်းဖြင့် ကြည့်ကာ ကိုယ်လိုရာသို့ ဆွဲဆောင်ဖောက်ဖျက်သည်အထိ နိုင်ငံ၏တာဝန်အရှိဆုံးပုဂ္ဂိုလ်များသည် ဖောက်ပြန်လာလေတော့၏။

ထို့ကြောင့် ဒီမိုကရေစီကို ချစ်မြတ်နိုး၍ ပြည်ထောင်စုကြီးကို တည်တံ့ခိုင်မြဲစေလိုသော ပြည်ထောင်စုသား တယောက်အနေနှင့် ဒီမိုကရေစီကို ပြည်ထောင်စု တဝန်းလုံး လှည်းနေ၊ လှေအောင်း၊ မြင်းဇောင်းမကျန် အပြည့်အဝပေးနိုင်သော အစိုးရကောင်း တိုင်းပြည်ခေါင်းဆောင်ကောင်းကို မျှော်မှန်းတမ်းတလျက် ပြည်ထောင်စုသူ ပြည်ထောင်စုသားတိုင်းအား အကူအညီ တောင်းရခြင်း ဖြစ်ပါသတည်း။

**ဦးဇန်ထာရှင်**
**ကချင်ပြည်နယ် ဝန်ကြီးဟောင်း**

---

၁။ ထိုစဉ်က ဦးနုသည် ပါလီမန်တွင် အတိုက်အခံအင်အားစုထက် မဲ ရှစ်မဲ အသာဖြင့်သာ အစိုးရဖွဲ့စည်းထားရသော အချိန်ဖြစ်သည်။

၂။ ထိုစဉ်က ကချင်ပြည်နယ်တွင် လူမျိုးစုနှင့် ပြည်သူ့လွှတ်တော်အမတ် စုစုပေါင်း ၁၇ ဦးကသာ အာဏာလက်ရှိ ဦးနုအစိုးရကို ထောက်ခံပြီး ၁၀ ဦးမှာ အတိုက်အခံဖြစ်နေသော ကာလဖြစ်သည်။

## ၃ ・ ၁ ကချင်လူမျိုးများ၏ နိုင်ငံရေးသမိုင်းနောက်ခံ

### ရှေးခေတ်က မြန်မာမင်းများနှင့် ကချင်လူမျိုးများဆက်ဆံပုံ

မြန်မာအစ တကောင်းက ဆိုသည့်စကားအရ တကောင်းခေတ် ပုဂံခေတ်ကစ၍ နောက်ဆုံး ရွှေဘိုမင်းဆက်အဆုံး မင်းတုန်းနှင့် သီပေါမင်းများအထိ မင်းအဆက်ဆက် အုပ်စိုးလာခဲ့သော မြန်မာဘုရင်များ လက်ထက်တွင် ကချင်လူမျိုးများသည် မြန်မာဘုရင်များ၏ လက်အောက်သြဇာခံများ မဟုတ်ခဲ့ကြပါ။ ကချင်ဒူဝါ အများအပြားသည် မြန်မာဘုရင်များနှင့် မဟာမိတ်အနေနှင့်သာ ဆက်ဆံခဲ့ကြသည်။ စစ်ရေးစစ်ရာ၌ မဟာမိတ်အနေနှင့်သာ ထိရောက်စွာ ကူညီခဲ့သည်။ တန်ခိုးကြီးသော မြန်မာဘုရင်အချို့၏ အုပ်ချုပ်မှုအာဏာသည် ဧရာဝတီမြစ်ကြောင်း ခရီးဖြင့် အထက်သို့ ဗန်းမော် ကောင်းတုံအထိ၊ ကုန်းလမ်းခရီးဖြင့် မိုးညှင်း၊ မိုးကောင်းအထိသာ ပျံ့နှံ့ခဲ့သည်။ မြို့စားများအနေနှင့် မိုးညှင်းမြို့စား၊ မိုးကောင်းမြို့စားများလည်း ရှမ်းဗမာများသာ ဖြစ်ခဲ့သည်။ ထို မြို့စားများအပေါ်၌ပင်လျှင် မြန်မာဘုရင်မင်းဆက်များတွင် မင်းပြောင်းမင်းလွှဲ ကြုံ၍ တန်ခိုးမှေးမှိန်သော ဘုရင်များလက်ထက်၌ သြဇာမညောင်းခဲ့ပေ။

ကချင်လူမျိုးများသည် မည်သည့် မြန်မာဘုရင်၏ လက်အောက်သြဇာခံ မဟုတ်ခဲ့သော်လည်း အရေးကြီးသောစစ်ပွဲများ၌ မဟာမိတ်အနေနှင့် မြန်မာဘုရင်များနှင့် လက်တွဲ၍ တိုင်းပြည်၏ ရန်သူကို ထိရောက်စွာ ကာကွယ်တိုက်ခိုက်ခဲ့သည်။

သက်သေအထောက်အထား တခုပြရသော် မြန်မာအာသံစစ်ပွဲ အင်္ဂလိပ် မြန်မာ ပထမစစ်ပွဲများ၌ စစ်သူကြီးမဟာဗန္ဓုလနှင့်အတူ ထိပ်ဆုံးမှနေ ချီတက်တိုက်ခိုက်ခဲ့သော ဟူးကောင်းနယ် ကချင်ဒူဝါတစ်ဦးဖြစ်သည့် ဒိုင်ဖာဒူဝါနှင့် ကချင်စစ်သည်တော် အမြောက်အမြား ပါဝင်ခဲ့ခြင်းမှာ အထင်အရှားဖြစ်သည်။ ဒိုင်ဖာဒူဝါသည် သီဟာသူရဘွဲ့မှ စ၍ လက်ျာ ကျော်ထင်ဘွဲ့များအထိ ရရှိခဲ့သည်။ ၎င်း ဘွဲ့တံဆိပ်တော်များနှင့် စစ်သုံးဓားများသည်ယခု တိုင် ဒိုင်ဖာဒူဝါ၏ မြေးမြစ်များလက်ထက်တွင် ကျန်ရစ်ခဲ့သည်။ ဒိုင်ဖာဒူဝါ မျိုးရိုးစဉ်ဆက်၌ ကျန်ရစ်ခဲ့သော ရာဇဝင်စကားအရဆိုလျှင် အင်္ဂလိပ်နယ်ချဲ့စစ်သားများ သည် မြန်မာပြည် မြစ်ဝကျွန်းပေါ်ဒေသသို့ ရောက်နေသဖြင့် ၎င်းတို့အား ခုခံတိုက်ခိုက်ရန်အတွက် မင်းကြီး မဟာဗန္ဓုလသည် အာသံပြည်ဘက်မှ စစ်ကြောင်းလှည့်၍ မြစ်ဝကျွန်းပေါ် ဒေသအထိစစ်ချီရာတွင် အာသံပြည်စစ်ကြောင်း၌ ကွပ်ကဲတိုက်ခိုက်ရန် ဒိုင်ဖာဒူဝါကို ဗိုလ်မှူးကြီးအဖြစ်နှင့် အာဏာကုန် လွှဲအပ်ထားခဲ့သည်ဆို၏။ ဒိုင်ဖာဒူဝါကွပ်ကဲ တိုက်ခိုက်နေသော စစ်ကြောင်း၌ အင်္ဂလိပ်တို့သည် အကျအဆုံးများစွာနှင့် ရှေ့သို့မတိုးနိုင်ဘဲ ရှိသောဟူ၏။ ဤကား မြန်မာရှင်ဘုရင်များနှင့် ကချင်လူမျိုးများဆက်ဆံခဲ့ရပုံ အကျဉ်းချုပ်မျှသာဖြစ်၏။

## နယ်ချဲ့အင်္ဂလိပ်ခေတ်နှင့် ကချင်လူမျိုးများ

နယ်ချဲ့အင်္ဂလိပ်တို့သည် အထက်ဗမာပြည်ကို သိမ်းပိုက်၍ မြစ်ဖျားဒေသသို့ ချီတက်ကြရာ၌ ကချင်များနေထိုင်ရာဒေသသို့ ရောက်သည်နှင့် ကချင်ဒူဝါများ ဦးစီးသော မျိုးချစ်ကချင်အမျိုးသား အများအပြားသည် အင်္ဂလိပ်တပ်ကို စတင် တိုက်ခိုက်တော့သည်။ ဧရာဝတီမြစ်ကြောင်းဖြင့် ချီတက်လာသော အင်္ဂလိပ်တပ်များကို ထိုမြစ်ကြောင်းတလျှောက် တွင်နေထိုင်ကြသော ကချင်ဒူဝါများသည်လည်းကောင်း၊ တောင်ပေါ်တလျှောက်ရှိ ကချင် ဒူဝါများသည်လည်းကောင်း၊ ရှမ်းပြည်နယ် သိန္နီဘက်ဝင်လာသော အင်္ဂလိပ်တပ်များကို ဆက်၍ဆက်၍ တိုက်ခိုက်ခဲ့ကြ၏။ ၁၉၂၇ ခုနှစ်တွင် မြောက်ပိုင်းတြိဂံနယ်ကို အင်္ဂလိပ် များ တိုက်ခိုက်သိမ်းယူသော အင်္ဂလိပ်နှင့် ကချင်တို့၏စစ်ပွဲသည် နောက်ဆုံးစစ်ပွဲ ဖြစ်သည်။

၎င်းစစ်ပွဲအထိ အင်္ဂလိပ်နှင့် ကချင်များသည် စစ်ပွဲပေါင်းမည်မျှ တိုက်ခိုက်ခဲ့၍ နှစ်ဖက်စလုံးမှ လူပေါင်းမည်မျှ ကျဆုံးခဲ့ရသည်ကို စုဆောင်းရေးသားမည်ဆိုလျှင် စာအုပ်ကြီး တအုပ်ပင် ဖြစ်နိုင်ပေသည်။ လက်နက်အင်အားမမျှ၍လည်းကောင်း၊ အသေအချာ လေ့ ကျင့်ထားခြင်းမရှိ၍လည်းကောင်း အင်္ဂလိပ်နှင့် ကချင်စစ်ပွဲများတွင် နောက်ဆုံး၌ အင်္ဂလိပ် တပ်သားများကသာ အနိုင်ရရှိခဲ့ကြသည်။

သို့သော် လူဦးရေအားဖြင့် အလွန်နည်းပါး၍ ကမ္ဘာတွင် တိမ်မြုပ်နေသော လူမျိုး တစ်မျိုးက နေမဝင်အင်ပါယာကို တည်ထောင်၍ တချိန်က ကမ္ဘာတလွှားတွင် နိုင်ငံပေါင်း အမြောက်အမြားကို သိမ်းပိုက်အောင်မြင်ပြီး စစ်သရဖူဆောင်းကာ မော်ကြွားနိုင်ခဲ့သော အင်္ဂလိပ်လူမျိုး၏ တပ်မတော်ကြီးအား နှစ်ပေါင်း ၃၀ ကျော်မျှ ဟန့်တားနိုင်ခဲ့ခြင်းသည် ကချင်လူမျိုးများအဖို့ အထူးပင် ဂုဏ်ယူလောက်သော အချက်ကြီးတရပ် ဖြစ်တော့သည်။

ဤကား အင်္ဂလိပ်နယ်ချဲ့ခေတ်တွင် အင်္ဂလိပ်နယ်ချဲ့အား ဇွဲကောင်းကောင်းနှင့် တိုက်ခိုက်ခဲ့သော ကချင်လူမျိုးများ၏ တိုင်းချစ်ပြည်ချစ်စိတ်ဓါတ် အကျဉ်းမျှသာ ဖော်ပြခြင်း ဖြစ်၏။

## ဖက်ဆစ်ဂျပန်ခေတ်

ခြေလျင်တပ်ဖြင့် တိုက်ခိုက်ရာတွင် ကမ္ဘာတွင် အကောင်းဆုံးဟု နိုင်ငံတကာက ချီးကျူးခြင်းခံခဲ့ရသော အင်္ဂလိပ်တပ်တို့သည် သဲသောင်ပြင်တွင် အပြေးလေ့ကျင့်ထားသော မြင်းကို အခြားမြေပြင်၌ လေ့ကျင့်ခဲ့ရသောမြင်းများက အရှုံးပေးရသကဲ့သို့ ၁၉၄၁ ခုနှစ်တွင် ဖက်ဆစ်ဂျပန်တပ်များနှင့် တွေ့သောအခါ မရှုမလှရှုံးနိမ့်၍ လေးငါးလအတွင်း မြန်မာပြည်ကို လက်လွှတ် ပြေးရတော့သည်။ ထိုကဲ့သို့ အင်္ဂလိပ်တပ်များအား မြန်မာပြည်မှ မောင်းထုတ်နိုင်ခဲ့၍ ကမ္ဘာကမျက်လုံး မျက်ဆံပြူးပြီး ကြည့်နေရသော ဂျပန်နိပ္ပွန်တပ်မဟာတို့အား ကချင်ပြည်နယ်အတွင်းသို့ ရောက်သည့်အခါ စစ်မာန်စွယ်ကို ချိုးနှိမ်ချေမှုန်း နိုင်သူများသည် ကချင်ပြောက်ကျားတပ်များပင် ဖြစ်ခဲ့သည်။ ကချင်ပြည်နယ်တွင် နှစ်နှစ်ကျော်မျှ အုပ်ချုပ်ခဲ့ရသော ဂျပန်စစ်တပ်များသည် မိမိတို့အား ရပ်တည်ရာမရအောင် စစ်ပွဲတိုင်း၌ အောင်မြင်စွာ ချေမှုန်းနိုင်ခဲ့သော ကချင်ပြောက်ကျားတပ်များအား ရန်တုံ့ပြန်ရန် မည်သို့မျှ မတတ်နိုင်ခဲ့ ကြပါ။ နောက်ဆုံး၌ မဟာမိတ်တပ် ဗမာပြည် တော်လှန်ရေးတပ်နှင့် ကချင်ပြောက်ကြားတပ်များ၏ ဒဏ်ကိုမခံနိုင်ဘဲ ဆုတ်ခွာထွက်ပြေးရသော ဂျပန်တပ်များသည် ကချင်ဆိုလျှင် မည်မျှပင်ကြောက်ခဲ့ကြသနည်းဟူမူ အသံထွက်ဆင်တူယိုးမှားဖြစ်သော ခါချဉ်ကောင်ကိုပင် ကြောက်ရသည်အထိ ဖြစ်သွားသောဟူ၏။

ရှမ်းပြည်နယ်မှ ဖြတ်သန်း၍ ယိုးဒယားပြည်သို့ ထွက်ပြေးသွားသော ဂျပန်တပ်များသည် ရွာရောက်တိုင်း "ခါချဉ်မရှိဘူးလား၊ ခါချဉ်နော် အားကြီးမကောင်းဘူး၊ ခါချဉ်ဘုံးဘုံးလုပ်တယ်နော်၊ နိပ္ပွန်မာစတာ အများကြီးသေပြီ" ဆို၍ အရေးတကြီးမေးမြန်းလေ့ ရှိ၏။ တချို့က ကချင်ကိုပြောမှန်းမသိ၍ ဂျပန်စစ်သားက "ခါချဉ်မရှိဘူးလား" ဟုမေးလျှင် "ရှိတယ်ဟိုမှာ" ဆိုပြီး သစ်ပင်ပေါ်က ခါချဉ်အုံကို ပြလိုက်ကြ၏။

ထိုအခါ ဂျပန်စစ်သားများက သစ်ပင်ပေါ်သို့ သေနတ်ဖြင့် ပစ်ခတ်ရန် ကြံသူကကြံ ထွက်ပြေးရန် လုပ်သူကလုပ်သည်ဟုပင် ပြောနေကြ၏။

နှစ်နှစ်သော အချိန်အတွင်း ဂျပန်စစ်တပ်များသည် မြစ်ကြီးနားမြို့နှင့် ဗန်းမော်မြို့များတွင် တပ်များအခိုင်အမာချသည်မှအပ ကချင်တောင်ပေါ်သို့ မတက်ရဲကြပေ။ တခါတရံ တက်ပြန်လျှင်လည်း တပ်သားအများ ပျောက်၍သာ ပြန်လေ့ရှိကြသည်။

ဤကား ဖက်ဆစ်ဂျပန်ခေတ်တွင် ကချင်များ အနေနှင့် ဖက်ဆစ်အား တော်လှန်တိုက်ခိုက်ခြင်းကို အကျဉ်းမျှ ဖော်ပြခြင်း ဖြစ်သည်။

# လွတ်လပ်သောခေတ်၌သောင်းကျန်းသူများကို တိုက်ခိုက်ရာတွင် ကချင်အမျိုးသားများ ကြိုးပမ်းခဲ့ပုံ

လွတ်လပ်ရေးရရှိပြီး တနှစ်လောက်အချိန် ၁၉၄၉ ခုနှစ်ကစ၍ ပြည်ထောင်စု မြန်မာနိုင်ငံတွင် အစိုးရအားလက်နက်စွဲကိုင်၍ ပုန်ကန်မှုများသည် တခုပြီးတခု မမျှော်လင့်ဘဲ ပေါ်ပေါက်လာခဲ့သည်။ ကွန်မြူနစ်အလံနီ၊ ကွန်မြူနစ်အလံဖြူ၊ ကေအင်ဒီအို၊ အမ်အန်ဒီအို၊ မူဂျာဟစ် စသည်ဖြင့် သောင်းကျန်းပုန်ကန်သူအဖွဲ့များ များလွန်း၍ နောက်ဆုံး **ရောင်စုံသူပုန်များ**[၃] ဟု နာမဝိသေသ ပေးရသည်အထိဖြစ်သည်။ ထိုအချိန်တွင် ပြည်ထောင်စုကြီး၏ ကံကြမ္မာသည် နံနက်စောစော ပိန်းရွက်ပေါ်တွင် တည်ရှိနေသော နှင်းပေါက် ပမာလည်းကောင်း သဲကန္တာရ၌ အထီးတည်းပေါက်၍ ပြင်းထန်သော လေမုန်တိုင်း ဒဏ်ကို ခံနေရသော သစ်ပင်ငယ်ပမာလည်းကောင်း ကျလုကျလု လဲလုလဲလုနှင့် တထိတ်ထိတ် ဖြစ်ခဲ့ရသည်။ အစိုးရက ကောင်းမွန်စွာ အုပ်ချုပ်နိုင်သော နေရာဟူ၍ကား ရန်ကုန်မြို့ လောက်သာ ကျန်ရှိတော့သဖြင့် ရန်ကုန်အစိုးရ ဟူ၍ပင်သမုတ်ခြင်းကို ခံခဲ့ရသည်။

ဤကဲ့သို့ အကျပ်အတည်း တွေ့နေရသည့် အချိန်တွင်အကြံကုန် ဂဠုန်ဆားချက်

၃။ **၁၉၄၈–၅၀ ခုနှစ်များအတွင်း လက်နက်ကိုင် သောင်းကျန်းသူများ၏ အင်အား**

| အဖွဲ့ | ၁၉၄၈ (မတ်)– | ၁၉၄၉ | ၁၉၄၉–၁၉၅၀ (ဩဂုတ်) |
|---|---|---|---|
| ကွန်မြူနစ် (အလံဖြူ) | ၃၀၀၀ | ၅၀၀၀ | ၁၀၀၀၀ |
| တောခိုတပ် | – | ၃၀၀၀ | ၅၀၀၀ |
| ရဲဘော်ဖြူ | – | ၅၀၀၀ | ၁၅၀၀၀ |
| ကွန်မြူနစ် (အလံနီ) | ၁၀၀၀ | ၁၀၀၀ | ၁၅၀၀ |
| ကေအင်ဒီအို (ကရင်) | – | – | ၁၀၀၀၀ |
| မူဂျာဟစ် | – | ၁၀၀၀ | ၁၅၀၀ |
| အမ်အင်ဒီအို (မွန်) | – | – | ၁၅၀၀ |
| ပအို့ဝ် | – | – | ၁၀၀၀ |
| စုစုပေါင်း | ၄၀၀၀ | ၁၅၀၀၀ | ၄၅၅၀၀ |

ဆိုသလို ကချင်ပြည်နယ်ဝန်ကြီး **ဆမားဒူဝါဆင်ဝါးနောင်**[၄]အား ကာကွယ်ရေးဝန်ကြီးဌာနကို ကိုင်စေလျက် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ မေမြို့များတွင် တပ်စွဲထားသော ကချင်စစ်တပ်များကို လေယာဉ်ပျံဖြင့် အခေါက်ခေါက် အခါခါသယ်ယူလာ၍ မြို့တော်ရန်ကုန်ကို ထိန်းသိမ်း စေခဲ့ရသည်သာမက၊ လေးဘက်လေးတန် စစ်မျက်နှာဖွင့်၍လည်း သောင်းကျန်းသူများကို တိုက်စေခဲ့ရပြန်သည်။ သို့ဖြင့် အစိုးရအာဏာနှင့် အုပ်ချုပ်ရေးသည် တဖြည်းဖြည်း ကျယ်ပြန့်၍လာခဲ့သည်။ ပြည်ထောင်စုတပ်မတော်တွင် ကချင်စစ်ဗိုလ်၊ ကချင်ရဲဘော်အမြောက်အမြားသည် ကျန်တိုင်းရင်းသား ညီအစ်ကို စစ်သည်တော် များနှင့်အတူလက်တွဲ ပါဝင်၍ သောင်းကျန်းမှုကိုနှိမ်နင်းခဲ့သဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံ၏ လွတ်လပ်ရေးသည် ဆုံးရှုံးခြင်းသို့မရောက် တည်တံ့ခိုင်မြဲတော့သည်။ ပြည်ထောင်စုကြီးအတွက် သစ္စာရှိရှိနှင့် တိုက်ခိုက်ခဲ့ကြသော တပ်မတော်ထဲတွင် ပြည်နယ်များမှဆိုလျှင် ကချင်တပ်၊ ချင်းတပ်၊ ကယားတပ်၊ ဂေါ်ရခါးတပ်များသည် အထင်ရှားဆုံးဖြစ်ခဲ့သည်။ ထိုအချက်ကို မည်သူမျှ မငြင်းနိုင်ပေ။ စက္ကူဖြူပေါ်တွင် မင်အနက်ဖြင့်ရေးထင်ထားသော ရာဇဝင်မှတ်တမ်းများ

---

၄။ **ဆမားဒူဝါဆင်ဝါးနောင်။**

ကချင်အမျိုးသား နိုင်ငံရေးခေါင်းဆောင်တဦး ဖြစ်သည်။ ၁၉၁၄ ခု ဖေဖော်ဝါရီလ ၁၂ ရက်နေ့ မြစ်ကြီးနားခရိုင် ဆမားရွာတွင် အဖ ကချင်ဒူဝါကြီး ဂွမ်ဆိုင်းလီနှင့် အမိ ဒူဂျန်မိကော်ထူးတို့မှ ဖွားမြင်သည်။

ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ၁၉၂၉ ခုနှစ် ဖေဖော်ဝါရီလတွင် ဆမားတောင်တန်းဒူဝါအဖြစ် ခန့်အပ်ထားခြင်း ခံရသည်။ သို့သော် ဗြိတိသျှအစိုးရ ဆန့်ကျင်ရေး ဆောင်ရွက်မှုများကြောင့် ၁၉၃၅ ခုနှစ်တွင် ထိုရာထူးမှ စွန့်လွှတ်ခဲ့သည်။ မြန်မာ၊ ရှမ်းနှင့် ကချင်တိုင်းရင်းသား ခေါင်းဆောင်များ ပါဝင်သည့် ပြည်သူ့စီးပွားရေးနှင့် ယဉ်ကျေးမှု တိုးတက်ဖွံ့ဖြိုးရေးအဖွဲ့ (ပယကဖ) ကိုဖွဲ့စည်းခဲ့သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးတိုက်ပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဖဆပလ အဖွဲ့သို့ ဝင်ရောက်ခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် နယ်ခြားဒေသ စုံစမ်းရေး ကော်မရှင်အဖွဲ့ဝင် အဖြစ် ဘုရင်ခံက ခန့်အပ်သည်။ ၁၉၄၇ ခု တိုင်းပြည်ပြုလွှတ်တော်သို့ အမတ်အဖြစ် အရွေးခံရပြီး အခြေခံဥပဒေရေးဆွဲရေး ကော်မတီနှင့် ပဲ့ကိုင်ကော်မတီဝင်ဖြစ်သည်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက် ကချင်ပြည်နယ်ဥက္ကဋ္ဌနှင့် ကချင်ပြည်နယ်ဝန်ကြီးအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည်။ ထို့နောက် ပြည်ထဲရေးနှင့် ကာကွယ်ရေးဝန်ကြီးအဖြစ် အချိန်အခိုက်အတန့်မျှ ယာယီတာဝန်ယူ ဆောင်ရွက်ခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် ပြည်သူ့လွှတ်တော်သို့ ပြန်လည်အရွေးခံရသည်။ ၁၉၅၃ ခုဇူလိုင်လ ၂၈ ရက်နေ့တွင် ကချင်ပြည်နယ်ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ခဲ့သည်။ ၁၉၅၆ ခုနှစ် ရွေးကောက်ပွဲတွင် မြစ်ကြီးနားအနောက် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် အမတ်အဖြစ် အရွေးခံရသည်။ ၁၉၅၅ ခု မေလ ၂ ရက်နေ့မှ ၁၉၅၈ ခု အောက်တိုဘာလ ၂၈ ရက်နေ့အထိ ဦးနုအစိုးရ အဖွဲ့တွင် တိုင်းရင်းသားသွေးစည်းညီညွတ်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။

Who's Who in Burma 1961.

ပျောက်ပျက်သွားစေကာမူ ဘုရားတရားနှင့် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များအား ရှိသေလေးစားသော ပြည်ထောင်စုသားများ၏ စိတ်နှလုံးတွင် မပျောက်နိုင်ပေ။ သစ္စာရှိသော ကချင်၊ ချင်း၊ ကယား၊ ဂေါ်ရခါးရဲဘော်များ၏ အသွေးသည် ပြည်ထောင်စု၏ နေရာ အနှံ့အပြားတွင် သွန်ခဲ့၍ အသားသည် နေရာ အနှံ့အပြားတွင် မြှုပ်ခဲ့သည်။ အသက်ရှင်နေစဉ်ကသစ္စာရှိသော သူများသည် သေရွာမှ နေ၍လည်း သစ္စာရှိကြမည်မှာ ယုံမှားစရာမရှိပေ။

လူနည်းစု ကချင်လူမျိုး ပြည်ထောင်စုသားများ အနေနှင့် ကိုယ့်ရည်သွေး၍ပြောရမည့်အစား နိုင်ငံတော်၏ အထွဋ်အထိပ်ဖြစ်သူ ဝန်ကြီးချုပ်၏ တိုင်းပြည်လူထုသို့ မိန့်ကြားခဲ့သောစကားများကို သက်သေထူပြရသော် ပိုမို၍သင့်လျော်ပေမည်။ ၁၉၄၉ ခုနှစ်မှ ၁၉၅၃ ခုနှစ်အထိ ဝန်ကြီးချုပ်၏ ပြည်ထောင်စုနေ့မိန့်ခွန်းများ၊ အာဇာနည်နေ့ မိန့်ခွန်းများတွင် ပြန်ကြည့်သော် အောက်ပါအတိုင်း ပါမည်ဖြစ်သည်။ "ပြည်ထောင်စုကြီးချောက်ထဲကျဖို့ လက်နှစ်လုံးလောက်လိုတဲ့အခါမှာ ပြည်နယ်များက သစ္စာရှိရှိ၊ သတ္တိရှိရှိနှင့် တောင့်ခံထားလို့ လွတ်မြောက်လာခဲ့ရတယ်" စသည်ဖြင့်ပါရှိလျက် ကချင်ပြည်နယ်သို့လာသည့်အခါ မိန့်ကြားသော မိန့်ခွန်းများနှင့် နိုင်ငံတော်သမ္မတနှင့် ဝန်ကြီး ချုပ်တို့က ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်များသို့ ပေးပို့သော သဝဏ်လွှာများတွင် "အထူးသဖြင့် ပြည်ထောင်စု တပ်မတော်ထဲမှာ ပါဝင်နေတဲ့ ကချင်ရဲဘော်များဟာ ပြည်ထောင်စုကြီးအား ကယ်တင်ခဲ့သူများအဖြစ် ပြည်ထောင်စုလူထုကြီးကိုယ်စား ကျေးဇူးတင်ပါတယ်" စသည်ဖြင့် ရေးသား ပေးပို့ခဲ့သည်။ ဤစကားတို့သည် မှန်ကန်သောစကားများဖြစ်သည်။

ဤသည်ကား ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် ထားရှိသော ကချင်လူမျိုးများ၏ ကတိသစ္စာအရင်းခံ အမြွက်မျှသာဖြစ်သည်။

## လွတ်လပ်ရေးတွင် ကချင်လူမျိုးများ ပါဝင်လာရခြင်း

ကချင်လူမျိုးများသည် ခေတ်အဆက်ဆက်၌ မည်သည့်လူမျိုးများ၏ အုပ်စိုးမှုကိုမျှ မခံခဲ့ရသော၊ တဦးနှင့်တဦး၏ ချုပ်ချယ်မှုကင်းလွတ်သော ဒီမိုကရေစီတွင် အခြေခံထား၍ လွတ်လပ်စွာနေခဲ့ရသော လူမျိုးတမျိုးဖြစ်သည်။ တနည်းဆိုသော် ဒီမိုကရေစီနယ်ကလေး အမြောက်အမြား စုပေါင်းထားသောဒေသဖြစ်ခဲ့သည်။ ထို့ကဲ့သို့ လွတ်လွတ်လပ်လပ် နေခဲ့သော လူမျိုးတမျိုးသည် လက်နက်အင်အားမမျှမှုကြောင့် အင်္ဂလိပ်များ၏ လက်အောက်သို့ ရောက်သွားခဲ့ရာ အဘယ်မှာလျှင် နှစ်ခြိုက်ပျော်ပိုက်နိုင်အံ့နည်း။ အမြဲလွတ်လပ် လိုကြ၏။ လွတ်လပ်ရေးရရန်အတွက် အမြဲနည်းလမ်းရှာကြမည် ဖြစ်သည်။ အင်္ဂလိပ်

လူမျိုးများသည် အုပ်ချုပ်ရေးကို နိုင်နိုင်နင်းနင်း အုပ်ချုပ်နိုင်ကြ၍ နည်းပရိယာယ်တွင် သူမတူအောင် ကြွယ်ဝသောလူမျိုးများဖြစ်သည်။ အချော့အမြှူ၌ အလွန်စွမ်းသော လူမျိုးများဖြစ်ကြသည်။ မည်မျှ ပရိယာယ်ကောင်း၍ မည်မျှ ချော့မြှူကြစေကာမူ ကချင်လူမျိုးများသည် အထက်ကဖော်ပြသည့်အတိုင်း မတတ်သာ၍သာခံနေရသောအချိန်၌ ခံခဲ့ရသော်လည်း လွတ်လပ်ရေးရဖို့ ချက်ကောင်းပေါ်လာသောအခါ တညီတညွတ်တည်း လွတ်လပ်ရေးကို အရယူရန် ဆုံးဖြတ်လာခဲ့သည်။

**ပင်လုံပထမညီလာခံ** [၅]၊ **ပင်လုံဒုတိယညီလာခံ**နှင့် [၆] **ပင်လုံစာချုပ်**၊ [၇] **မေမြို့ စုံစမ်းရေးကော်မရှင်** [၈] တွင် အစစ်ခံချက်များသည် မကွယ်ပျောက်နိုင်သော သက်သေများဖြစ်သည်။

---

၅။ ပင်လုံပထမညီလာခံ။ ။ ၁၉၄၆ ခု နှစ်ဦးပိုင်းတွင် ရှမ်းပြည်ပင်လုံမြို့၌ ပထမအကြိမ် စည်းဝေးသော စော်ဘွားများညီလာခံဖြစ်သည်။ ထိုညီလာခံသို့ မြန်မာပြည်မှ ကိုယ်စားလှယ်များအဖြစ် သခင်နု၊ ဦးဘဂျမ်းနှင့် မန်းဘခိုင်တို့ တက်ရောက်ခဲ့သည်။ ထိုညီလာခံ၌ မြန်မာခေါင်းဆောင်များက ဗြိတိသျှနယ်ချဲ့တို့၏ ဝါဒဖြန့်မှုကြောင့် တွေဝေနားယောင်နေသော ရှမ်းအမျိုးသားများကို ညီညွတ်ရေးအတွက် ဆွဲဆောင်ခဲ့ကြသည်။
(မြန်မာ့စွယ်စုံကျမ်း တွဲ ၆၊ စာ ၄၄၄–၄၄၈)

၆။ ပင်လုံဒုတိယညီလာခံ။ ။ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့ လန်ဒန်တွင် လက်မှတ်ရေးထိုးခဲ့သော အောင်ဆန်းအက်တလီစာချုပ်တွင် နယ်ခြားဒေသများနှင့် မြန်မာပြည်မတို့ ပေါင်းစည်းဆက်ဆံရေးအတွက် နယ်ခြားရှိ လူများ၏ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များကို မေးမြန်းရမည် စသဖြင့် ပါရှိလေသည်။ ထို့ကြောင့် ၁၉၄၇ ခုဖေဖော်ဝါရီလ ၆ ရက်နေ့မှ စတင်ပြီး ပင်လုံ၌ ဒုတိယအကြိမ် ညီလာခံကိုကျင်းပသည်။ ထိုညီလာခံသို့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၊ မြေပြန့်ဒေသမှ ခေါင်းဆောင်များ၊ ရှမ်း၊ ကချင်နှင့် ချင်းအမျိုးသားခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ ဗြိတိသျှအစိုးရက အကဲခတ်ရန် စေလွှတ်သော ဒိုမီနီယန်အတွင်းဝန်ကလေး ဗော့တွမ်မလေ အမှူးရှိသော ဗြိတိသျှအရာရှိကြီးများ၊ အမေရိကန်ကောင်စစ်ဝန်နှင့် စစ်ဘက်ဆိုင်ရာအရာရှိများ တက်ရောက်ကြသည်။

ထိုညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေးရရှိရန်အတွက် တိုင်းရင်းသားလူမျိုးများအားလုံး စည်းလုံးညီညွတ်စွာ တိုက်ပွဲဝင်သွားကြရန် တောင်တန်းဒေသ ကိုယ်စားလှယ်များနှင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့သည်။
(မြန်မာ့စွယ်စုံကျမ်း– တွဲ ၁၅၊ စာ ၂၈၅–၂၈၉ နှင့် တွဲ ၆၊ စာ ၄၄၄– ၄၄၈)

၇။ ပင်လုံစာချုပ်။ ။ ၁၉၄၇ ခု ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တောင်တန်းကိုယ်စားလှယ် ၂၁ ဦးတို့သည် တိုင်းရင်းသားညီညွတ်ရေး အဆောက်အအုံကို တည်ဆောက်မည့် ပင်လုံစာချုပ်ကြီးကို တညီတညွတ်တည်း လက်မှတ်ရေးထိုးခဲ့သည်။
(မြန်မာ့စွယ်စုံကျမ်း– တွဲ ၆၊ စာ ၄၄၄–၄၄၈)

မြန်မာပြည်မတွင် အဖွဲ့အစည်းများ၊ နိုင်ငံရေးခေါင်းဆောင်များ၊ အင်္ဂလိပ်လက်ထက် ဂျပန်လက်ထက်၌ အပြောက်အပြားပေါ်ပေါက် ခဲ့ဖူးသော်လည်း လူနည်းစုများ တောင်တန်းသားများအကြောင်းကို စိတ်ဝင်စားသူ မရှိသလောက်ရှားခဲ့ရာမှ ဖက်ဆစ်ဂျပန်အား တော်လှန်ရန် ဖွဲ့စည်းလိုက်သော ဖဆပလ အဖွဲ့ကြီးသည် လူနည်းစုများ တောင်တန်းသားများကိုပါ လိုက်လံစုရုံး၍ ညီညွတ်မှုကို ရယူခဲ့၏။

ဖဆပလအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းသည် ချင်း၊ ကချင်၊ ကယား၊ ကရင်၊ ရှမ်း စသော တောင်တန်းသားများထံသွား၍ သွေးစည်းမှုကို ရယူခဲ့၏။ ဗိုလ်ချုပ်အောင်ဆန်းသည် ထက်မြက်သော ဉာဏ်ပညာရှင်တဦး ဖြစ်သည်နှင့်အညီ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးသည် ပြည်ထောင်စုမြန်မာနိုင်ငံအတွက် အရေးကြီးဆုံးဟုမြင်သဖြင့် မရမကကြိုးပမ်းဆောင်ရွက်၍ တည်ဆောက်ခဲ့၏။ ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၆ ခုနှစ် နိုဝင်ဘာလတွင် မြစ်ကြီးနားသို့လာ၍ ကချင်လူကြီးများနှင့်အတူ ကချင်လူထုနှင့်တွေ့ပြီးလျှင် ကချင်လူထု၏ ညီညွတ်မှုကို အရယူခဲ့၏။ သူ၏ အောင်မြင်မှုတွင် လက်နက်ကြီးများကား ဤသို့ဖြစ်၏။

၁။ ညီအစ်ကို ကချင်လူမျိုးအပေါင်းတို့။ ကျွန်တော်တို့သည် ညီအစ်ကိုတွေ ဖြစ်ကြသည်။ ရှေးမဆွက တိဘက်ပြည်၊ မွန်ဂိုလီးယားပြည်မှ ဆင်းသက်လာစဉ်အခါ တမိတဖမှ မွေးဖွားသော ညီအစ်ကိုများ ဖြစ်ကြပါသည်။ ခင်ဗျားတို့၏ ပုံပန်းသဏ္ဌာန်၊ ခင်ဗျားတို့၏ အသွေးအရောင်နှင့် ကျွန်တော်တို့၏ ပုံပန်းသဏ္ဌာန် အသွေးအရောင်တို့သည်လဲ ခွဲခြားလို့မရနိုင်အောင်တူလှတယ်။ ဗမာတယောက်

---

**၈။ မေမြို့စုံစမ်းရေးကော်မရှင်။** ။ အောင်ဆန်း–အက်တလီစာချုပ်အရ မြန်မာနိုင်ငံလွတ်လပ်ရေး ရသောအခါ မည်သည့်ပုံစံမျိုးဖြင့် နိုင်ငံကိုဖွဲ့စည်းရမည်ကို လေ့လာစုံစမ်းရန်အတွက် ဗြိတိသျှအစိုးရက တောင်တန်းသားများ စုံစမ်းရေးကော်မတီတရပ် ခန့်အပ်ခဲ့သည်။ ထိုကော်မတီတွင် ဒုတိယဗိုလ်မှူးကြီး D.R Rees Wiliams က ဥက္ကဋ္ဌနှင့် Mr. W. B . J. Ledwidge က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။ တောင်တန်းသားများ စုံစမ်းရေးကော်မတီ (ရီးစ်ကော်မတီ Rees Committee ဟု လည်း အတိုကောက်ခေါ်သည်။) မြန်မာနိုင်ငံတောင်တန်းသား တိုင်းရင်းသားလူမျိုးများ၏ သဘောထားကို လက်တွေ့ကွင်းဆင်းလေ့လာ စုံစမ်းပြီးနောက် အနာဂတ်မြန်မာနိုင်ငံကို တိုင်းရင်းသားတောင်တန်းများနှင့် မြေပြန့်ဒေသသားများ အတူတူ ပူးပေါင်းပါဝင်သော ပြည်ထောင်စု (Union) ပုံစံမျိုးဖြင့် ဖွဲ့စည်းသင့်ပါကြောင်းဖြင့် ၁၉၄၇ ခု ဧပြီလ ၄ ရက်နေ့တွင် ဗြိတိသျှအစိုးရသို့ အစီရင်ခံခဲ့လေသည်။

(ဉာဏ်ထက်။ ။ "မြန်မာ့အခြေခံဥပဒေများအကြောင်း သိကောင်းစရာ" လုပ်သားပြည်သူ့နေ့စဉ်သတင်း ၈၊ ၁၁၊ ၈၉)

သည် ကချင်ခေါင်းပေါင်း ပေါင်း၍ ကချင်လို၀တ်လိုက်သောအခါ ကချင် ဖြစ်သွားတယ်။ ကချင်တယောက်သည် ဗမာလို၀တ်၍ မောင့်ကြွက်သရေ ခေါင်းပေါင်းပေါင်းလိုက်သောအခါ ဗမာဖြစ်သွားတယ်။ ခွဲခြားလို့မရပါ။ ပြောဆိုနေသောဘာသာစကား ကွဲပြားခြားနားခြင်းရှိသည်မှာ တစုနှင့်တစုခွဲခွာပြီး နေထိုင်လာတာကြာတော့ နီးစပ်ရာနီးစပ်ရာလိုက်၍ ကွာခြားသွားခြင်းမျှသာဖြစ်သည်။ အရေးကြီးခါ သွေးနီးရာဆိုသလို ယနေ့လွတ်လပ်ရေးရဖို့ အလွန်အရေးကြီးသဖြင့် ကျွန်တော်တို့ ညီအစ်ကိုတစု စည်းရုံးဖို့အရေးကြီးလာပြီ ဖြစ်သည်။

၂။ ခင်ဗျားတို့ ကချင်များနှင့် ကျွန်တော်တို့ဗမာတွေကြားထဲမှာ နယ်ချဲ့အင်္ဂလိပ်က သွေးခွဲထားသော ဗမာမကောင်းဘူး၊ ဗမာနဲ့ပေါင်းရင် မင်းတို့လူနည်းစုတွေကို ဗမာက ဖိနှိပ်လိမ့်မယ်၊ ချုပ်ချယ်လိမ့်မယ်၊ ဗမာက အားကြီးညစ်ပတ်တယ်ဆိုတဲ့ ဟာတွေလဲခြေထိုးမှုများသာ ဖြစ်ပါတယ်။ ယုံစရာမရှိပါ။ တကယ်လို့ ကချင်တောင်တန်းမှာ တာ၀န်ကျရောက်တဲ့ ဗမာအရာရှိများ ကချင်လူမျိုးများအပေါ် စော်ကားမော်ကားလုပ်မှု၊ အနိုင်ကျင့်မှုများ ရှိရင်လဲ မေ့ပစ်ကြပါ။ ဒါတွေက ရှေးဟောင်းဗမာတွေ နယ်ချဲ့ရဲ့ကျေးကျွန်တွေသာဖြစ်ပါတယ်။ ယခု ဗမာဟာ ဗမာသစ် ၁၉၄၆ ခု ဗမာ ဖြစ်ပါပြီ။ ဒါကြောင့် ယုံကြည်စိတ်ချစွာ ပေါင်းကြရအောင်။ ခင်ဗျားတို့ လူနည်းစုတွေအနေနှင့် လူများစုတွေ ဗမာတွေက လူနည်းစုတွေ ကချင်တွေကို ဖိနှိပ်လိမ့်မယ်လို့ မယုံသင်္ကာစိတ် သံသယစိတ်ရှိကြတာကို ကင်းရှင်းသွားအောင် လူမျိုးကြီးက လူမျိုးငယ်ကို နိုင်စားလို့မရတဲ့ လူနည်းစုတွေရဲ့ အခွင့်အရေးများကို ဥပဒေလုပ်ပြီး ပါလီမန်မှာ ပြဋ္ဌာန်းထားပေးခဲ့မယ်။ ကျွန်တော် သေသွားသည့်တိုင်အောင် ဥပဒေက မသေနိုင်သဖြင့် ဘာမှကြောက်စရာ မရှိပါ။

၃။ ယခုလို လွတ်လပ်ရေးမရတဲ့အချိန်မှာ ခင်ဗျားတို့ တောင်တန်းသားတွေနှင့် ကျွန်တော်တို့ဟာ ပညာရေး၊ ကြီးပွားရေး၊ စီးပွားရေးမှာ အဆင့်အတန်းချင်း အင်မတန် ကွာလှပါတယ်။ လွတ်လပ်ရေးရလာလျှင် အခွင့်အရေးတန်းတူ၊ သာတူညီမျှ ကောင်းစားခွင့် ရမယ်။ ဗမာတကျပ်ရရင် ကချင်တကျပ်၊ ရှမ်း တကျပ်၊ ချင်း တကျပ် ရမယ်။ အခွင့် အရေးတန်းတူ ရဖို့ရန် လွတ်လပ်ရေးရဖို့ လိုပါတယ်။

၄။ ကချင်လူမျိုးများအနေနှင့် လွတ်လပ်ရေးရပြီး အင်္ဂလိပ်တွေပြန်သွားရင် အင်္ဂလိပ်တွေရဲ့ နေရာမှာ ဗမာများအစားထိုးပြီး ဗမာများက အုပ်စိုးသွားလိမ့်မယ်ဆိုတဲ့ သံသယစိတ် ရှိလိမ့်မယ်။ အဲဒီလိုမဖြစ်အောင် ဆောင်ရွက်ပေးမယ်။ ခင်ဗျားတို့ ကချင်လူထု စိတ်ကြိုက် ခင်ဗျားတို့လူမျိုးထဲက ရွေးချယ်ပြီး မိမိတို့လူမျိုးနှင့် မိမိတို့အုပ်ချုပ်ပြီး ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့် ရရှိမယ်။ ပြည်နယ်တွေ သတ်မှတ်

ပေးမယ်။ ဒါကြောင့် ခင်ဗျားတို့အနေနှင့် မယုံသင်္ကာမရှိကြပါနဲ့။ ယုံယုံကြည်ကြည်နဲ့ ကျွန်တော်တို့နဲ့ပေါင်းပြီး လွတ်လပ်ရေး ရယူရအောင်။

အထက်ပါဗိုလ်ချုပ်အောင်ဆန်း၏ စကားများသည် ကချင်လူထုကြီး၏ ဦးနှောက်ထဲ၊ စိတ်နှလုံးထဲ၊ သံမှိုနှက်သလိုဝင်ရောက်သွား၍ ဗိုလ်ချုပ်၏ အပြောအဆိုတို့သည် မေတ္တာစစ် မေတ္တာမှန်ဖြင့် ပြောနေခြင်းဖြစ်သဖြင့်၊ ကချင်လူထုကြီးသည် ဗိုလ်ချုပ်အပေါ် ယုံကြည်မှု အားထားမှုပြင်းပြလာသည်။ သူ့စကားကိုလက်ခံကာ ဗမာနှင့်ပူးပေါင်းပြီး လွတ်လပ်ရေး ပန်းတိုင်ကို အရယူရန်ရာခိုင်နှုန်း အပြည့်ဆုံးဖြတ်ပြီး ဗိုလ်ချုပ်အား ကတိပြုလိုက်ကြသည်။ ကချင်လူထုအနေနှင့် ဗိုလ်ချုပ်အပေါ်မှာ တကယ်အစ်ကိုကြီးနှင့် မခြားအားကိုးယုံကြည်လျက် လွတ်လပ်ရေးပန်းတိုင်သို့ ချီတက်ကြ၏။ ဗိုလ်ချုပ်အနေနှင့်လည်း ကချင်လူထုအပေါ်မှာ မည်မျှကျေနပ်သည်၊ မည်မျှယုံကြည်သည်ကို မြစ်ကြီးနား မန်ခရင်ကျေးရွာ၌ ကချင်အမျိုးသမီးများနှင့် ဗိုလ်ချုပ်အတူ တွဲရိုက်ခဲ့သော ဓာတ်ပုံသည် သက်သေခံလျက်ရှိ၏။ သွားပေါ် အောင်ရယ်ရန် ခဲယဉ်းလှသော **ဗိုလ်ချုပ်သည်** [၉] အလွန်သဘောကျသောအမူအရာဖြင့် ရယ်ပြခဲ့လေသည်။

ဗိုလ်ချုပ်သည် ပေးခဲ့သောကတိများကို မပျက်မကွက် လုပ်ပေးခဲ့၏။ ပြည်နယ်များနှင့် လူနည်းစုများ၏ အခွင့်အရေးများကို ပြဋ္ဌာန်းပေးခဲ့သည်။ ကိုယ်ပိုင်အုပ်ချုပ်ရေးများ၊ အချုပ်အခြာအာဏာများကို သတ်မှတ်ပေးခဲ့သည်။ သို့သော် လွတ်လပ်ရေးမရမီ ပြည်ထောင်စုကြီး တခုလုံးအတွက် မမျှော်လင့်သော ကံဆိုးမိုးမှောင်ကျခဲ့သည်။ ၎င်းမှာ ကျွန်ုပ်တို့၏ လွတ်လပ်ရေးဖခင်၊ အမျိုးသားခေါင်းဆောင်ကြီးများအား မသမာ လူတစုက လုပ်ကြံသတ်ဖြတ်ခဲ့၍ ဗိုလ်ချုပ်ကျဆုံးခဲ့ရသည်။ ထိုအချိန်တွင် ပြည်မရှိ လူထု၌ ဝမ်းနည်း ကြေကွဲခဲ့သလို ကချင်လူထု၌လည်း ဝမ်းနည်းကြေကွဲခဲ့ရသည်။ ပြည်မလူထု၌ ယူကျုံးမရ ဖြစ်၍မျက်ရည်ကျသလို ကချင်လူထုလည်း မျက်ရည်ကျခဲ့ရသည်။ တတိုင်းပြည်လုံး ကြိမ်မီးအုံသလို ဖြစ်ခဲ့သည်။ ပူဆွေး ဒုက္ခဖြစ်ခဲ့သည်။ လူထုအများ၌ လွတ်လပ်ရေးပဲ ရဦးမလား၊ နယ်ချဲ့ အင်္ဂလိပ်ရဲ့ အာဏာပဲတည်မြဲတော့မလား စသည်ဖြင့် တွေးတောပူပန် ကြသည်။ သို့သော် ဖဆပလ အဖွဲ့ချုပ်ကြီးရဲ့ တဗိုလ်ကျ တဗိုလ်တက်စနစ်ဖြင့် စာရေးဆရာကြီး

---

၉။ **ဗိုလ်ချုပ်အောင်ဆန်း**သည် မြစ်ကြီးနားမြို့သို့ ၁၉၄၆ ခု နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ရောက်ရှိခဲ့သည်။ ၁၉၄၆ ခု ဒီဇင်ဘာ ၁ ရက်နေ့ မြစ်ကြီးနားမြို့ မန်ခရင်ကျေးရွာ၌ အထက်ပါအချက်များ ပါဝင်သော မိန့်ခွန်းပြောပြီးနောက် ထိုနေ့မှာပင် ကချင်ဝတ်စုံဖြင့် ကချင်အမျိုးသမီးများနှင့်အတူ သမိုင်းဝင်ဓါတ်ပုံကို အရိုက်ခံခဲ့သည်။

(The Mass Journal, January 1957)

**သခင်နု**[၁၀] ကို ဗိုလ်ချုပ်အောင်ဆန်း၏ နေရာတွင် ဖဆပလအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် နန်းရင်းဝန်အဖြစ် ရွေးချယ်၍ တင်မြှောက်ခဲ့သည်။ ဖဆပလ အဖွဲ့ကြီး၏ ဆောင်ရွက်မှု၊ ဆုံးဖြတ်မှုသည် မမှားနိုင်ဟု ယုံကြည်ချက်ကြီးဖြင့် ကချင်အမျိုးသားများသည်လည်း ဗိုလ်ချုပ်အပေါ် အားကိုးခဲ့သမျှ ယုံကြည်ခဲ့သမျှ၊ သခင်နုအပေါ်မှာ ပုံအပ်၍ ဖဆပလ နောက်သို့ လိုက်မြဲအတိုင်း လိုက်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းတိုင်းပြည်သို့ ကတိပေးခဲ့သော တနှစ်အတွင်း လွတ်လပ်ရေးရမည် ဟူသော ကတိအတိုင်း ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှာ လွတ်လပ်ရေး ရခဲ့သည်။

လွတ်လပ်ရေးကား ရလေပြီ။ ပြည်သူ့ အကျိုးပြု ပါလီမန် နှစ်ရပ်လည်း ပေါ်လာပြီ။ အမျိုးသားအစိုးရအဖြစ် ပြည်မအစိုးရ ပြည်နယ်များ၏ အစိုးရများဟူ၍ ပေါ်ပေါက်လာလေပြီ။ သခင်နုခေါင်းဆောင်သော ဖဆပလအစိုးရ၏ တာဝန်သည် ပြီးဆုံးပြီလော။ မပြီးဆုံးသေးပါ။ တိုင်းပြည်ကို ငြိမ်သက်အောင် နိုင်နင်းစွာ အုပ်ချုပ်ရမည်။ ကြီးပွားတိုးတက်အောင်ဖန်တီးရမည်။ လွတ်လပ်ရေးမရမီ ရှိပြီးသော ဥပဒေဟောင်းများသည် လည်းကောင်း

---

**၁၀။ ဦးနု (သခင်နု )**။ ။ ဂျပန်ခေတ် ဒေါက်တာဘမော် ရုပ်သေးအစိုးရလက်ထက် ၁၉၄၃ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးနှင့် ၁၉၄၄ ခုနှစ်တွင် ပြန်ကြားရေးဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့သော ဦးနုသည် ဒုတိယကမ္ဘာစစ်ပြီး၍ မြန်မာနိုင်ငံအား အင်္ဂလိပ်တို့ပြန်သိမ်းပြီးသောအခါ နိုင်ငံရေးလောကကို စွန့်ခွာ၍ စာရေးသားရန် ပြင်းပြလျှက် ရှိခဲ့သည်။ သူ၏ဇာတိ ဝါးခယ်မမြို့သို့ပြန်ပြီး "ငါးနှစ်ရာသီ မြန်မာပြည်" ကို ရေးသားခဲ့သည်။ ထိုအခါ သူ၏ရောင်းရင်း ရဲဘော်များက ဖဆပလ အဖွဲ့အစည်းအတွင်းရှိ အဖွဲ့အစည်းသုံးခု (ပြည်သူ့ ရဲဘော်အဖွဲ့၊ ဆိုရှယ်လစ်ပါတီ၊ ကွန်မြူနစ်ပါတီ) ကို ထိန်းပေးမည့် ပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်ရန် ဆွဲဆောင်သဖြင့် ဦးနုသည် ဖဆပလ အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ဖြစ်လာသည်။ (ထိုစဉ် ဗိုလ်ချုပ်အောင်ဆန်းမှာ ဥက္ကဋ္ဌ ဖြစ်သည်။)

၁၉၄၇ ခုနှစ် တိုင်းပြုပြည်ပြုလွှတ်တော်အတွက် ရွေးကောက်ပွဲများ ကျင်းပသောအခါ ဦးနုသည် ပါဝင်လာခြင်း မပြုခဲ့ပါ။ သူသည် စာရေးသားခြင်းကိုသာ ပြန်လည်လုပ်ကိုင်ရန် စိတ်အားထက်သန်နေသဖြင့် ဦးဇန်ထာရှင်က "စာရေးဆရာကြီး သခင်နု" ဟု ကင်ပွန်းတပ်လိုက်ခြင်း ဖြစ်သည်။

ရွေးကောက်ပွဲပြီး၍ မကြာမီ မြိတ်မဲဆန္ဒနယ်မှ လွှတ်တော်အမတ် ဦးမောင်မောင်ခင် ကွယ်လွန်သဖြင့် ၎င်းလစ်လပ်သွားသော မဲဆန္ဒနယ်မှ အရွေးခံရန် ဦးနုအား ဗိုလ်ချုပ်အောင်ဆန်းက အတင်းအကျပ် တိုက်တွန်းကာ ကြားဖြတ်ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်စေသည်။ ဦးနုသည် ပြိုင်ဘက်မရှိ အရွေးခံရသဖြင့် လွှတ်တော်ဥက္ကဋ္ဌ ဖြစ်လာသည်။

ဦးနုသည် သခင်နုအမည်ဖြင့် အစဉ်တစိုက် ထင်ရှားလာခဲ့ရာမှ ၁၉၅၂ ခု မတ်လ ၁၃ ရက်နေ့မှ စတင်၍ သခင်နုအမည်ကို စွန့်ပြီး ဦးနုအမည်ကို ခံယူခဲ့သည်။
(ဂါးဒီးယန်း ဦးစိန်ဝင်းရေး "အကွဲအပြဲဇာတ်လမ်း" စာ ၁၆–၁၇)

(Who's who in Burma. 1961)

လွတ်လပ်ရေးအတွက် ရေးဆွဲထားသော အခြေခံဥပဒေသည်လည်းကောင်း လွတ်လပ်ရေး ရပြီး လက်တွေ့ကျင့်သုံးသောအခါ ပြည်သူလူထုအတွက် သင့်တော်သည် မတော်သည် အကျိုးပြုသည် မပြုသည် သေချာစွာ စစ်ဆေးရမည်။ စစ်ဆေးပြီး မသင့်တော်သော အကျိုး မပြု ဥပဒေများကိုပြုပြင်၍ အကျိုးရှိလာအောင် လုပ်ရမည်။ သင့်တော်၍ အကျိုးရှိသော ဥပဒေများကို ဆက်လက်သုံးရမည်။ ပြည်နယ်အသီးသီး လူနည်းစုအသီးသီး၏ ကျေနပ်မှု ရှိသည် မရှိသည်၊ နစ်နာချက်ရှိသည် မရှိသည်ကို အမြဲမပြတ်ကြည့်၍ ပြုပြင်ပေးသည့် အခါတိုင်း ပြုပြင်ပေးရမည်။ ကူညီပေးသင့်သည့် အခါတိုင်း ကူညီပေးရမည်။ အဘယ် ကြောင့်ဆိုသော် အာဏာအပြည့်အစုံရှိသော အမျိုးသားအစိုးရ ဖြစ်လာသဖြင့် ပြည်သူ တရပ်လုံး၏ အကျိုးကို အမြဲကြည့်ရမည်။

သို့သော် ဖဆပလအဖွဲ့ကြီးသည် လူမျိုးစုများ အကျိုးမပြုသော ပြင်ဆင်ရန်လို သော ဥပဒေများကို လစ်လျူရှုခဲ့သည်။ လူနည်းစုများ တောင်တန်းသားများ၏ နစ်နာမှုကို များစွာ ဂရုမစိုက်ခဲ့ပေ။ အရေးဆိုပြန်လျှင်လည်း သူတို့၏ အင်အားသည် အလွန်ကြီးမားနေ သဖြင့် မည်သူ့ကိုမျှ ဂရုမစိုက်ခဲ့ပေ။ လူနည်းစုများသည် ပြည်နယ်များသည် မကျေနပ်မှု အမြောက်အမြား ရှိစေကာမူ ဝန်ကြီးချုပ်အား ပြောကြည့်၍ မထူးခြားသည့် နောက်ဆုံး ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးကို ရှေ့ရှု၍ ဆူပူမှုမလုပ်ဘဲ ငြိမ်နေကြသည်။

သခင်နုခေါင်းဆောင်သော ဖဆပလအဖွဲ့ကြီးသည် မိမိ၏ ဖဆပလအဖွဲ့ဝင်များ နစ်နာမှု ပေါ်ပေါက်လာသည့်အခါ အရေးဆိုလာသည့်အခါ ဥပဒေတခုကို ဆယ်ခါမကထပ်ခါ ထပ်ခါ ပါလီမန်ထိုင်တိုင်း ပြင်ရန် ဝန်မလေးခဲ့ပေ။ အရာခပ်သိမ်းသည် ဖဆပလအဖွဲ့တွင်း ကြိုတင်ဆွေးနွေး ဆုံးဖြတ်ပြီးသားများသာဖြစ်၍ ဝန်ကြီးအဖွဲ့၌လည်းကောင်း ပါလီမန်တွင် လည်းကောင်း တင်သောအခါ ဖဆပလ ကို ထောက်ခံနေသော လူနည်းစုများ သည်ဝန်ကြီး ဖြစ်စေ အမတ်များဖြစ်စေ အလိုအလျောက် သဘောတူရသည်။ ပြည်နယ်များ လူနည်းစု များအရေးမှာ ဂရုမစိုက် အရေးမလုပ်ရသလောက် သူတို့အရေး ကျလာသောအခါ ပျာပျာ သလဲ မြှူကြချော့ကြ ဆွယ်တတ်ကြသည်။ ဤသို့သော ပြဿနာဟူသမျှမှာ အဖွဲ့၏ ဥက္ကဋ္ဌ လုပ်သူ အစိုးရ၏ဝန်ကြီးချုပ်လုပ်သူမှာ တာဝန်အရှိဆုံး ဖြစ်ပါသည်။

သခင်နုသည် စကားအရာ၌ အလွန်တော်၏။ မျက်နှာပေး အလွန်လှ၏။ အလွန် ချစ်စရာ ကောင်း၏။ တဖက်သား၏ မကျေနပ်မှုများကို မျက်နှာချိုဖြင့် ကျောသတ်ဖင်ပုတ် ဖြင့် ပြေလည်အောင် လုပ်ဆောင်နိုင်သော သတ္တိရှိလှ၏။ သခင်နုနှင့် အလုပ်လုပ်ရခြင်း သည် အချိန်သာကုန်သွား၍ ပြဿနာရပ်များ၏ အဖြစ်သည် အမှန်ကို မဖြေရှင်းနိုင်သော် လည်း သူ့အကြိုက်ဖြစ်အောင်ကား ဖန်တီးနိုင်စွမ်းရှိ၏။

* * * * * * * * * * * * * * *

## ၃ . ၂ လွတ်လပ်ရေးရပြီး ၁၀ နှစ်အတွင်းက သခင်နုပေးသော လူနည်းစုများ (ဝါ) တောင်ပေါ်သားများ ဒီမိုကရေစီ

လွတ်လပ်ရေးရပြီး၍ ၄–၅ နှစ်ဖြစ်သော ၁၉၅၁–၅၂ ခုနှစ်တွင် ပြည်ထောင်စုကြီး တခုလုံးတွင် အထွေထွေရွေးကောက်ပွဲကြီး ဖြစ်လာသည်။ ရွေးကောက်ပွဲကြီးတွင် ယှဉ်ပြိုင် အရွေးခံရသော နိုင်ငံရေးအဖွဲ့အသီးသီး၏ ယုံကြည်ချက်သည် လူထုအများဆုံး ထောက်ခံမှု ရ၍ အမတ်အများဆုံး ရသောအဖွဲ့သည် တိုင်းပြည်၏ အုပ်ချုပ်မှုအာဏာကို ရရမည်။ ဤကား ဒီမိုကရေစီ၏ အရသာ စစ်စစ်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံရေးအဖွဲ့အစည်း အားလုံးသည် လူထုအများဆုံး၏ ထောက်ခံမှု ရအောင် ကြိုးစားကြသည်။ စည်းရုံး ကြသည်။ မဲတောင်း ကြသည်။ ပြည်မ၌ ယှဉ်ပြိုင် အရွေးခံသော အဖွဲ့များအနက် ဖဆပလ အဖွဲ့သည် မဲအများဆုံးရသဖြင့် တိုင်းပြည်၏ အုပ်ချုပ်ရေးအာဏာကို ရယူခဲ့၏။ ပြည်ထောင်စုမြန်မာနိုင်ငံသည် ဒီမိုကရေစီနိုင်ငံ ဖြစ်သဖြင့် ပြည်ထောင်စု၏ အစိတ်အပိုင်းများဖြစ်သော ပြည်နယ်များသည်လည်း ဒီမိုကရေစီ ရှိရပေမည်။ ပြည်မမှာ လူထုအများဆုံး၏ ထောက်ခံမှုရ၍ အမတ်အများဆုံးရသော အဖွဲ့သည် အုပ်ချုပ်မှုအာဏာကို ရသကဲ့သို့ ပြည်နယ်များတွင်လည်း လူထုအများဆုံး၏ ထောက်ခံမှု ရသောအဖွဲ့၊ အမတ်အများဆုံးရသော အဖွဲ့သည် ပြည်နယ်၏ အုပ်ချုပ်မှုကို ရရှိမည် ဖြစ်သည်။

သို့သော် ပြည်နယ်များသည်လည်းကောင်း လူနည်းစုဖြစ်သော ချင်းဝိသေသ တိုင်း သည်လည်းကောင်း မိမိတို့ဆန္ဒအရမဟုတ်ဘဲ ဝန်ကြီးချုပ် လုပ်သူ၏ဆန္ဒအရ ဒီမိုက ရေစီ နှင့် ဆန့်ကျင်စွာ ခံခဲ့ကြရ၏။ တနည်းအားဖြင့်ဆိုသော် လူနည်းစုများ ပြည်နယ်သား များ၏ ဒီမိုကရေစီအညွန့်ကို ဦးနုသည် ပြောင်ပြောင်ကြီး ရိုက်ချိုးလိုက်ခြင်း ဖြစ်သည်။ ၎င်းကို ရှင်းပါအံ့။

၁၉၅၁–၅၂ တွင်ပြုလုပ်သော အထွေထွေရွေးကောက်ပွဲကြီးတွင် ကချင်ပြည်နယ်၌ ယှဉ်ပြိုင်အရွေးခံရသော အဖွဲ့အစည်းပေါင်း ၄ ဖွဲ့ရှိရာ ၎င်းအဖွဲ့အသီးသီး၏ ရရှိသော အမတ်အင်အားမှာ အောက်ပါအတိုင်းဖြစ်၏။

**(က) ကေအင်စီ [၁၁] (ခေါ်) ကချင်အမျိုးသား ကွန်ဂရက်အဖွဲ့**

| | | |
|---|---|---|
| (၁) **ဒူဝါဇော်လွန်း** [၁၂] | ပြည်သူ့လွှတ်တော် | ဗန်းမော်အရှေ့ပိုင်း |
| (၂) ဦးဇန်ထာရှင် | ၎င်း | မြစ်ကြီးနားမြောက်ပိုင်း |
| (၃) ဦးကြီးထိန်နန် | လူမျိုးစုလွှတ်တော် | ဗန်းမော်(ကချင်) |
| (၄) ဦးဒိန်ရတန် | ၎င်း | မြစ်ကြီးနားမြောက်ပိုင်း |
| (၅) ဒူဝါရှောင်ဂျုံး | ၎င်း | ၎င်း အရှေ့ပိုင်း |
| (၆) ဆရာဂွန်ဂမ် | ၎င်း | ၎င်း တောင်ပိုင်း |
| (၇) ဦးထွန်းတင် | ၎င်း | ၎င်း တောင်ပိုင်း |

**(ခ) ကချင်ပြည်နယ် ဖဆပလ အဖွဲ့**

| | | |
|---|---|---|
| (၁) ဦးလှကြိုင် | ပြည်သူ့လွှတ်တော် | ဗန်းမော်နောက်ပိုင်း |
| (၂) သခင်ပြန့် | လူမျိုးစုလွှတ်တော် | မြစ်ကြီးနား မြောက်ပိုင်း |
| (၃) ဦးဘိုးချို | ၎င်း | ၎င်း အနောက်ပိုင်း |
| (၄) ဦးဘသောင်း | ၎င်း | ဗန်းမော်မြောက်ပိုင်း |
| (၅) ဦးဘခင် | ၎င်း | ၎င်း တောင်ပိုင်း |

**(ဂ) ပယကဖ (ပြည်သူ့စီးပွားရေးနှင့် ယဉ်ကျေးမှုတိုးတက်ရေး) အဖွဲ့ [၁၃]**

| | | |
|---|---|---|
| (၁) ဆမားဒူဝါဆင်ဝါးနောင် | ပြည်သူ့လွှတ်တော် | မြစ်ကြီးနား အနောက်ပိုင်း |

---

၁၁။ Kachin National Congress (KNO)

၁၂။ ဒူဝါဇော်လွန်း။ ။၁၉၁၀ ခု စက်တင်ဘာလ ၁၀ ရက်နေ့တွင် ဗန်းမော်ခရိုင် ပန်ဟုတ်ရွာ၌ မွေးဖွားသည်။ ၁၉၃၃ ခုနှစ် ဗန်းမော် အင်္ဂလိပ်မြန်မာ အစိုးရအထက်တန်းကျောင်း အထက်တန်းစာမေးပွဲ၊ ၁၉၃၄ ခုနှစ်တွင် အလယ်တန်းပြဆရာ ဖြစ်သင် စာမေးပွဲများကို အောင်မြင်သည်။ ၁၉၄၅ ခုနှစ်တွင် နိုင်ငံရေးလောကသို့ ဝင်ရောက်ပြီး ဂျပန်ဖက်ဆစ်တော်လှန်ရေးနှင့် ဗြိတိသျှနယ်ချဲ့အောက်မှ လွတ်မြောက်ရေးအတွက် တက်ကြွစွာ ဆောင်ရွက်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ သမိုင်းဝင်ပင်လုံစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးသည်။ ၁၉၅၂ ခုနှစ်တွင် ဗန်းမော်အရှေ့ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်အမတ် အဖြစ်အရွေးခံရသည်။ ကချင် အမျိုးသားကွန်ဂရက် (KNC) ဥက္ကဋ္ဌဖြစ်သည်။ ၁၉၅၃ ခုတွင် တကြိမ်နှင့် ၁၉၅၈ ခု နိုဝင်ဘာလ ၄ ရက် ဗိုလ်ချုပ်ကြီးနေဝင်း၏ အိမ်စောင့်အစိုးရလက်ထက်တွင် တကြိမ်၊ ကချင်ပြည်နယ်ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခြင်းခံရသည်။ ၁၉၅၆ ခုနှစ်တွင် ထိုင်းဘုရင့်အစိုးရ၏ ရွှေသရဖူဘွဲ့တံဆိပ် ချီးမြှင့်ခြင်း ခံရသည်။

၁၃။ ။ **ပကယဖ** ပြည်သူ့စီးပွားရေးနှင့် ယဉ်ကျေးမှုတိုးတက်ရေးအဖွဲ့ Peple's Economic and Cultural Development Organization (ပေါင်ယောင်ကုန်ဖန်အဖွဲ့ ဟုလည်းခေါ်သည်)

| | | |
|---|---|---|
| (၂) ဗိုလ်အောင်ခို | ၎င်း | ၎င်း တောင်ပိုင်း |
| (၃) ဦးဘစိန် | လူမျိုးစုလွှတ်တော် | ၎င်း တောင်ပိုင်း |
| (၄) ဒူဝါပတစ်လတောင် | ၎င်း | ၎င်း အနောက်ပိုင်း |

**(ဃ) ကချင်လူငယ် (ပေါင်ယောင်)** [၁၄]

| | | |
|---|---|---|
| (၁) **ဒူဝါဇော်ရစ်** [၁၅] | ပြည်သူ့လွှတ်တော် | မြစ်ကြီးနား အလယ်ပိုင်း |
| (၂) ဒူဝါလဝမ်လီ | ၎င်း | ၎င်း အရှေ့ပိုင်း |
| (၃) ဒူဝါကရိန်နော် | လူမျိုးစုလွှတ်တော် | ၎င်း အလယ်ပိုင်း |

ဤကဲ့သို့ ယှဉ်ပြိုင်အရွေးခံကြသော အဖွဲ့များတွင် ကချင်အမျိုးသားကွန်ဂရက်အဖွဲ့သည် အားလုံးသောအဖွဲ့များထက် အများဆုံး ရရှိကြ၏။ ထို့ကြောင့် အမျိုးသားကွန်ဂရက် အဖွဲ့ဝင်များနှင့် အမတ်များ၏ ယုံကြည်ချက်မှာ ပြည်နယ်၏ အုပ်ချုပ်မှုအာဏာကို မိမိတို့က ရရှိလိမ့်မည်ဟု ယုံကြည်ခဲ့ကြ၏။

ယုံကြည်ခဲ့သည့်အလျောက် ဖဆပလအဖွဲ့မှ အရွေးခံသောဖဆပလ အမတ်ငါးယောက်အား တွေ့ဆုံ၍ မိမိတို့နှင့် ပူးပေါင်း၍ အစိုးရ ဖွဲ့ရန် စေ့စပ်တော့၏။ ပြည်နယ်တွင် ဖဆပလ အဖွဲ့ဝင် များသည်လည်း ကေအင်စီအဖွဲ့နှင့် သာပူးပေါင်းလိုကြောင်း ကေအင်စီအဖွဲ့၏ ဝါဒလမ်းစဉ်သည် ဖဆပလအဖွဲ့ချုပ်ကြီးက ချမှတ်သောလမ်းစဉ်နှင့် ဝါဒအတိုင်းဖြစ်

---

**၁၄။ ကချင်လူငယ် (ပေါင်ယောင်)**။ ။ ပေါင်ယောင်အဖွဲ့ Pawng Yawng National Union (PYNU) (ပေါင်ယောင်ရမ်ရွတ်– ညီညွတ်တိုးတက်သော ကချင်လူငယ်များအဖွဲ့ ဟုလည်းခေါ်သည်။)

**၁၅။ ဒူဝါဇော်ရစ်**။ ။ ကချင်ပြည်နယ် ဒူဝါအကြီးအကဲတဦး၏ သားဖြစ်သည်။ မြစ်ကြီးနားမြို့ အစိုးရ အထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ကချင်လူငယ်များ၏ ခေါင်းဆောင်တဦးဖြစ်သည်။ ၁၉၄၇ ခုနှစ်တွင် တိုင်းပြုပြည်ပြု လွှတ်တော်သို့ အရွေးခံရသည်။ ၁၉၄၈–၅၂ ခုနှစ်များတွင် ကချင်ပြည်နယ် ကောင်စီဝင်နှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့ စီးပွားရေးဝန်ကြီးဖြစ်သည်။ ၁၉၅၂ ခုနှစ်တွင် မြစ်ကြီးနားအရှေ့ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် အမတ်အဖြစ် အရွေးခံရသည်။ ၁၉၅၃ ခုနှစ်တွင် ပေါင်ယောင် အမျိုးသား အဖွဲ့ (PYNU) ကို ဦးဆောင်ဖွဲ့စည်းပြီး ၎င်း၏ အထွေထွေ အတွင်းရေးမှူး ဖြစ်သည်။ ၁၉၅၆ ခုနှစ်တွင် မြစ်ကြီးနားအလယ်ပိုင်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် အမတ်အဖြစ် ပြန်လည်အရွေးခံရသည်။ ၁၉၅၈ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် နု–တင် အစိုးရအဖွဲ့ဝင် ကချင်ပြည်နယ်ဝန်ကြီးအဖြစ် ခန့်အပ်ခြင်း ခံရပြီး ၁၉၅၈ ခု အောက်တိုဘာ ၂ ရက်နေ့တွင် ထိုရာထူးမှ နုတ်ထွက်ခဲ့သည်။ ၁၉၆၀ ခုနှစ်တွင် မြစ်ကြီးနား အလယ်ပိုင်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် အမတ်အဖြစ် ပြန်လည် အရွေးခံရသည်။

ကြောင်း ထို့ကြောင့် ကချင်ပြည်နယ် အစိုးရဖွဲ့ရေးတွင် ကေအင်စီနှင့် ပေါင်းမည်ဖြစ်ကြောင်း ပြောပြကြ၏။

၁၉၆၂ ခုနှစ် မတ်လတွင် လွှတ်တော်နှစ်ရပ်လုံး ခေါ်၍ ပြည်နယ်အမတ်များအားလုံး ရန်ကုန်သို့ရောက်လာကြ၏။ ကေအင်စီအမတ်များသည် ၁၉၅၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ဝန်ကြီးချုပ်သခင်နုနှင့် တွေ့ဆုံ၍ ကချင်ပြည်နယ်အစိုးရ ဖွဲ့စည်းရေးနှင့် ပတ်သက်၍ မိမိတို့အဖွဲ့သည် ကချင်ပြည်နယ်လူထု အများဆုံးထောက်ခံ၍ အမတ် အများဆုံး ရသော အဖွဲ့ဖြစ်သဖြင့် ကချင်ပြည်နယ်၏ အုပ်ချုပ်ရေးအာဏာကို ရသင့်ကြောင်း တင်ပြကြသည်။ သခင်နုကပြောသည်မှာ ခင်ဗျားတို့အဖွဲ့ကို မယုံကြည်၍တော့ မဟုတ်ပါ။ သို့သော်လည်း ကျုပ်တို့အနေနှင့် ဆမားဒူဝါကိုပဲ ကချင်ပြည်နယ်ဥက္ကဋ္ဌအဖြစ် ဆက်လက်ခန့်ချင်တယ်။ ခင်ဗျားတို့လည်း ပြည်မမှာ ဝန်ကြီးချုပ်၏ ပါလီမန်အတွင်းဝန် တနေရာကို ယူပါ။ ကချင်ပြည်နယ်မှာ ဆမားကို အတိုက်အခံမလုပ်ကြပါနဲ့။ ခင်ဗျားတို့ အချင်းချင်း ညီညွတ်ကြပါလို့ ပြောပါသည်။

ကေအင်စီအမတ်များက ပြန်ပြောသည်မှာ “ဝန်ကြီးချုပ် ဒီမိုကရေစီတိုင်းပြည်ဖြစ်တဲ့အတိုင်း အမတ်များရာက အုပ်ချုပ်ရေးအာဏာကို ရရမယ်မဟုတ်လား။ ယခုတော့ အမတ်လေးယောက်ပဲရတဲ့ ဆမားကို ပြည်နယ်ဥက္ကဋ္ဌ ပြန်တင်တော့ ဒီမိုကရေစီ ကျပ့်မလား။ ကျွန်တော်တို့အနေနှင့်က အမတ်အများဆုံး ရထားတာကတကြောင်း ပြီးတော့ ကချင်ပြည်နယ်က အရွေးခံရတဲ့ ဖဆပလ အမတ်ငါးယောက်ကလည်း ကျွန်တော်တို့နှင့် ပူးပေါင်းရန် ပြောထားပြီး ဖြစ်တဲ့အတွက် ကျွန်တော်တို့အဖွဲ့က ကချင်ပြည်နယ်ရဲ့ အုပ်ချုပ်ရေးအာဏာပဲ ရရမယ်” လို့ပြန်ပြောပါသည်။ ဒီတော့ ဝန်ကြီးချုပ်သခင်နုဟာ “ခင်ဗျားတို့အဖွဲ့က အမတ်အများဆုံးရတာတော့ ဟုတ်ပါပြီ။ ကျုပ်လည်း မငြင်းပါဘူး။ ဒါပေမယ့် ပြည်နယ်က ဖဆပလအမတ်များဟာ သူတို့သဘောနှင့် လုပ်လို့မရဘူး။ ဖဆပလဌာနချုပ်ကညွှန်ကြားသည့်အတိုင်း လိုက်ရမယ်။ ဖဆပလဌာနချုပ်ကလည်း တခြားပြောမှာ မဟုတ်ဘူး။ ယခု ငါပြောတဲ့အတိုင်း ဆမားကိုပဲထောက်ခံဖို့ ပြောမှာပဲ” ဟု ပြန်ပြောလိုက်သည်။

ဒီနောက်မှာ ကေအင်စီအမတ်များသည် ပြည်နယ်မှ ဖဆပလ အမတ်ငါးယောက်ဆီသွားပြီး “ဘယ်နဲ့လဲ။ ခင်ဗျားတို့ ဟိုပြည်နယ်မှာတုန်းကတော့ ကျွန်တော်တို့နဲ့ ပေါင်းမယ်ဆိုတယ် မဟုတ်လား။ ယခု ဝန်ကြီးချုပ်ကတော့ ခင်ဗျားတို့ကို ဆမားဒူဝါကိုပဲ ထောက်ခံ ခိုင်းမယ်ဆိုပါလား” ဟုသွားပြောကြသည်။ ပြည်နယ်က ဖဆပလအမတ် ၅ ယောက်သည် “ကျွန်တော်တို့ အနေနှင့် ခင်ဗျားတို့ ကေအင်စီအဖွဲ့ကို ထောက်ခံချင်တယ်။ ခင်ဗျားတို့နှင့် ပူးပေါင်းချင်တယ်။ ဒါပေမယ့် ဖဆပလဌာနချုပ် ဥက္ကဋ္ဌလဲဖြစ် နိုင်ငံတော်ဝန်ကြီးချုပ်လဲဖြစ်တဲ့ သခင်နုရဲ့ အမိန့်ကိုတော့ ဘယ်လွန်ဆန်နိုင်မလဲ” ဟု ပြန်ပြောပါသည်။

ဒါကြောင့်နောက်ဆုံးတွင် "ကချင်ပြည်နယ်မှ ရွေးကောက်လိုက်တဲ့ လူထုကိုယ်စားလှယ်များ၏ ဆန္ဒအရ မဟုတ်ပါလား။ ဝန်ကြီးချုပ်လုပ်တဲ့သူရဲ့ ဆန္ဒအတိုင်းပါလား" လို့ ဝမ်းနည်းစွာနှင့် ကေအင်စီအမတ်များသည် ကချင်ပြည်နယ်တွင် အတိုက်အခံအဖွဲ့ဖြစ်လာရပေသည်။ မရှေးမနှောင်းသော အချိန်အတွင်း ကချင်ပြည်နယ်အစိုးရအဖြစ် ဆမားဒူဝါဆင်ဝါးနောင်သည် အစိုးရဖွဲ့စည်း နိုင်တော့၏။ နိုင်ငံတော်ဝန်ကြီးချုပ် သခင်နုက ကေအင်စီ ခေါင်းဆောင်များအား သူ၏ ပါလီမန်အတွင်းဝန်ရာထူး တနေရာယူ၍ ကချင်ပြည်နယ်ကောင်စီတွင်လည်း ကောင်စီသဘာပတိယူရန် တိုက်တွန်းခဲ့သည်။ ဆမားဒူဝါကို ဝိုင်းဝန်းထောက်ခံရန် နားချခဲ့သည်။

ကေအင်စီအမတ်များအနေနှင့်က ကချင်ပြည်နယ်သည် ဗိုလ်ချုပ်အောင်ဆန်းအမိန့်ရှိခဲ့သလို ပညာရေး၊ စီးပွားရေး၊ ကြီးပွားရေး၊ ကျန်းမာရေး အစစအရာရာ၌ အင်မတန် အောက်ကျနောက်ကျဖြစ်ခဲ့သဖြင့် ရရှိသမျှသော ဘဏ္ဍာတော်ငွေများဖြင့် ၎င်းလူထုအကျိုးပြုလုပ်ငန်းများကို အမြန်ဆောင်ရွက်ချင်ကြ၏။ ဆမားဒူဝါအနေနှင့် ၎င်းပထမလုပ်ရမည့် အရေးကြီးသော လုပ်ငန်းများကို လစ်လျူရှုခဲ့၍ သူ၏ ယာယီအစိုးရ အချိန်တွင် မော်တော်ကား တည်ဆောက်ရန် စီမံကိန်း၊ ဂျက်လေယာဉ်ပျံ တည်ဆောက်ရန် စီမံကိန်း၊ မီးသဘော်၊ မီးရထားခေါင်းတွဲလုပ်ရန် စီမံကိန်း၊ ရွှေတူးရန် ငွေတူးရန် စီမံကိန်း များကိုသာ ပထမ ချခဲ့၏။

ဤကိစ္စများကြောင့် ကေအင်စီအဖွဲ့သည် ဆမားဒူဝါအား မထောက်ခံနိုင်ကြောင်း ဝန်ကြီးချုပ်သခင်နုအား ပြောပြခဲ့ရာ ဝန်ကြီးချုပ်က "အေးကွာ ဒါတွေက သူမှားတာပဲ။ သူ့ရဲ့ ဒီစီမံကိန်းတွေကို ငါရပ်ခိုင်းပါ့မယ်၊ ယခုကစပြီး ခင်ဗျားတို့လိုလားတဲ့ လူအကျိုးပြုလုပ်ငန်းတွေကို ပထမလုပ်ဖို့ ငါပြောပြမယ်" ဟုပြော၏။ တဖန် ကေအင်စီအမတ်များက "ကောင်းပြီ ဝန်ကြီးချုပ်၊ သူစီမံကိန်းတွေ ရပ်ပြီး တကယ်ပြည်နယ်လူထုအတွက် လောလောဆယ် အရေးကြီးတဲ့လုပ်ငန်းများကို စတင်လုပ်မယ်ဆိုရင် လုပ်တာနှင့် တပြိုင်နက် ကျွန်တော်တို့က ထောက်ခံမယ်" ဟုကတိပေးထားခဲ့၏။

သို့ရာတွင် ဝန်ကြီးချုပ်သခင်နုသည် ဆမားဒူဝါ၏ စီမံကိန်းများကို မရပ်စေနိုင်သည်သာမက ဆမားဒူဝါ၏ ၈ မိုင် မရမ်းကုန်းစက်ရုံဖွင့်ပွဲတွင် သခင်နုသည် ဆမားဒူဝါကြီးအား ဟိမဝန္တာ ချီးမွမ်းခန်းဖွင့်တော့သည်။ ကေအင်စီ အမတ်များအနေနှင့်ကား ဝန်ကြီးချုပ်သခင်နုသည် အပြောတမျိုး အလုပ်တမျိုးဟူ၍ ဤအခါက စသိခဲ့သည်။

ကချင်ပြည်နယ်ထက် ပိုမိုဆိုးသော ကိစ္စ ရှိပါသေးသည်။ ၎င်းမှာ အခြားမဟုတ်။ ချင်း များအရေးပင်ဖြစ်သည်။ ချင်းတောင်သည် ပြည်နယ်မဟုတ်ဘဲ ပြည်မ တွင်ပါဝင်သော

**ဝိသေသတိုင်း** [၁၆] တခုဖြစ်သည်။ ထို ၁၉၅၁– ၅၂ အထွေထွေရွေးကောက်ပွဲကြီးတွင် ချင်းတောင်၌ အရွေးခံသော နိုင်ငံရေးအဖွဲ့နှစ်ခုရှိခဲ့သည်။ **ဦးဇာရဲလျံ** [၁၇] ခေါင်းဆောင်သော ချင်း အမျိုးသား ကွန်ဂရက်အဖွဲ့သည် အမတ် ၁၀ ယောက်ရ၍ စစ်ဗိုလ်ထွက် ကပ္ပတိန် မန်းတုံနုံး က သူနှင့်ပေါင်း အမတ် ၂ ယောက်သာ ရရှိခဲ့သည်။

ချင်းအမျိုးသားကွန်ဂရက်အနေနှင့် သူတို့သည် အမတ်အများဆုံးဖြစ်၍ ချင်းရေးရာဝန်ကြီးကို သူတို့ရနိုင်မည်ဟု ယုံကြည်ချက်ကြီးကြီးဖြင့် ရန်ကုန်ဆင်းလာကြ၏။ ဝန်ကြီးချုပ်သခင်နုနှင့် တွေ့သောအခါ ချင်းကွန်ဂရက်အဖွဲ့များသည် သူတို့က အမတ်အများဆုံးရ၍လူထုဆန္ဒအများဆုံးထောက်ခံမှု ရရှိသောကြောင့် မိမိတို့အဖွဲ့သာလျှင် ချင်းရေးရာဝန်ကြီးကိုရ၍ ချင်းဝိသေသတိုင်း၏ အုပ်ချုပ်ရေးကို ကိုင်ရမည်ဖြစ်ကြောင်း ကိုတင်ပြကြ၏။ ဝန်ကြီးချုပ်သခင်နုက ချင်းကွန်ဂရက်၏ အဖွဲ့ခေါင်းဆောင် ဇာရဲလျံသည် အသက်ငယ် သေးသည်။ အိမ်ထောင် မရှိသေးဘူး၊ နိုင်ငံရေးဗဟုသုတ မရှိသေးဘူး၊

---

**၁၆။ ချင်းဝိသေသတိုင်း။** ။ ဗြိတိသျှတို့သည် ချင်းတောင်တန်းဒေသကို ၁၈၉၂ ခုနှစ်တွင် အပြီးအပိုင် သိမ်းပိုက်ခဲ့ပြီးနောက် ၁၈၉၆ ခုနှစ် ချင်းတောင်များ စည်းမျဉ်းဥပဒေ The Chin Hills Regulation, 1896 ကို ရေးဆွဲ၍ နှစ်ပေါင်း ၅၀ မျှ စီမံအုပ်ချုပ်ခဲ့သည်။ ၁၉၄၈ ခု ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် အချုပ်အခြာ အာဏာ လွတ်လပ်ရေးရသည်မှစ၍ နယ်ချဲ့ဗြိတိသျှတို့၏ ချင်းတောင်များ စည်းမျဉ်းဥပဒေကို ချုပ်ငြိမ်းစေပြီး ၁၉၄၈ ခုနှစ် ချင်းဝိသေသတိုင်း အက်ဥပဒေ The Chin Special Division (Extension of Laws) Act, 1948 ကို ပြဋ္ဌာန်းခဲ့သည်။ ထိုဥပဒေ၌ ချင်းအမျိုးသားတို့၏ မိရိုးဖလာ ကျင့်သုံးခဲ့သည့် ပဒေသရာဇ်ဆန်စွာ ရေးကျသော ရှီလာ Shillanh (ခေါ်) ကျွန်စနစ်ကို အသိအမှတ်ပြုသည့် ကျွန်ပြုမှု အက်ဥပဒေ The Slavery Act များပင် ပါဝင်လျှက် ရှိခဲ့သည်။

၁၉၇၄ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့က အတည်ပြု ပြဋ္ဌာန်းခဲ့သော ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ယခင် ချင်းဝိသေသတိုင်းကို ချင်းပြည်နယ်အဖြစ် ထူထောင်လိုက်သည်။

(ဦးဝမ်းတင်ရေး "ထင်းရှူးနံ့သင်းတဲ့ ချင်းတို့မြေ" စာ–၄၄–၄၆)

**၁၇။ ဦးဇာရဲလျံ။** ။ ချင်းအမျိုးသား နိုင်ငံရေးခေါင်းဆောင် ဖြစ်သည်။ ၁၉၂၃ ခု ဖေဖော်ဝါရီလ ၂၃ ရက်နေ့ မြောက်ပိုင်းချင်းတောင်ဒေသ ဖာလမ်းမြို့နယ် ကလောက်ကျေးရွာ၌ ဖွားမြင်သည်။ အဖ ဇာဟောက်အကြီးအကဲ ဦးတန်တိုက်လျံနှင့် အမိ ဒေါ်မင်ဇိုင်း ဖြစ်သည်။ မေမြို့ အင်္ဂလိပ် အစိုးရအထက်တန်းကျောင်းမှ ၁၀ တန်းအောင်ပြီး ၁၉၄၁ ခုနှစ်တွင် အိန္ဒိယနိုင်ငံသို့ ထွက်ခွာ၍ ဒုတိယဗိုလ်အဆင့်ဖြင့် စစ်မှုထမ်းခဲ့ပြီးနောက် ၁၉၄၇ ခုနှစ်အထိ မြန်မာနိုင်ငံ မြို့ပြအုပ်ချုပ်ရေး အရာရှိ၊ ၁၉၄၉–၅၁ ကန်ပက်လက်ခရိုင်ဝန်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် နိုင်ငံရေးလောကသို့ ဝင်ရောက်ပြီး ချင်းအမျိုးသား ကွန်ဂရက်ကို တည်ထောင်၍ ဥက္ကဋ္ဌဖြစ်သည်။ ထိုနှစ်မှာပင် ဖာလမ်းမြောက် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်အမတ်အဖြစ် အရွေးခံရသည်။

ဒါကြောင့် ဝန်ကြီးအဖြစ် လက်မခံနိုင်ပါ။ ကပ္ပတိန် မန်းတုံနုံးကိုသာ ဝန်ကြီးပေးမည်ဖြစ်ကြောင်း ပြန်ပြောလိုက်၏။

ချင်းကွန်ဂရက်အမတ်များကလည်း ထိုသို့လုပ်ခြင်းမှာ ဒီမိုကရေစီမကျကြောင်း၊ အမတ်များရာအဖွဲ့သာလျှင် ဝန်ကြီးဖြစ်သင့်ကြောင်း၊ ဝန်ကြီးချုပ် ဆန္ဒအရ မဟုတ်ဘဲ လူထု၏ ဆန္ဒအရသာ ဖြစ်ရမည်ဖြစ်ကြောင်း ပြောသောအခါ သခင်နုက "မင်းတို့ ဘာနားလည်သလဲ တိတ်ပါ" ဟုငေါက်ငမ်းခဲ့၏။

ဝန်ကြီးချုပ်သခင်နု အနေနှင့် အမတ်နှစ်ယောက်သာရှိသော ကပ္ပတိန် မန်းတုံနုံးကို ဝန်ကြီးခန့်လျှင် အရုပ်ဆိုးမည်ဟု မြင်သောအခါ ညီညွတ်ပြီးသားဖြစ်သော ချင်းကွန်ဂရက် အဖွဲ့မှ **ဦးရှိန်ထန်း** [၁၈] ကို တိတ်တဆိတ်ခေါ်ယူ၍ ဝန်ကြီးနေရာနှင့်တော့ ခင်ဗျားပဲ သင့်တော်တယ်၊ ခင်ဗျားက အသက်လည်းကြီးပြီး ဗဟုသုတလည်းရှိတယ်ဟု အကြောင်းအမျိုးမျိုးပြ၍ ခွဲထုတ်ခဲ့၏။ ထိုအခါ ညီညွတ်ပြီးသား ချင်းအမျိုးသာကွန်ဂရက် အဖွဲ့သည် နှစ်ခြမ်း ကွဲသွားခဲ့၏။ ကွဲလာသောအခါ ဦးရှိန်ထန်းကို ချင်းရေးရာဝန်ကြီး ခန့်ခဲ့၏။ ဝန်ကြီးချုပ် သခင်နု၏ အခွဲ အုပ်ချုပ်ရေးစနစ်သည် ဤတွင်အောင်မြင်သွား၏။

---

**၁၈။ ဦးရှိန်ထန်း။** ။ ချင်းအမျိုးသား နိုင်ငံရေးခေါင်းဆောင် တဦးဖြစ်သည်။ ၁၈၉၅ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် တောင်ပိုင်း ချင်းတောင်ဒေသ ရမ်ပန်ရွာ၌ အဖ ဦးရှိန်ကီးရှိန် အမိ ဒေါ်လက်ထန်းထုန်တို့မှ ဖွားမြင်ခဲ့သည်။ ၁၉၀၄–၁၉၁၁ ခုနှစ်များတွင် စိန်ပီတာအင်္ဂလိပ် အထက်တန်းကျောင်း၊ ၁၉၁၆ ခုနှစ် ပခုက္ကူမြို့ ဝက်စလေယန် အထက်တန်းကျောင်းမှ အထက်တန်းစာမေးပွဲ အောင်မြင်ခဲ့သည်။ အထက်ချင်းတွင်းနယ် ကင်းတပ်မြို့၌ ကျောင်းဆရာအဖြစ် အမှုထမ်းခဲ့သည်။ ပထမကမ္ဘာစစ်အတွင်း၌ အမှတ် (၁၇) ဘားမားရိုင်ဖယ်လ်တပ် (17th Burma Rifles) တွင် စစ်မှုထမ်းခဲ့၍ ဗြိတိသျှ အစိုးရက အောင်ပွဲတံဆိပ်၊ အထွေထွေ စစ်မှုထမ်းတံဆိပ်၊ ဆဋ္ဌမမြောက် ဂျော့ဘုရင်၏ ဘိသိက်ခံပွဲ တံဆိပ် (A. T. M) (အမှုထမ်းကောင်းမင်းများ) တံဆိပ်များ ချီးမြှင့်ခံရသည်။ ၁၉၄၉ ခုနှစ်တွင် အထူး သစ်တောမင်းကြီးအဖြစ်မှ အနားယူပြီး နိုင်ငံရေး လောကသို့ ဝင်ရောက်၍ ချင်းအမျိုးသား ကွန်ဂရက်ခေါင်းဆောင် တဦးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၂ ခုနှစ် ချင်းအမျိုးသား ကွန်ဂရက် ကွဲ၍ ၎င်းမှ နုတ်ထွက်ခဲ့သည်။ ၁၉၅၁ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင် ကန်ပက်လက် မဲဆန္ဒနယ်မှ အရွေးခံရပြီး ၁၉၅၂ ခုနှစ် ဧပြီလ ၂၁ ရက်နေ့တွင် ဦးနုက ချင်းရေးရာဝန်ကြီးအဖြစ် ခန့်အပ်ခဲ့သည်။ ၁၉၅၄ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့တွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီး၊ ၁၉၅၆ ခု ဇွန်လ ၁၂ ရက်နေ့တွင် ပြန်လည်ထူထောင်ရေး ဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။ ၁၉၅၈ ခုနှစ် ဇွန်လ ၄ ရက်နေ့ ဖဆပလ အကွဲအပြဲ၌ ဦးဘဆွေ–ဦးကျော်ငြိမ်း (တည်မြဲ) အုပ်စုနှင့် ပူးပေါင်းခဲ့သည်။ ၁၉၆၀ ခုနှစ် အထွေထွေ ရွေးကောက်ပွဲ၌ လွှတ်တော် အမတ်အဖြစ် ပြန်လည် အရွေးခံရသည်။

သို့ရာတွင် ဝန်ကြီး ဦးရှိန်ထန်းဘက်မှ အမတ်ဦးရေနည်း၍ ဦးဇာရဲလှံ ဘက်မှ အမတ်များသဖြင့် ကောင်စီတွင် အလုပ်လုပ်လို့ မဖြစ်သောအခါ အချိန်မကြာမီအတွင်း ဦးရှိန်ထန်းကို ပြည်မ အခြားဌာန တခုပေး၍ ချင်းကွန်ဂရက်အဖွဲ့၏ ခေါင်းဆောင် ဇာရဲလှံ ကိုပင် ချင်းရေးရာ ဝန်ကြီးခန့်ပေးရ၏။

ချင်းနှင့် ကချင်ကိုသာ ဤသို့လုပ်သည် မဟုတ်ပါ။ ကရင်ကိုလည်း ထိုထက်ပိုမို ဆိုးရွားအောင် လုပ်ခဲ့၏။ **ကရင်ပြည်နယ်**[၁၉] သည် ၁၉၅၄ ခုနှစ် ဇွန်လ ၁ ရက်နေ့မှာ ပြည်နယ် ဖြစ်ပေါ်လာ၏။ ကရင်ပြည်နယ် ဖြစ်ပေါ်လာသည်နှင့် ကရင်ပြည်နယ်တွင် ကရင် ပြည်နယ် ဝန်ကြီးခေါ် ကရင်ပြည်နယ်ဥက္ကဋ္ဌ ခန့်အပ်ရပေမည်။ ကရင်ပြည်နယ် ဥက္ကဋ္ဌ ခန့်ရာ ၌ ကရင် ပြည်နယ်မှ ရွေးကောက်တင်မြှောက်သော ကိုယ်စားလှယ်များထဲက ပုဂ္ဂိုလ် တယောက်ယောက်ကို ရွေးချယ်ခန့်ထားရပေမည်။ အခြေခံဥပဒေကလည်း ထိုသို့ခွင့်ပြု ထား၍ ထိုသို့ ဖြစ်မှသာလျှင် သဘာဝကျပေမည်။

---

**၁၉။ ကရင်ပြည်နယ်**။ ။ ကရင်ပြည်နယ်ကို သတ်မှတ်ရာတွင် (၁) ပထမဦးဆုံး သံလွင်ခရိုင်ကို ကရင်ပြည်နယ် အဖြစ် သတ်မှတ်ရန် ဖွဲ့စည်းပုံ အခြေခံပြင်ဆင်ချက် ဥပဒေကို နိုင်ငံတော်သမ္မတက လက်မှတ် ရေးထိုးသော ၁၉၅၂ ခုနှစ် နိုဝင်ဘာလ ၇ ရက်၊ (၂) ဒုတိယ ဘားအံ၊ လှိုင်းဘွဲ့၊ ဖာပွန်နှင့် သံတောင်မြို့နယ်များကို ကရင်ပြည်နယ်အဖြစ် တိုးချဲ့ သတ်မှတ်သော ၁၉၅၄ ခုနှစ် ဇွန်လ ၁ ရက်၊ (၃) တတိယ ကော့ကရိတ်နှင့် ကြာအင်းဆိပ်ကြီး မြို့နယ်များအား ကရင်ပြည်နယ်အဖြစ် တိုးချဲ့သတ်မှတ်ခဲ့သော ၁၉၅၅ ခုနှစ် ဇူလိုင်လ ၁ ရက်၊ စသည်ဖြင့် အခြေခံနေ့ သုံးရက်ရှိခဲ့သည်။

ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကြီး ကျင်းပ၍ ၁၉၇၄ ခု ဇန်နဝါရီလ ၃ ရက်နေ့တွင် အတည်ပြု ပြဋ္ဌာန်းလိုက်သော နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ကရင်ပြည်နယ် ဖြစ်ပေါ်ရန် ဦးစွာဖန်တီးပေးပြီး ကရင်ပြည်နယ်၏ ပဋိသန္ဓေတည်သည့် နိုဝင်ဘာ ၇ ရက်နေ့ကို ကရင်ပြည်နယ်နေ့အဖြစ် သတ်မှတ်ခဲ့သည်။

(စောကျော်အေး၊ “၃၄ နှစ်မြောက် ကရင်ပြည်နယ်နေ့” လုပ်သားပြည်သူ့နေ့စဉ် သတင်းစာ ၇-၁၁-၈၉)

သို့ရာတွင် ထိုသို့မဟုတ်ဘဲ ကရင်ပြည်နယ် ဥက္ကဋ္ဌနေရာတွင် မြစ်ဝကျွန်းပေါ်ဒေသမှ အရွေးခံရသော **ဦးအောင်ပ**[၂၀] ကို ကရင်ပြည်နယ်ဝန်ကြီးနှင့် ကရင်ပြည်နယ်ဥက္ကဋ္ဌ ခန့်ခဲ့သည်။ ဤသို့လုပ်ရာတွင် ကရင်ပြည်နယ်လူထုသည်လည်းကောင်း၊ ပြည်နယ် ကိုယ်စားများသည်လည်းကောင်း မကျေနပ်၍ ကန့်ကွက်ခဲ့သည်။ သို့သော် အချည်းအနှီးသာ ဖြစ်ခဲ့သည်။

နောက်ဆုံး၌ ကောင်စီတွင် အလုပ်လုပ်၍မဖြစ်တော့မှ ဦးအောင်ပကို ခေါ်ယူပြီး ပြည်မတွင် ကျန်းမာရေးဝန်ကြီးဌာနပေး၍ ကရင်ပြည်နယ်မှ ရွေးကောက်တင်မြှောက်ခဲ့သော **ဒေါက်တာစောလှထွန်း** [၂၁] ကို ကရင်ပြည်နယ်ဥက္ကဋ္ဌ ခန့်ခဲ့သည်။

---

**၂၀။ ဦးအောင်ပ။** ။ ကရင်အမျိုးသား နိုင်ငံရေးခေါင်းဆောင် တဦးဖြစ်သည်။ ၁၉၁၉ ခု ဧပြီလ ၁၃ ရက်နေ့ ဟသ်ာတခရိုင် ညောင်ကုန်းကျေးရွာ၌ အဖဦးဖိုးထင် အမိ ဒေါ်မင်းစိန် တို့မှ ဖွားမြင်သည်။

၁၉၃၅ ခုနှစ်တွင် ဟသ်ာတ အေဘီအမ် ကရင်အမျိုးသားအထက်တန်းကျောင်းမှ အထက်တန်းအောင်၍ ၁၉၄၁ ခုနှစ်တွင် ဂျပ်ဆင်ကောလိပ်မှ (ဘီအေ) ဘွဲ့ရပြီး ဟသ်ာတ ကမ်းမင်း အထက်တန်းကျောင်းနှင့် ဖဲ့လ်ပ် (Phelp's) အထက်တန်းကျောင်းများတွင် ဆရာအဖြစ် အမှုထမ်းခဲ့သည်။ ကရင်လူငယ်အစည်းအရုံးကို ထူထောင်ပြီး ၁၉၄၇ ခုနှစ် တိုင်းပြုပြည်ပြု လွှတ်တော်အမတ်အဖြစ် အရွေးခံရသည်။ ပြည်ထောင်စု ကရင်အမျိုးသား အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဖြစ်သည်။ ၁၉၅၁ ခုနှစ်တွင် ပါလီမန်အမတ်အဖြစ် ပြန်လည်အရွေးခံရပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ဒီမိုကရေစီ ဒေသန္တရ အုပ်ချုပ်ရေး ဝန်ကြီးဌာန၏ ပါလီမန်အတွင်းဝန်အဖြစ် တာဝန်ထမ်းရွက်သည်။ ၁၉၅၃ ခု မတ်လ ၁၂ ရက်နေ့တွင် ကရင်ပြည်နယ်ဝန်ကြီးနှင့် ပြည်နယ် ဥက္ကဋ္ဌ၊ ထိုနောက် ၁၉၅၅ ခုနှစ်တွင် ကျန်းမာရေးဝန်ကြီးအဖြစ် ဆောင်ရွက်သည်။ ၁၉၅၆ ခုနှစ်တွင် ကျိုက်လတ် မဲဆန္ဒနယ်မှ လွှတ်တော်အမတ်အဖြစ် ပြန်လည် အရွေးခံရသည်။ ၁၉၅၆ ခု ဇွန်လ ၁၂ ရက်နေ့မှစ၍ ပြည်သူ့လုပ်ငန်းနှင့် ဆောက်လုပ်ရေးဌာန ဝန်ကြီး၊ ၁၉၅၈ ခု ဇွန်လ ၅ ရက်နေ့မှစ၍ ရေကြောင်းပို့ဆောင် ဆက်သွယ်ရေးဌာန ဝန်ကြီးအဖြစ် ထမ်းရွက်ပြီး ထိုနှစ် အောက်တိုဘာ ၂၀ ရက်နေ့တွင် ထိုရာထူးမှ နုတ်ထွက်သည်။

**၂၁။ ဒေါက်တာ စောလှထွန်း။** ။ ၁၉၀၆ ခု ဩဂုတ်လ ၈ ရက်နေ့တွင် အဖ ဦးငြိမ်းမောင် အမိ ဒေါ်ခါဥတို့မှ ဖွားမြင်ခဲ့သည်။ မော်လမြိုင်မြို့ ဂျပ်ဆင်အထက်တန်းကျောင်းနှင့် ရန်ကုန်မြို့အစိုးရ ဆေးအတတ်သင်ကျောင်းတို့တွင် တက်ရောက်ခဲ့ပြီး ၁၉၃၂ ခုနှစ်တွင် ဆရာဝန်ဘွဲ့ LMP (Licensed Medical Practitioner) ရခဲ့သည်။ ကျန်းမာရေးဌာနတွင် အမှုထမ်းခဲ့သည်။ ဂျပန်ခေတ်အတွင်း၌ သံလွင်အရှေ့နယ်တွင် ဖက်ဆစ်ဂျပန်များအား တော်လှန်ရာ၌ ခေါင်းဆောင် ပါဝင်ခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် ကရင်သောင်း ကျန်းသူများအား နှိမ်နင်းရာတွင် ပြောက်ကျားတပ်များ စုဆောင်းဖွဲ့စည်းသည်။ ၁၉၅၂ ခုနှစ်နှင့် ၁၉၅၆ ခုနှစ်များတွင် ကြာအင်းဆိပ်ကြီး မဲဆန္ဒနယ်မှ လွှတ်တော်အမတ်အဖြစ် အရွေးခံရသည်။ ၁၉၅၆ ခုနှစ် ဇူလိုင်လ ၉ ရက်နေ့တွင် ကရင်ပြည်နယ်ဥက္ကဋ္ဌနှင့် ကရင်ပြည်နယ် ဝန်ကြီးဖြစ်လာသည်။ ဖဆပလ ကွဲသော အခါ တည်မြဲအုပ်စုဝင် ဝန်ကြီးများနှင့်အတူ ၁၉၅၈ ခု ဇွန်လ ၄ ရက်နေ့တွင် အစိုးရအဖွဲ့မှ နုတ်ထွက်ခဲ့ရသည်။

ဝန်ကြီးချုပ်သခင်နုသည် ပြည်နယ်ကိုယ်စားလှယ်များ၊ လူမျိုးစုကိုယ်စားလှယ်များနှင့် တွေ့တဲ့အခါတိုင်း မင်းတို့အားလုံးကို ငါချစ်ပါတယ်။ သနားပါတယ်။ မင်းတို့အပေါ်မှာ သွေးခွဲစနစ် (Divide And Rule) ကိုသုံးပြီး အုပ်ချုပ်နေတာ မဟုတ်ပါဘူးဟု မကြာခဏပြောလေ့ ရှိသော်လည်း တကယ့်လက်တွေ့ကျသောအခါ ညီညွတ်ပြီးသား ပြည်နယ်သားများ၊ ညီညွတ်ပြီးသား လူနည်းစုများကို ကွဲပြဲအောင် ဖန်တီးပေးခဲ့သည်။ ဒီမိုကရေစီအစစ်ကို မပေးဘဲ ဝါမိုကရေစီကိုသာ ပေးခဲ့၏။

* * * * * * * * * * * * * * *

## ၃ ・ ၃ ပြည်နယ်များကို ဖျက်ဆီးလိုသော ဦးနု

ဝန်ကြီးချုပ်သခင်နုသည် ပြည်နယ်နှင့် လူနည်းစုများကို အားပေး၍ မြေတောင်မြှောက်ပေး ရမည့်အစား၊ ပြည်နယ်များကို တည်တံ့ခိုင်မြဲအောင် လုပ်ရမည့်အစား၊ ပြည်နယ်တွေကို ဖျက်ဆီးချင်သည့် စကား၊ ပြည်နယ်တွေကို မထားချင်သည့် စကားကို ပါလီမန်ထဲမှာရော၊ ပါလီမန် အပြင်မှာရော ပြောခဲ့သည်။ ပါလီမန်မှာ ပြောသောစကားတွင် အောက်ပါစကားတရပ်ကို သက်သေအဖြစ်ပြရသော်

**၁၉၅၇ ခုနှစ် မတ်လ (၇) ရက်နေ့ ဝန်ကြီးချုပ် ဦးနု၏ မိန့်ခွန်းထဲမှ ကောက်နုတ်ချက်တခု**

> "ကျွန်တော်တို့ကနေပြီး ယခု ရခိုင်ပြည်ကို ဦးထွန်းလှဖြူတို့နှင့် ကျွန်တော့်မိတ်ဆွေများ ဖြစ်ကြတဲ့ အမတ်မင်း ဦးကျော်မင်းတို့ရဲ့ အဖွဲ့ကလိုလားတဲ့ ရခိုင်ပြည်ကို ပြည်နယ်အဖြစ်နှင့် ကျွန်တော်တို့ မပေးတဲ့ ဥစ္စာဟာ ရခိုင်လူမျိုးတွေကို မုန်းလို့ မဟုတ်ဘူး ဆိုတာကို ပထမအနေနှင့် အစီရင်ခံချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုလျှင် ကျွန်တော် အမှန်အတိုင်းပြောရလျှင် ပြည်နယ်ဆိုတဲ့ ဥစ္စာဟာကောင်းတဲ့ဥစ္စာ မဟုတ်ပါဘူး၊ ပြည်နယ်ကို ရှေးဦးစွာပထမ ကျွန်တော်တို့ တိုင်းပြည်ပြုလွှတ်တော်မှာ ရှမ်းပြည်နယ်၊ ကချင် ပြည်နယ်၊ ကယားပြည်နယ် အစရှိတဲ့ ပြည်နယ်တွေကို ပေးစဉ်တုန်း က ကျွန်တော့်မိန့်ခွန်းကို ပြန်ကြည့်ပါ။ သည်လို ပြည်နယ်တွေကို ကျွန်တော်တို့ကပေးရတယ် ဆိုတာဟာ ကျွန်တော်တို့သဘောကျလွန်းလို့ပေးတာ မဟုတ်ပါဘူး"

ဤအတိုင်း ပါလီမန်မှာ ပြောပြီးနောက် ၁၉၅၈ ခုနှစ် ဧပြီလ (၈) ရက်နေ့ မော်လမြိုင်မှာ ကျင်းပသည့် မွန် ညီလာခံမှာ၊ မွန်ရာမည အမျိုးသားများက ဝန်ကြီးချုပ်အား ဂုဏ်ပြုသော လက်ဖက်ရည်ပွဲထဲမှာ မိန့်ခွန်းပြောသည့်အခါမှာလည်း

"မွန်အမျိုးသားများဟာ မွန်ပြည်နယ်လိုချင်ကြတယ်။ ပြည်နယ် ဆိုတာမကောင်းပါဘူး။ ပြည်နယ်ဆိုတာ အိမ်နောက်ဖေးနှင့် တူပါတယ်။ မီးဖိုချောင်လောက်နှင့်သာ တူပါတယ်။ ဒါကြောင့် မွန်အမျိုးသားများဟာ ပြည်နယ်ကို မလိုချင်ကြပါနဲ့"

လို့ပြောခဲ့ပါသည်။

ဤသို့ ပြည်နယ်များကို ဖျက်ဆီးလိုသည့် စကားပြောသော ဦးနုသည် လက်တွေ့အားဖြင့် ဘာလုပ်သလဲ ဆိုလျှင် ပြည်နယ်တွေ စိတ်ပျက်လာအောင် လုပ်ပါသည်။ ပြည်နယ်တွေဟာ ကြီးပွားရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးမှာ တိုးတက်လာရန်အတွက် ငွေလိုပါသည်။ ငွေများများရမှ အလုပ်များများလုပ်နိုင်ပြီး ပြည်နယ်တွေ တိုးတက်မည်။ သို့ရာတွင်ဝန်ကြီးချုပ်သခင်နုသည် ပြည်နယ်တွေ အလုပ်များများ မလုပ်နိုင်အောင် ထောက်ပံ့ကြေးနည်းနည်းသာပေးပါသည်။

ဝန်ကြီးချုပ် သခင်နု၏ လက်အောက်မှာ ခန့်ထားသည့် ပြည်နယ်များ ထောက်ပံ့ရေးဘုတ်အဖွဲ့ ဆိုသည်မှာလည်း အဓိပ္ပာယ် မရှိသော ဘုတ်အဖွဲ့သာဖြစ်ပါသည်။ မည်သို့ အဓိပ္ပာယ်မရှိသနည်း ဆိုလျှင် ဘုတ်အဖွဲ့ဆိုသည်မှာ အဖွဲ့ဝင်လူကြီးများအားလုံး ဆွေးနွေးခွင့်ရှိပြီး မိမိတို့၏ ထင်မြင်ရာ ယုံကြည်ရာတင်ပြပြီး ဆုံးဖြတ်နိုင်ခွင့် ရှိရပါသည်။ သို့ရာတွင် သခင်နုက ခန့်ထားသော ပြည်နယ်များ ထောက်ပံ့ကြေးပေးရေးဘုတ်အဖွဲ့မှာ အဖွဲ့ဝင်များ အဖြစ်နှင့် ပြည်နယ်ဥက္ကဋ္ဌများ၊ ပြည်နယ်ဝန်ကြီးများဌာန အတွင်းဝန်များ ပါဝင်ပါသည်။ သို့ပေမယ့် တနှစ်တခါ ဘတ်ဂျက်လုပ်သည့်အချိန်မှာခေါ်ယူပြီး ဒီနှစ် ငွေ ဒီလောက်ပဲပိုပါတယ်၊ ဒါကို အချိုးကျ ဝေယူကြပါ ဆိုတာလောက်သာ ကြားနာရပြီး ၎င်းသူတို့ပေးသော ငွေကို ပြည်နယ်များဟာ "ရှမ်း– ၅၊ ကချင်– ၁၊ ကရင်– ၂၊ ကယား– ၁၊" အချိုးအစားအတိုင်း ဝေယူကြပြီး ပြန်ကြရပါသည်။ ပြည်နယ်တွေက ထောက်ပံ့ကြေး မလောက်သည့်အကြောင်း၊ ထပ်တိုးပေးဖို့ သင့်ကြောင်း ပြောသောအခါ ဘာမှပြန်ပြောဖော်မရဘဲ တုံးတိတိ ဖြစ်သွားတတ်ပါသည်။

ဤကား တနှစ်တည်းမဟုတ်ပါ။ လွတ်လပ်ရေး ရသည့်နှစ်ကစပြီး ဖဆပလ ကွဲသည်အထိ ၁၀ နှစ်လုံးလုံး ဖြစ်ခဲ့ပါသည်။ ဘုတ်အဖွဲ့မှာ ပြောလို့ ဘာမှထူးခြားခြင်း မရှိသည့်အခါတွင် ပြည်နယ်ဥက္ကဋ္ဌများဟာ ဝန်ကြီးချုပ် သခင်နုဆီ သွားကြပါသည်။ ချဉ်းကပ်ကြပါသည်။ သို့သော် မထူးခြားပါ။ ပြည်နယ်များ ထောက်ပံ့ကြေးပေးဖို့ တောင်း

သောကိစ္စပြောဖို့ ချိန်းသည့်အခါတိုင်း ဝန်ကြီးချုပ်အကြိုက် အမြဲဖော်လံဖား ပြောတတ်သော ဥပဒေပါရဂူ အမည်ခံများ၊ ဂဏန်းပါရဂူ အမည်ခံများကို ခေါ်ထားပြီး တပြားမှ မရထိုက်အောင်၊ တနည်းအားဖြင့် ပြည်နယ်များကပဲ ပြည်မကို ငွေပေးရန်လိုအောင် ဂဏန်းတွေအများကြီး ဟိုတွက်ပြ၊ ဒီတွက်ပြဖြင့် ပြည်နယ်ဥက္ကဋ္ဌများ ခေါင်းမူးအောင် လုပ်ပြီး ကြိမ်းလွှတ်လိုက်ပါသည်။

"မင်းတို့ ပြည်နယ်ရပြီပဲ၊ ပြည်နယ်တွေ ပေးပြီပဲ၊ မင်းတို့ဟာသာ အခွန်တော်ကောက်ပြီး အလုပ်လုပ်ပါလား။ မင်းတို့ကို အခွန်တော်ကောက်ဖို့ အခွန်တော်စာရင်းတွေ လုပ်ပေးပြီးပြီပဲ။ ဘာကြောင့် လက်ဝါးသာ လာလာခံပြီး တောင်းကြသလဲ။ သွား မင်းတို့ကို ပေးစရာ မရှိဘူး"

ဤကား ဝန်ကြီးချုပ်သခင်နု၏ ပြည်နယ်များအပေါ်မှာ ချစ်ပါသည်၊ ကြင်နာပါသည် ဆိုသော စကား၏အဓိပ္ပါယ်ကို ပေါ်လွင်စေသော စကားရပ်ဖြစ်ပါသည်။

သူတို့၏တွက်ပြပုံ တွက်ပြနည်းမှာ လူဦးရေနှင့် နယ်မြေဧရိယာတွက်ပြီး–

"မင်းတို့ပြည်နယ်တွေဟာ ဥပမာ သိန်းပေါင်း ၅၀ သာရသင့်တယ်၊ ပြည်မနှင့် ပြည်မအားလုံးဆိုင်တဲ့ ဘုံလုပ်ငန်း ဗဟိုလုပ်ငန်းဖြစ်တဲ့ ပါလီမန်စရိတ်၊ သမ္မတစရိတ်၊ နိုင်ငံခြားရေးစရိတ်၊ ကာကွယ်ရေးစရိတ်တို့အတွက် ပြည်နယ်များမှ သိန်းပေါင်း ၁၀၀ ပေးရမယ်။ ဒီတော့ မင်းတို့ပြည်နယ်တွေဆီက လုံးဝမတောင်းဘဲနဲ့ ပြည်မကသာ အမြဲပေး နေရတယ်"

စသည်ဖြင့် တွက်ပြတတ်ပါသည်။

ပြည်နယ်များ အနေနှင့် မြင်သည်ကတော့ ပြည်မကြီးရော ပြည်နယ်များ အားလုံးကပါ ပိုင်ဆိုင်သောငွေများ ပြည်မမှာရှိပါသည်။ ကျွန်းသစ် ရောင်းရသည့်ငွေ၊ ဆန်စပါး ရောင်းရသည့်ငွေ၊ ပင်လယ် အကောက်အခွန်၊ ကုန်း အကောက်ခွန်၊ အမြတ်တော်ကြေးခွန်၊ စသည်တို့မှာ ပြည်ထောင်စုကြီး တခုလုံးနှင့် ဆိုင်ပါသည်။ ၎င်းဘုံငွေထဲမှ အထက်ကဖော်ပြခဲ့သော ဗဟိုလုပ်ငန်းတွေအတွက် နုတ်ပြီး၊ ကျန်သည့်ငွေကို ပြည်မနှင့် ပြည်နယ်များ အချိုးကျ တွက်ပေးပါ။ ထိုသို့ပေးသောငွေ မလောက်သဖြင့် ပြည်မ၏ အပုံထဲမှ ပေးရသည့်ငွေကသာ ထောက်ပံ့ကြေးမည်ပါသည်။ ယခုတော့ ဤသို့မဟုတ်ဘဲ ပေးဖို့လုံးဝမရှိအောင် တွက်ပြသည့်နည်းနှင့် တွက်ပြနေခြင်းသည် နည်းမှန်လမ်းမှန် မဟုတ်ပါ။

အထက်ကရေးခဲ့သည့် ကျွန်းသစ်ရောင်းရငွေ ဆိုရာမှာလည်း နိုင်ငံတော် သစ်ထုတ်လုပ်ရေးအဖွဲ့က နိုင်ငံခြားရောင်းလိုက်သည့် ကျွန်းသစ်တွေထဲမှ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်မှ အမြောက်အမြားပါသည်။ နိုင်ငံခြားကို ထုတ်ရောင်းသည့် ကျွန်းသစ်များထဲမှာ ကချင်ပြည်နယ်မှ ၇၀ ရာခိုင်နှုန်းပါခဲ့သည်။ ဆန်စပါးမှာလည်း နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့မှ ထုတ်ရောင်းသည့်အထဲမှာ ပြည်နယ်များမှ ဆန်စပါးလည်း ပါပါသည်။ ထို့ပြင် အကောက်အခွန်ထဲမှာ နိုင်ငံခြားမှ ဝင်လာသည့် ကုန်ပစ္စည်းများကို ဝယ်ယူသည့် လူတိုင်းလူတိုင်းဟာ အကောက်ဆောင်ရပါသည်။ အဘယ်ကြောင့်ဆိုလျှင် ကုန်သည်က ပစ္စည်းများကို ရောင်းသည့်အခါမှာ ဆိပ်ကမ်းအရောက် တန်ဖိုးအပေါ်မှာ အကောက်ခွန်ထည့်၊ သူ့ရဲ့ အမြတ်ထည့်ပြီး တင်ဆောင်ခ ကူလီခတို့ အကုန်တွက်ထည့်ပြီး ရောင်းလိုက်ခြင်းသာဖြစ်သည်။ သို့ကြောင့် နိုင်ငံခြားမှ လာသည့် ကုန်ပစ္စည်းတွေကို ဝယ်ယူသော ပြည်နယ်သားတိုင်းဟာ အကောက်တော်ဆောင်နေရပါသည်။ ယခုတော့ တနှစ် တနှစ်ကို ပြည်နယ်ထဲကို ဖြန့်ဖြူးလိုက်သည့် နိုင်ငံခြားကုန်တွေ အပေါ်မှာ တွက်ကြည့်လျှင် ဘယ်နည်းမလဲ။ အမြတ်တော်ခွန်ဆိုရာမှာလည်း ကချင်ပြည်နယ်ဟာ ယခင် အင်္ဂလိပ်လက်ထက်ကတည်းက တပြေးတည်းဆောင်နေ ရပါသည်။

ဒါတွေ ဒါတွေကြောင့် ပြည်နယ်များဟာလည်း အလကားသက်သက် တောင်းနေခြင်းမဟုတ်ဘဲ တောင်းသင့် တောင်းထိုက်လို့ တောင်းခြင်းသာ ဖြစ်ပါသည်။

ပြည်နယ်များ၏ အခွန်တော်စာရင်းကို ကြည့်လိုက်သည့်အခါမှာ အဓိကအားဖြင့် (၁) လယ်ခွန် (၂) မြေခွန် (၃) အင်းခွန် (၄) ကူးတို့ခွန် (၅) ယစ်မျိုးခွန် (၆) သစ်တောခွန် ဆိုပြီး အသေအချာ စာရင်းပြနိုင်သည်မှာ ဤ ၆ မျိုးသာရှိပါသည်။ ကျန်သည့် အခွန်များမှာ မပြောပလောက်သည့် အသေးအဖွဲ တွေသာဖြစ်ပါသည်။ ဤအခွန်တော် ၆ မျိုးကို တခုစီ ဆန်းစစ်လိုက်သည့်အခါမှာလည်း ယခုအခြေအနေအရ အားကိုးအားထား ပြုနိုင်လောက်သည့် အခွန်တော် တခုမှမရှိပါ။

ပြည်နယ်များဟာ များသောအားဖြင့် တောင်ပေါ်ဒေသများ ဖြစ်ခြင်းကြောင့် လယ်ခွန်လည်း များများစားစား မရနိုင်ပါ။ ပြည်နယ်တွေမှာ မြေကပေါ လူထုကနည်းနေသည့်အတွက် မြေတန်ဖိုးမရှိပါ။ မြေခွန်ဆောင်နိုင်အောင် မြေကိုအသုံးချခြင်း နည်းပါးသည့်အတွက် မြေခွန်ကလည်း မျှော်လင့်စရာမရှိပါ။ ပြည်နယ်တွေသည် တောင်ပေါ်ဒေသဖြစ်သည့်အတွက် အခွန်တော် ကောက်ခံနိုင်အောင် ငါးရှိသော အင်းတွေလည်းမရှိပါ။ ထို့ကြောင့် အင်းခွန်လည်း ပြောပလောက်အောင်မရှိပါ။ ပြည်နယ်သူ ပြည်နယ်သားများသည် ဆင်းရဲသည့် လူကများနေသည့်အတွက် သစ်ပင်ကိုခုတ် ကိုယ့်လှေကိုယ်ထွင်း၊ ဝါးတွေ ကိုခုတ် ကိုယ့်ဖောင်ကိုယ်ဖွဲ့ပြီး ကူးကြသည့်အတွက် ကူးတို့ခွန် ကောက်နိုင်အောင် ကူးတို့

လည်း ရှာမှရှားပါသည်။ ပြည်နယ်များ၌ တောင်တန်းသားများက မိမိတို့၏ ဘာသာဘာဝ ဓလေ့ထုံးစံအရ အရက်ချက်ခြင်း၊ အရက်ထားခြင်းများကို ဓလေ့ထုံးစံ ဥပဒေက ခွင့်ပြုထား သဖြင့် အခွန်ကောက်နိုင်အောင် အရက်သေစာများကိုလည်း ရောင်းဝယ်ဖောက်ကားခြင်း မလုပ်နိုင်ပါ။ သစ်ခွန်တခုသာလျှင် အနည်းငယ် ရနိုင်ပါသည်။

ဥပမာ ကချင်ပြည်နယ်မှာ ဤအခွန်တွေကို အစွမ်းကုန် ကောက်လိုက်သည့်အခါ တွင် သိန်းပေါင်း ၅၀ လောက်ရပါသည် ဆိုပါစို့။ ပညာရေးတခုတည်းမှာပဲ အသုံးစရိတ်က သိန်းပေါင်း သုံးဆယ်ကျော် လေးဆယ်ခန့်ဖြစ်ပါသည်။ သို့ဖြစ်လျှင် အခြားကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လယ်ယာစိုက်ပျိုးရေး၊ သစ်တောပြုစုရေးတို့ကို မည်သို့ဆောင် ရွက်ပါမည်နည်း။ အတော်ပင် အခက်အခဲတွေ့နေရပါသည်။

ဤသို့ ပြည်နယ်များသည် လုပ်ချင်တိုင်း မလုပ်နိုင်၍ အခက်အခဲတွေ့လာလျှင် စိတ်ပျက်ပြီး ပြည်နယ် မလိုချင်ဘဲ၊ ပြည်နယ်ဖျက်သိမ်းချင်လာအောင် သခင်နု အစိုးရဟာ ပြည်နယ်ထောက်ပံ့ကြေး နည်းနည်းသာ ပေးခြင်းဖြစ်ပါသည်။

ပြည်နယ်များကိုပေးသော ထောက်ပံ့ကြေးများကို ပေါင်းလိုက်သည့်အခါမှာ ပြည်မ ဝန်ကြီးဌာနတခု၏ လက်အောက်မှာရှိသော ဌာနခွဲလေး တခုလောက်တွင် သုံးသည့် ငွေ လောက်မျှ မရှိပါ။ ဥပမာ ၁၉၅၇–၅၈ ခုနှစ် ဘတ်ဂျက်စရင်းကို ကြည့်ရာတွင် ပြည်မမှ ရဲအဖွဲ့၏ သာမန်အသုံးစရိတ်က ကျပ်ငွေပေါင်း (၁၃၃၀, ၀၉, ၀၀၀) ဖြစ်ပါသည်။ မ တည် ငွေရင်းဟာ ကျပ်ငွေပေါင်း (၂၉၃, ၇၀, ၀၀၀) ဖြစ်ပါသည်။ သာမန်အသုံးစရိတ်နှင့် မ တည် ငွေရင်းပေါင်းလိုက်သည့်အခါမှာ ကျပ်ငွေပေါင်း (၁၆၂၃, ၇၉, ၀၀၀) ဖြစ်ပါသည်။

ပြည်မ ပညာရေးဌာန၏ အသုံးစရိတ်ကိုကြည့်ပြန်လျှင် သာမန်အသုံးစရိတ်က သိန်းပေါင်း ၁၁၈၂ (၁၁၈၂, ၇၅, ၀၀၀)နှင့် မ တည်ငွေရင်း သိန်းပေါင်း ၃၇ (၃၇, ၀၀,၀၀၀) စုစုပေါင်း သိန်းပေါင်း ၁၂၁၉ (၁၂၁၉, ၀၀, ၀၀၀) ဖြစ်ပါသည်။

ဇင်းနှစ်မှာ ပြည်နယ်အစိုးရများကို ထောက်ပံ့သည့်ငွေသည် အားလုံးအတွက် သိန်းပေါင်း ၃၀၈ (၃၀၈, ၀၀, ၀၀၀)သာဖြစ်ပါသည်။ ဤနေရာတွင် ဂျပန်စစ်လျော်ကြေးငွေ တွက်ထည့်ပေးထားသဖြင့် ယခုလောက်များရခြင်းဖြစ်သည်။ ချင်းဝိသေသတိုင်းသည် နယ်မြေ အကျယ်အဝန်းအားဖြင့် ကချင်ပြည်နယ်၏ တဝက်မျှ မရှိပါ။ ကချင်ပြည်နယ်သည် ၃၃, ၉၀၃ စတုရန်းမိုင်ရှိပြီး ချင်းတိုင်းသည် ၁၂, ၇၆၃ စတုရန်းမိုင်သာရှိပါသည်။ လူဦးရေ အားဖြင့်လည်း ကချင်ပြည်နယ်သည် ၅၇၇, ၈၀၃ ရှိပြီး ချင်းဝိသေသတိုင်းဟာ လူဦးရေ ၂၃၀, ၁၁၅ သာရှိပါသည်။ သို့သော် ချင်းတောင်သည် ပြည်နယ်မယူဘဲ ပြည်မထဲပါဝင်နေ သည့်အတွက် ချင်းတောင်အား တနှစ်တနှစ်မှာ ပေးသည့်ငွေသည် ကချင်ပြည်နယ်ကို ပေးသော ငွေထက်များပါသည်။

ဤသို့ ပြည်နယ်များကို စိတ်ပျက်အောင် လုပ်သည်သာမက ဝန်ကြီးချုပ် သခင်နုသည် ၁၉၅၇ ခုနှစ် ဇွန်လ ၃ ရက်နေ့မှာ ကျင်းပသော ဝန်ကြီးအဖွဲ့ အစည်းအဝေးတွင် ပြည်နယ်ဥက္ကဋ္ဌများ ပြည်နယ်များ၏ ဘဏ္ဍာရေးအာဏာကို ရုပ်သိမ်းပြီး ပြည်မကို ပြန်အပ်ဖို့ ပြောခဲ့ပါသည်။ ပြည်နယ်ဥက္ကဋ္ဌများဟာ ချက်ချင်းကြီး မည်သို့ ပြန်ပြောရမည်မသိသည့်အတွက် အချိန်ပေးပါဟု၍ အချိန်သာတောင်းပြီး ထွက်လာခဲ့ကြပါသည်။ နောက်တနေ့တွင် ပြည်နယ်ဥက္ကဋ္ဌများအားလုံးသည် ရှမ်းပြည်နယ်ဝန်ကြီး၏ ရုံးခန်းမှာ စည်းဝေးတိုင်ပင် ပြီးလျှင် ဝန်ကြီးချုပ်၏ စကားကို ပြန်ကြားရန် ဝန်ကြီးချုပ်နှင့် အရင်းအနှီး ဆုံးဖြစ်သည့် ရှမ်းပြည်နယ်ဝန်ကြီး **စဝ်ခွန်ချို** [၂၂] ကိုဝန်ကြီးချုပ်ဆီလွှတ်လိုက်ပြီး အောက်ပါ အတိုင်း ပြောခိုင်း လိုက်ပါသည်။

ပြည်နယ်များသည် ဘဏ္ဍာရေးပေါ်မူတည်ပြီး ပြည်နယ်ကောင်စီ ဆိုသည့် ဥပဒေပြုခြင်းနှင့် ငွေခွဲဝေခွင့် ပြုပေးတဲ့ ကောင်စီနှင့် ၎င်းငွေကိုသုံးပြီး ပြည်နယ်လူထုရဲ့ ကြီးပွားရေး စီးပွားရေး၊ လူမှုရေးများကို ဆောင်ရွက်ဖို့အတွက် ပြည်နယ်အစိုးရ ဆိုပြီး ဖွဲ့ထားကြပါတယ်။ ဘဏ္ဍာရေး အာဏာရုပ်သိမ်းလိုက်သည်နှင့် တပြိုင်နက် ကောင်စီလည်း ထားဖို့မလိုတော့ပါ။ ပြည်နယ်အစိုးရလည်း ထားဖို့မလိုတော့ပါ။ ထိုကောင်စီနှင့် အစိုးရမရှိတာနှင့် တပြိုင်နက် ပြည်နယ်တွေလည်း အလိုအလျောက် ဖျက်သိမ်းပြီးသား ဖြစ်ပါမည်။ ပြည်နယ်တွေ ဖျက်သိမ်းလျှင် ပြည်နယ်လူထုက ခံမည် မဟုတ်ဘူး။ ဤသို့ဖြစ်လျှင် ပြည်ထောင်စုကြီးပြိုကွဲ ပျက်စီးဖို့သာရှိသည်။ ထိုကြောင့် ဝန်ကြီးချုပ်သည် ထိုပြည်နယ်တွေ၏ ဘဏ္ဍာရေး

---

၂၂။ စဝ်ခွန်ချို။ ။ ၁၉၁၂ ခု ဩဂုတ်လ ၁၉ ရက်နေ့တွင် မြောက်ပိုင်းရှမ်းပြည် မိုးမိတ်စော်ဘွား စဝ်ခင်မောင် (C. I. E, K. S. M) (ကျက်သရေဆောင် ရွှေစလွယ်ရမင်း) နှင့် မဟာဒေဝီ စဝ်နန်းအိမ် (မိုးကုတ်မြို့ အမှုထမ်းကောင်းမင်း A. T. M ဘွဲ့ရ ပတ္တမြား ကုန်သည် ဦးမှတ်၏သမီး) တို့မှ ဖွားမြင်သူဖြစ်သည်။ မေမြို့ အင်္ဂလိပ် အထက်တန်းကျောင်း၊ Framlingham College, Suffolk, ၁၉၂၇ ဘီအေ (Magdalene College, Cambridge) ၁၉၃၄ အမ်အေ (Cantab) ၁၉၃၇ ဘွဲ့ရခဲ့သည်။ ၁၉၃၇ ဖေဖော်ဝါရီလတွင် မိုးမိတ်စော်ဘွားအရာကို ဆက်ခံခဲ့သည်။ ၁၉၄၇ တွင် တိုင်းပြုပြည်ပြု အမတ်ဖြစ်သည်။ ၁၉၄၇ ဇူလိုင် ၂၂ ရက်တွင် နယ်ခြားဒေသ အတိုင်ပင်ခံဖြစ်သည်။ ၁၉၄၇ ခုနှစ် အောက်တိုဘာလတွင် နု–အက်တလီစာချုပ် ချုပ်ဆိုရာတွင် မြန်မာကိုယ်စားလှယ် အဖြစ် ပါဝင်သည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလမှ ၁၉၅၈ အောက်တိုဘာလ ၂၇ ရက်အထိ ရှမ်းပြည်နယ် ဥက္ကဋ္ဌဖြစ်သည်။ ၁၉၄၉ ၌ နိုင်ငံခြားရေးဝန်ကြီး၊ ၁၉၄၈ ခုမှစ၍ စော်ဘွားများ ကောင်စီဥက္ကဋ္ဌ၊ ၁၉၅၂ ခု၌ လူမျိုးစု လွှတ်တော်အမတ်၊ ရှမ်းပြည်နယ် ဥက္ကဋ္ဌနှင့် နိုင်ငံခြားရေး ဝန်ကြီး၊ ၁၉၅၆ ၌ မိုးမိတ်အမတ်၊ ဒုတိယ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဖြစ်သည်။ ၁၉၅၈ အောက်တိုဘာ ၂၈ ရက်တွင် နုတ်ထွက်ခဲ့သည်။ ၁၉၆၀ တွင် လူမျိုးစု လွှတ်တော်အမတ်အဖြစ် အရွေးခံရသည်။ ၁၉၆၀ ဧပြီလ ၁၁ ရက်နေ့တွင် ရှမ်းပြည်နယ် ဥက္ကဋ္ဌနှင့် နိုင်ငံခြားရေး ဝန်ကြီးဖြစ်သည်။

အာဏာကို ရုပ်သိမ်းဖို့ကို မကြံစည်လျှင်ကောင်းမည်။ ကျွန်တော်တို့အနေနှင့် ယုံကြည်သည်မှာ ပြည်နယ်များ တည်တံ့ခိုင်မြဲမှ ပြည်ထောင်စုကြီးတည်တံ့ ခိုင်မြဲမည်။ ပြည်နယ်တွေကြီးပွားမှ ပြည်ထောင်စုကြီး ကြီးပွားမည်။ ပြည်နယ်များသည် နယ်စပ်ဒေသ တလျှောက်မှာ ခြံစည်းရိုးပမာ တည်နေပါသည်။ ခြံစည်းရိုးများ ခိုင်မှ ခြံဟာလုံပါသည်။ ထို့ကြောင့် ဝန်ကြီးချုပ်သည် ပြည်နယ်များ၏ ဘဏ္ဍာရေးကို ဖျက်သိမ်းရန် ပြောသည့်စကားကို ပြန်ရုပ်သိမ်းသင့်ပါသည်ဟု မေတ္တာရပ်ခံခဲ့ကြပါသည်။

ထိုအခါတွင် ဝန်ကြီးချုပ် သခင်နုက "ကောင်းပြီ၊ တနှစ်တော့ ချမ်းသာရာရစေ" ဟု တနှစ်တော့ ယခင်ကအတိုင်း လုပ်ခွင့်ပြုလိုက်သည်။ ဝန်ကြီးချုပ်၏ စကားအတိုင်းဆိုလျှင် ၁၉၅၈– ၅၉ ခုနှစ် ဘတ်ဂျက်မှစ၍ ပြည်နယ်များ၏ ဘဏ္ဍာရေးအာဏာကို ရုပ်သိမ်းပြီး ပြည်မကို အပ်ဖို့ဖြစ်ပါသည်။ ယခုမှာမူ ဖဆပလ နှစ်ခြမ်းကွဲသဖြင့် ဝန်ကြီးချုပ် သခင်နုက ပါလီမန်မှာ မဲ ၈ မဲမျှနိုင်ထားသည့်အတွက် သူ့အားထောက်ခံသော တောင်တန်းသား မဲတချို့ရှိသေးသဖြင့် ထိုကိစ္စကို အစမဖော်ခြင်းသာ ဖြစ်သည်။ ဤသည်မှာ ဝန်ကြီးချုပ်သခင်နု၏ ပြည်နယ်တွေ ဖျက်သိမ်းချင်သော စီမံကိန်းများ ဖြစ်လေသည်။

* * * * * * * * * * * * * * *

## ၃ . ၄ ဒီမိုကရေစီ ပြောင်းပြန်

ဖဆပလ နှစ်ခြမ်းကွဲပြီး နု–တင်အုပ်စု၊ ဆွေ–ငြိမ်းအုပ်စု ဟူ၍ပေါ်ပေါက်လာရာတွင် ဝန်ကြီးချုပ် သခင်နု၏ ပြုမူဆောင်ရွက်ချက်များအပေါ် မကျေနပ်နိုင်၍ ကရင်ပြည်နယ် ဝန်ကြီး ဒေါက်တာ စောလှထွန်းနှင့် ကချင်ပြည်နယ်ဝန်ကြီး ဦးဇန်ထာရှင်တို့သည် ရာထူးမှ နုတ်ထွက်ခဲ့ကြပြီး ဆွေ–ငြိမ်း အားထောက်ခံခဲ့ကြသည်။

ဖဆပလ ကွဲစအချိန် ၁၉၅၈ ခု၊ မေလ ၁၀ ရက်နေ့၊ ည ၇ နာရီအချိန်တွင် ဝန်ကြီးချုပ် သခင်နုက ကချင်ပြည်နယ် ဝန်ကြီး ဦးဇန်ထာရှင်ကို ဝန်ကြီးချုပ်၏ နေအိမ်သို့ ခေါ်၍ ယခု ဖဆပလ နှစ်ခြမ်းကွဲခဲ့ပြီ၊ ဖဆပလ အမတ် ၁၅၀ ရှိတဲ့အနက်မှာ ကျွန်တော်တော့ ၆၀ ပဲယူမယ်၊ ၉၀ ကို ဆွေ–ငြိမ်း ဘက်ပေးလိုက်မယ်၊ ကျွန်တော့်ဘက်က ပမညတ မဲ၊ ရှမ်းပြည်နယ်မဲ အားလုံး၊ ကရင်ပြည်နယ်မဲ အားလုံး၊ ရခိုင်မဲ အားလုံးရမယ်၊ ဒါကြောင့် ကျွန်တော်တို့ဘက်က အစိုးရဆက်လက်ဖွဲ့နိုင်မှာပဲ၊ ခင်ဗျားတို့ ပြည်နယ်ဥက္ကဋ္ဌတွေက ကျွန်တော့်ကို ဆက်လက်ထောက်ခံရင် ရာထူးက ထွက်ဖို့မလိုဘူး၊ ဒီတိုင်းပဲ တည်မြဲနေမယ်၊ ခင်ဗျား ဘယ်လိုသဘောရသလဲဟု မေးလိုက်သည်။ ဝန်ကြီး ဦးဇန်ထာရှင်က ပြန်ပြောရာတွင် “ဝန်ကြီးချုပ် ယခုလို ဖဆပလ ကွဲရတာက ယခုအချိန်မှာ မတော်ပါဘူး။ ကွဲလို့ကောင်းတဲ့ အချိန်မဟုတ်ပါ။ ဘာကြောင့်ဆိုရင် သောင်းကျန်းတဲ့သူတွေ **လက်နက်ချအလင်းဝင်တဲ့ အချိန်** [၂၃] ဖြစ်တယ်။ ယခုလို လက်နက်ချနေတဲ့ အချိန်မှာ အစိုးရအဖွဲ့ဖြစ်တဲ့ ဖဆပလ ကြီးဟာ နှစ်ခြမ်း ကွဲသွားမယ်ဆိုရင် ဖဆပလဟာ ဘယ်ဘက်မှာမှ အင်အားမရှိတော့ဘူး။ ဒီလို အင်အားမရှိလာတာကို မြင်ရင် တောကမောင်သောင်းကျန်းတို့လဲ လက်နက်ချ အလင်း မဝင်တော့ဘဲ ရပ်တန့်သွားမယ်။ ဒီလိုဖြစ်ခြင်းဟာ ပြည်ထောင်စုကြီးရဲ့ ငြိမ်းချမ်းရေးရမယ့် အချိန်အခါမှာ ငြိမ်းချမ်းရေးကို ဟန့်တားလိုက်တာနဲ့ တူတယ်။ ဒါကြောင့် အချင်းချင်းပဲ ပြန်လည်စေ့စပ်ပြီး သည်းခံကြလျှက် အစိုးရအဖွဲ့ကို ဖဆပလ ကတောင့်ခံထားဖို့ ကောင်းတယ်။ အရင်သုံးလေးနှစ်တုန်းက ကွဲခဲ့ရင်လဲ တမျိုးကောင်းတယ်။ ပြီးတော့

---

၂၃။ ၁၉၅၈ ခုနှစ်တွင် ဗမာပြည် ကွန်မြူနစ်ပါတီမှ ဗဟိုကော်မတီဝင် ဗိုလ်ညွန့်မောင်၏ တိုင်း (၃) အုပ်စု၊ ကေအင်(န်)ယူ ပါတီမှ စောမောင်တိုး အုပ်စု၊ ရဲဘော်ဖြူ တဖွဲ့လုံး၊ ရခိုင်၊ မွန်၊ ပအိုဝ့် အဖွဲ့များ အစုလိုက် အပြုံလိုက် လက်နက်ချလာကြရာ ၁၉၅၅–၅၆ တွင် သောင်းကျန်းသူအင်အား (၁၉၀၀၀) ကျော်ရှိနေရာမှ ၁၉၅၈ ခုနှစ်တွင် (၇၅၀၀) သို့ လျော့ကျသွား ခဲ့သည်။

လာမည့် ရွေးကောက်ပွဲကြီး ၁၉၆၀ ခုနှစ်လောက်မှာ ကွဲကြရင် ကိစ္စမရှိဘူး။ ဒါကြောင့် ဝန်ကြီးချုပ်အနေနှင့်ရော ဖဆပလ ဥက္ကဋ္ဌအနေနှင့်ရော ပြန်လည်စေ့စပ်ဖို့ ကြိုးစားဖို့ အကြံပေးလိုပါတယ်" ဟုပြောဆို မေတ္တာရပ်ခံခဲ့သည်။ ထိုအခါ ဝန်ကြီးချုပ် သခင်နုဟာ "ဝန်ကြီးရဲ့ အကြံပေးချက်က ကောင်းသော်လည်း အချိန်နှောင်းပြီ၊ မဖြစ်နိုင်တော့ပါ။ ဒါကြောင့် ခင်ဗျား ဘယ်လိုလုပ်မလဲ၊ ဘယ်ဘက်ထောက်ခံမယ် ဆိုတာပဲ ပြောပြပါ" လို့ပြန်ပြောပါသည်။ ဒီတော့ ဝန်ကြီးဦးဇန်ထာရှင်က "ဒီကိစ္စဟာ ကျွန်တော်တယောက်တည်း ဆုံးဖြတ်လို့ မဖြစ်ပါ။ ကျွန်တော့်မှာ အဖွဲ့ရှိပါတယ်။ သူတို့နှင့်တိုင်ပင်ပြီးမှ ပြောပါရစေ" လို့ပြန်ပြောပြီး ဝန်ကြီးချုပ်အိမ်က ထွက်လာခဲ့သည်။

နောက်တရက် မေလ ၁၁ ရက်နေ့ညတွင် တခါဝန်ကြီးချုပ်သခင်နုက ကချင်ပြည်နယ် ဝန်ကြီး ဦးဇန်ထာရှင်ကို ခေါ်ယူပြီး အောက်ပါအတိုင်း ပြောဆိုပြန်သည်။ (ဒီတကြိမ်ခေါ်ရာတွင် ဆမားဒူဝါ၊ ဒူဝါဇော်ရစ်၊ ဗိုလ်အောင်ခိုတို့ပါ ခေါ်ထား၏) "ကဲ ဦးဇန်ထာရှင် မနေ့က ကျုပ်ပြောခဲ့သလိုပဲ ခင်ဗျားက ကျွန်တော်တို့ဘက်ကို ထောက်ခံရင် ကချင်ပြည်နယ် ဥက္ကဋ္ဌနေရာမှာ တည်မြဲအောင်လုပ်ပေးမယ်။ ခင်ဗျားမယုံမှာစိုးလို့ ခင်ဗျားရဲ့ အတိုက်အခံဖြစ်တဲ့ ဆမားဒူဝါ ဆင်ဝါးနော်၊ ဒူဝါဇော်ရစ်နှင့် ဗိုလ်အောင်ခိုတို့လဲ ခေါ်ထား ပါတယ်။ အကယ်၍ခင်ဗျားသာ ကျွန်တော်တို့ဘက်ကို ထောက်ခံရင် သူတို့ကိုလည်း အတိုက်အခံ မလုပ်စေရပါဘူး။ (ဤနေရာတွင် ကချင်ပြည်နယ်ဝန်ကြီး၏ စိတ်ထဲမှာ သြ... အရင်က အတိုက်အခံလုပ်ခဲ့တာက သခင်နု ခိုင်းလို့ပေကိုး ဟုစိတ်ကူးပေါ်လာသည်) "ကဲ ဆမားဒူဝါတို့ဘက်ကလဲ ပြောပါ" လို့သခင်နု ကပြောလိုက်သည်။ ဒီအခါ ဆမားကြီးနှင့် ဗိုလ်အောင်ခိုတို့က "ဟုတ်တယ်၊ ယခုလို ဖဆပလ ကွဲရတာက ဟိုဘက်ကကောင်တွေ အလွန်ညစ်ပတ်လွန်းလို့ ကွဲရတာဖြစ်တဲ့အတွက် ကျွန်တော်တို့ ပြည်နယ်တွေဟာ တောင်တန်းသားတွေဟာ ဝန်ကြီးချုပ် သခင်နုကိုပဲ ဆက်လက်ထောက်ခံကြရင် ကောင်းတယ်။ ခင်ဗျားအနေနဲ့ ဘာမှစိတ်ကူး မမှားနဲ့။ သခင်နုကို ခင်ဗျားထောက်ခံတယ်ဆိုရင် ကျွန်တော်တို့လည်း ခင်ဗျားကို အတိုက်အခံ မလုပ်တော့ဘူး၊ ထောက်ခံမယ်။ ခင်ဗျားမယုံရင် စာချုပ်တခုကနေ့ ညချုပ်မယ်" လို့ပြောကြ၏။ ဝန်ကြီးချုပ် သခင်နုကတခါ "ကောင်းသားပဲ ဦးဇန်ထာရှင်၊ ခင်ဗျားအတွက် အလွန်ကောင်းတဲ့ဟာဘဲ။ ဝန်ကြီးရာထူးမှာလည်း တည်မြဲမယ်၊ အတိုက်အခံလည်း မရှိတော့ဘူးဆိုတာ ဘယ်လောက်ကောင်းသလဲ။ အကယ်၍ သူတို့စာချုပ်လုပ်ရင် ကျုပ်ပါလက်မှတ်ထိုးမယ်။ ခင်ဗျားအနေနှင့် ကော၊ အင်၊ စီ အဖွဲ့ကိုလဲ အားမကိုးနဲ့။ ခင်ဗျားတို့ရဲ့ ခေါင်းဆောင်ကြီး ဒူဝါဇော်လွမ်းလဲ နက်ဖြန် သန်ဘက်ခါဆိုသလို ကန့်ကွက်မှုကြောင့် ရှုံးတော့မယ်" ဟုပြန်ပြော၏။ ဦးဇန်ထာရှင်က "ဝန်ကြီးချုပ်နှင့် လူကြီးမင်းများက ယခုလို ကျွန်တော့်အတွက် ကောင်းရာကောင်းကြောင်း ဖန်တီးပေးမယ့်

ဟာ ကြားရလို့များစွာမှ ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့က နိုင်ငံရေး လုပ်တာမှာ ရာထူး ရရေး၊ ရာထူးတည်မြဲရေးကို မကြည့်ပါ။ တိုင်းပြည်အတွက် ကောင်းမယ့်ဟာကိုသာ ကြည့်ရပါမယ်။ ပြီးတော့ မနေ့ကညမှာ ဝန်ကြီးချုပ်အား ပြောခဲ့သလို ကျွန်တော့်ရဲ့အဖွဲ့နှင့် တိုင်ပင်ဆုံးဖြတ်ပါရစေ'' လို့ ပြောလိုက်ပြီး လူထုနှင့် ထွက်လာခဲ့သည်။ ၎င်းနောက် မေလ (၁၂)ရက် နေ့တွင် မြစ်ကြီးနားသို့သွားပြီး (၁၃) ရက်နေ့တွင် ကေ၊ အင်၊ စီအဖွဲ့ချုပ် အမှုဆောင် လူကြီးများ အစုံအညီနှင့် တနေ့လုံး အပြန်အလှန်ဆွေးနွေးပြီး ဆွေ–ငြိမ်းကို ထောက်ခံရန် ဆုံးဖြတ်ခဲ့ကြ၏။

ယခုလို ဝန်ကြီးချုပ်သခင်နုအား မထောက်ခံနိုင်ဘဲ နှုတ်ထွက်သွားသော ကရင်ပြည်နယ်ဝန်ကြီးနှင့် ကချင်ပြည်နယ်ဝန်ကြီးတို့၏နေရာတွင် သူတို့နှုတ်ထွက်သွားပြီး နောက်တရက်၌ ကရင်ပြည်နယ်ဝန်ကြီးအဖြစ် **ဦးစောလူလူ** [၂၄] နှင့် ကချင်ပြည်နယ်ဝန်ကြီး အဖြစ် ဒူဝါဇော်ရစ် ကိုခန့်ထားခဲ့၏။ ဤကဲ့သို့လုပ်ခြင်းမှာ အခြေခံဥပဒေနှင့် ဆန့်ကျင်ကြောင်း၊ ဝန်ကြီးချုပ်သည် အခြေခံဥပဒေကို ဖောက်ဖျက်နေကြောင်း၊ ကန့်ကွက်ခဲ့၏။ ပြည်နယ်ဝန်ကြီးခေါ် ပြည်နယ်ဥက္ကဋ္ဌများ ခန့်ထားရာ၌ အခြေခံဥပဒေက အောက်ပါအတိုင်း ဆိုထား၏။

### ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၁၇၃။ ။

> ဝန်ကြီးချုပ်သည် ကချင်ပြည်နယ်ကောင်စီနှင့် ညှိနှိုင်းတိုင်ပင်၍ ပါလီမန်၏ ကချင်ပြည်နယ်ဆိုင်ရာ ကိုယ်စားလှယ်အမတ်များအနက် ကချင်အမျိုးသားအမတ်တဦးဦး၏ အမည်စာရင်းကို တင်သွင်းသောအခါ၊ ထိုသို့ အမည်တင်သွင်းခြင်းခံရသော အမတ်ကို နိုင်ငံတော် သမ္မတသည် ''ကချင်ပြည်နယ် ဝန်ကြီး'' ဟု

---

**၂၄။ ဦးစောလူလူ**။ ။ ကရင်အမျိုးသား နိုင်ငံရေးခေါင်းဆောင် တဦးဖြစ်သည်။ ၁၉၁၇ ခုနှစ် မေလ ၂၂ ရက်နေ့တွင် သံလွင်ခရိုင် ဖာပွန်မြို့၌ မွေးဖွားသည်။ ဖခင်မှာ သံလွင်ခရိုင် အငြိမ်းစားလယ်ဝန် ဦးချစ်တီး ဖြစ်သည်။ ၁၉၃၅ ခု မော်လမြိုင်မြို့ ဂျပ်ဆင် အထက်တန်းကျောင်းမှ အထက်တန်းအောင်ပြီး၊ ၁၉၃၆–၄၄ ခုနှစ်များတွင် အစိုးရ အမှုထမ်းခဲ့သည်။ ၁၉၄၄–၄၅ ဖက်ဆစ်တော်လှန်ရေး၌ ပါဝင်ခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် သံလွင်ခရိုင် မဲဆန္ဒနယ်မှ တိုင်းပြည်ပြုလွှတ်တော် အမတ်အဖြစ် အရွေးခံရသည်။ ၁၉၄၈ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့တွင် ကရင်ရေးရာဝန်ကြီးဌာန၏ ပါလီမန်အတွင်းဝန်၊ ၁၉၅၁ ခုနှစ်တွင် တရားရေးဌာန၏ ပါလီမန် အတွင်းဝန် ခန့်ထားခြင်းခံရသည်။ ၁၉၅၆ ခုနှစ် ဇူလိုင်လ ၉ ရက်နေ့မှစ၍ ကရင်ပြည်နယ်ကောင်စီ သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

ခေါ်တွင်ရမည့် ပြည်ထောင်စု အစိုးရအဖွဲ့ဝင် ဝန်ကြီးအဖြစ် ခန့်ထားရမည်။ ထိုသို့ ခန့်ထားခြင်းခံရသော ဝန်ကြီးသည် ဤအခြေခံဥပဒေ၏ ကိစ္စများအတွက် ကချင်ပြည်နယ်ဥက္ကဋ္ဌလည်းဖြစ်ရမည်။

**ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၁၈၁၊ အပိုဒ် (၂)။ ။**

ဝန်ကြီးချုပ်သည် ကရင်ပြည်နယ်ကောင်စီနှင့် ညှိနှိုင်းတိုင်ပင်၍ ပါလီမန်ရှိ ကရင်ပြည်နယ် အမျိုးသားများ၏ ကိုယ်စားလှယ်ဆိုင်ရာ အမတ်များအနက် အမတ်တဦးဦး၏ အမည်ကိုတင်သွင်းသောအခါ၊ ထိုသို့ အမည်တင်သွင်း ခြင်းခံရသော အမတ်ကို နိုင်ငံတော် သမ္မတသည် "ကရင်ပြည်နယ်ဝန်ကြီး" ဟု ခေါ်တွင်ရမည် ဖြစ်သော ပြည်ထောင်စု အစိုးရ အဖွဲ့ဝင် ဝန်ကြီးတဦးအဖြစ် ခန့်ထားရမည်။

ဤကဲ့သို့ ကောင်စီနှင့် ညှိနှိုင်းတိုင်ပင်ရမည်ဟု အတိအလင်းရေးသားထား သော်လည်း ဝန်ကြီးချုပ် သခင်နုသည် ကောင်စီနှင့် လုံးဝတိုင်ပင်ခြင်း မရှိဘဲ ပြည်နယ် ဝန်ကြီးများ (ပြည်နယ် ဥက္ကဋ္ဌများ) ကိုခန့်ခဲ့၏။ ဤအရေးနှင့်ပတ်သက်ပြီး မကျေနပ်၍ ကရင်နှင့် ကချင် အမတ်များသည် တရားလွှတ်တော်ချုပ်သို့ အဆုံးအဖြတ်တောင်းခဲ့၏။ နိုင်ငံတော် သမ္မတကလည်း တရားလွှတ်တော်ချုပ်၏ အဆုံးအဖြတ်ကိုတောင်း၏။

တရားလွှတ်တော်ချုပ်က နောက်ဆုံး၌ ဆုံးဖြတ်ချက်ချမှတ်ရာတွင် နိုင်ငံတော် ဝန်ကြီးချုပ်သည် ကရင်နှင့် ကချင်ပြည်နယ်ဥက္ကဋ္ဌများခန့်ရာတွင် အခြေခံဥပဒေကို မဆန့်ကျင်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လုပ်ဆောင်မှုမှာ မှန်ကန်ကြောင်း အဆုံးအဖြတ်ပေးလိုက်ရ၏။ "ကောင်စီနှင့် ညှိနှိုင်းတိုင်ပင်ရမည်" ဟုအခြေခံဥပဒေတွင် တိတိလင်းလင်း ရေးသားထားလျက်နှင့် ကောင်စီနှင့် ညှိနှိုင်းတိုင်ပင်ခြင်း မပြုဘဲ ခန့်ခြင်းကို ဝန်ကြီးချုပ်၌ အမှားမရှိကြောင်း အဆုံးအဖြတ်ပေးခြင်းသည်ပင်လျှင် ဝန်ကြီးချုပ် သခင်နုသည် တရားရေးဝန်ကြီးဌာန တခုလုံးကိုသာမက တရားလွှတ်တော်ချုပ်၌ပင် မတရားသြဇာ မည်ကဲ့သို့ပေးနေကြောင်း သာမန်လူများပင် တွေး၍မြင်နိုင်၏။ ပြည်နယ်များ အနေနှင့်က မကျေနပ်သေးသော်လည်း နောက်ထပ် တက်ရန်နေရာ၊ သို့မဟုတ် တရားရုံး မရှိတော့သဖြင့် မတတ်နိုင်သည့်အဆုံး ဘုရားကပဲ သိပါစေဟု ဘုရားကိုသာ တ ရ၏။

ဤကဲ့သို့ ကောင်စီနှင့် မတိုင်ပင်ဘဲ ပြည်နယ်ဥက္ကဋ္ဌများကို ခန့်ခြင်းနှင့် ပတ်သက်၍ ဝန်ကြီးချုပ်သခင်နု၏ အကြောင်းပြချက်မှာ နှစ်ရပ်ရှိ၏။ ပထမ အကြောင်းပြချက်မှာ ထွက်သွားသော ပြည်နယ်ဥက္ကဋ္ဌများ၏နေရာတွင် ဥက္ကဋ္ဌသစ်များ ချက်ချင်းမခန့် ပါက ပြည်နယ်များသည် အုပ်ချုပ်သူမရှိဘဲ မင်းမဲ့တိုင်းပြည်များဖြစ်သွားမည်။ ဒုတိယ အကြောင်း

ပြချက်မှာ ကောင်စီများကို ပြည်နယ်ဥက္ကဋ္ဌများသာခေါ်နိုင်၍ ကောင်စီ ခေါ်ပေးရန်လိုအပ်သည့်အတွက် ယာယီခန့်ရခြင်းဖြစ်သည်။ ကောင်စီခေါ်ပြီး၍ ကောင်စီထိုင်ခါနီးမှာ နုတ်ထွက်ခိုင်းမည်ဟု အကြောင်းပြခဲ့၏။ ဤအကြောင်းပြချက် နှစ်ရပ်မှာ အခြေအမြစ်မရှိဘဲ၊ မခိုင်လုံဘဲ တိုင်းပြည်သို့ လိမ်ခြင်းကြီးဖြင့် လိမ်လိုက်ခြင်းဖြစ်၏။

ပထမ အကြောင်းပြချက်အတိုင်း မင်းမဲ့တိုင်းပြည် မဖြစ်နိုင်ပါ။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၂၀ တွင်၊ ဝန်ကြီး တဦးဦး နုတ်ထွက်သွားခဲ့သော် လူစားမခန့်မချင်း နုတ်ထွက်သွားသော ဝန်ကြီးသည် ဝတ္တရားကို ဆက်လက်ဆောင်ရွက်နိုင်ပါသည်ဟု ပါရှိလေရာ ကောင်စီတွင် နည်းလမ်းတကျ ဥပဒေအရ ရွေးကောက်တင်မြှောက်သော ပြည်နယ်ဥက္ကဋ္ဌများ မခန့်မချင်း ထွက်သွားသော ဝန်ကြီးများသည် ဝတ္တရားများတွင် ဆက်လက်ဆောင်ရွက်နိုင်၏။

ဒုတိယ အချက်မှာလည်း ကချင်နှင့် ကရင်ပြည်နယ်ဝန်ကြီးများ နုတ်ထွက်သွားပြီးနောက် ကောင်စီခေါ်ရန် အခက်အခဲတွေ့မည်စိုးသောကြောင့် ဆိုရာမှာလည်း ထွက်သွားသော ဝန်ကြီးနှစ်ဦးသည် သူတို့မထွက်ခင်က ကောင်စီခေါ်ထားပြီး ဖြစ်ခဲ့၏။ ဤအကြောင်းများကြောင့် ဝန်ကြီးချုပ်သခင်နု၏ အကြောင်းပြချက်သည် မတရားသက်သက် လိမ်ခြင်းမျှသာ ဖြစ်၏။

ထိုကဲ့သို့ပြုလုပ်ပြီးနောက် ဝန်ကြီးချုပ်သခင်နုက ခန့်ထားသော ယာယီကောင်စီများကို ခေါ်တော့၏။ ကချင်နှင့် ကရင်ပြည်နယ် ကောင်စီ ၂ ခုစလုံးကို ဇူလိုင်လ ၄ ရက်နေ့တွင် ရန်ကုန်တွင် ကျင်းပရန် ခေါ်ခဲ့၏။

ကချင်ပြည်နယ်ကောင်စီအနေနှင့် ပြောရလျှင် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရသည့်နှစ်မှ စ၍ ၁၉၅၇ ခုနှစ်အထိ ရန်ကုန်တွင်တည်ရှိခဲ့၏။ ထိုသို့ ရန်ကုန်တွင် တည်ရှိခြင်းဖြင့် ရုံးခန်းများ၊ ကောင်စီသဘာပတိနေထိုင်ရန် အိမ်များ၊ အမတ်များ၏ အသွားအပြန်ခရီးစရိတ်များနှင့် နေ့တွက်စရိတ်များ အကုန်အကျများလွန်းသဖြင့် ၁၉၅၈ ခုနှစ်တွင် မိမိတို့၏ ပြည်နယ်ဖြစ်သော ကချင်ပြည်နယ် မြစ်ကြီးနားသို့ ပြောင်းရွှေ့ရုံးစိုက်ခဲ့၏။ ယခုလည်း ပြည်နယ်နှင့် ပတ်သက်သည့် မည်သည့်ပြဿနာမဆို ပြည်နယ်တွင် ဆုံးဖြတ်နိုင်လျက်နှင့် ရန်ကုန်သို့ ကောင်စီခေါ်ခြင်းမှာလည်း နားမလည်နိုင်အောင်ရှိလှ၏။ ဤကဲ့သို့ ရန်ကုန်သို့ ခေါ်ထားရာမှ ၁၉၅၈ ဇူလိုင်လ ၄ ရက်နေ့မှာ ဝန်ကြီးချုပ်၏ အိမ်အောက်တွင် စည်းဝေးမည်ဟု ဇူလိုင်လ ၃ ရက်နေ့ည ၀၆း၃၀ အချိန်တွင် အမတ်များထံ ဖိတ်စာများ ရောက်လာ၏။ အမတ်များသည် အချိန်မရတော့သဖြင့် ဘာမျှမလုပ်ရဘဲ နောက်တရက် နံနက် ၁၁ နာရီတွင် ဝန်ကြီးချုပ်၏ အိမ်အောက်သို့ ဦးတိုက်သွားရတော့၏။

ကေ၊ အင်၊ စီ အမတ်များနှင့် ဖဆပလ တည်မြဲအမတ်များသည် ဤကဲ့သို့လုပ်ခြင်းမှာ မတရားကြောင်း၊ ကချင်ပြည်နယ်လူထု၊ ကချင်ပြည်နယ်လူထု ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသောကောင်စီကို စော်ကားရာကျကြောင်း၊ ဥပဒေပြုခွင့် ဘဏ္ဍာတော် ခွဲဝေသုံးစွဲပိုင်ခွင့်ရှိသော အချုပ်အခြာအာဏာရှိသည့် ကောင်စီကို ဝန်ကြီးချုပ်၏ အတိုင်ပင်ခံကောင်စီ ကလေးဘဝသို့ မရောက်စေသင့်ကြောင်း၊ နယ်ချဲ့အင်္ဂလိပ်ခေတ်တွင် ပြည်နယ်များသည် ဘုရင်ခံ၏ လက်အောက်ရှိ နယ်ခြားဒေသ အတိုင်ပင်ခံ ကောင်စီကလေးများသာ ဖြစ်ခဲ့သဖြင့် ၎င်းကို မခံနိုင်၍ မကြိုက်၍ လွတ်လပ်ရေးယူခဲ့ကြကြောင်း၊ ယခုလည်း ပြည်နယ်ကောင်စီများကို ဝန်ကြီးချုပ်၏ အိမ်အောက်မှာ စည်းဝေးစေခြင်းဖြင့် ထိုအဆင့်အတန်းမျိုးသို့ ပြန်ရောက်စေခြင်း စသည်ဖြင့် အကြောင်းအမျိုးမျိုးပြ၍ ကန့်ကွက်ခဲ့၏။ ၎င်းအပြင် လွတ်လပ်ရေးရပြီး နောက် ၁၀ နှစ်လုံးလုံး ပြည်နယ်ကောင်စီများမှာ ဝန်ကြီးချုပ်ကိုယ်တိုင် မထိုင်ခဲ့ဖူးပါလျက်၊ စကားမပြောခဲ့ဖူးပါလျက် ထူးထူးခြားခြား ယခုပြည်နယ်ကောင်စီများတွင် ဝန်ကြီးချုပ်လာခြင်းမှာလည်း ဝန်ကြီးချုပ်မျက်နှာနှင့် အာဏာကို အသုံးပြု၍ အနိုင်ကျင့်မည်ဆိုခြင်းမှတပါး အခြားမရှိကြောင်း ပြောဆိုခဲ့၏။ "ညှိနှိုင်းတိုင်ပင်၍" ဆိုသည့်နေရာမှာ စာနှင့်တိုင်ပင်ရကြောင်း။

ယခင်လွတ်လပ်ရေးရပြီးမှ ၁၀ နှစ်လုံးလုံး ပြည်နယ်ကောင်စီများတွင် ကျင့်သုံးခဲ့သော အစဉ်အလာမှာ ပြည်နယ်ဝန်ကြီးခေါ် ပြည်နယ်ဥက္ကဋ္ဌများ လစ်လပ်လျှင် ဝန်ကြီးချုပ်ရုံးမှ ပြည်နယ်ကောင်စီရုံးသို့ စာရေးလိုက်၏။ ပြည်နယ်ဥက္ကဋ္ဌခန့်ရန် လူတယောက်ကို ကောင်စီမှ ရွေးပေးရန် စာလာသောအခါ ကောင်စီတွင် ပြည်နယ်ဥက္ကဋ္ဌအတွက် အမည်စာရင်း တင်ကြရန် ကြေညာပြီး ရက်ချိန်းပေးရ၏။ ချိန်းဆိုထားသော နေ့ရက်တွင် ရောက်သောအခါ ပါတီအသီးသီးမှ ပြည်နယ်ဥက္ကဋ္ဌ တင်ချင်သူများ၏ အမည်ကို အဆိုသွင်းသူ ထောက်ခံသူ နှစ်ဦး၏ အမည်နှင့် အဆိုလွှာများ သွင်းကြရ၏။ တယောက်တည်း ဖြစ်၍ ယှဉ်ပြိုင်သူ မရှိလျှင် ထိုသူ၏ အမည်ကို ဝန်ကြီးချုပ်ထံပို့ပေး၍ ဝန်ကြီးချုပ်က သမ္မတထံပို့ပြီး ပြည်နယ်ဝန်ကြီး (ပြည်နယ်ဥက္ကဋ္ဌ) ခန့်ရ၏။ တဦးထက်ပို၍ ယှဉ်ပြိုင်သူ ပေါ်ပေါက်လာလျှင် ကောင်စီတွင် မဲခွဲရ၏။ မဲခွဲရာတွင် နိုင်သူ၏အမည်ကို ဝန်ကြီးချုပ်ထံပို့၊ ၎င်းက သမ္မတထံပို့၍ ဝန်ကြီး ခန့်ပေးရ၏။ ဤကား အခြေခံဥပဒေအရ ပြည်နယ်များ၌ ကျင့်သုံးခဲ့သော ဒီမိုကရေစီ အစဉ်အလာတခုဖြစ်၏။

ယခု ဖဆပလ ကွဲပြီးမှ ကျင်းပသော ကရင်နှင့် ကချင်ကောင်စီတွင် ထိုသို့မဟုတ်။ ပြည်နယ်ဥက္ကဋ္ဌ အတွက်အမည်တင်စေပြီး အုပ်စုနှစ်ဖက်စလုံးမှ ရရှိသော နာမည်များကို ဝန်ကြီးချုပ်ဆီပို့ပေး။ ကောင်စီတွင်လည်း ပြည်နယ်ဥက္ကဋ္ဌအတွက် အဆိုလွှာနှစ်ခုရရှိကြောင်း ၎င်းအဆိုလွှာ နှစ်ခုကို ဝန်ကြီးချုပ်ဆီပို့၍ သူလိုချင်တဲ့လူကို ခန့်ပါစေလို့သာ ကြေညာခဲ့၏။

၎င်းကို တဖက်အမတ်များသည် မဲခွဲရန်တောင်းဆိုခဲ့၏။ သို့သော် မဲခွဲမခံဘဲ ကောင်စီကို အတင်းရွှေ့ဆိုင်းလိုက်၏။ နောက်တရက် ကောင်စီထိုင်သောအခါ ပြည်နယ်ဥက္ကဋ္ဌအဖြစ် ဘယ်သူ့ကို ခန့်လိုက်ကြောင်းနှင့် ကြေညာပြီး ကောင်စီကို အတင်းအဓမ္မ ရုပ်သိမ်းလိုက်၏။ ကချင်ကောင်စီတွင်ဆိုလျှင် ကောင်စီသဘာပတိအပေါ် အယုံအကြည်မရှိ အဆိုတင်သွင်းထား၏။ ၎င်းအဆိုကို ဆွေးနွေးရန်အတွက် ဇူလိုင်လ ၁၀ ရက်နေ့တွင် ရက်ချိန်းပေးပြီး ၉ ရက်နေ့တွင် ကောင်စီကို အတင်းအဓမ္မ ရုပ်သိမ်းလိုက်၏။

ဤကဲ့သို့ အစိုးရလုပ်သူများဘက်က ညစ်ပတ်၍ အစိုးရလုပ်သူများကိုယ်တိုင် ဒီမိုကရေစီ ကျကျရေးထားပြီး၊ ကောင်စီတွင် ဆုံးဖြတ်ပြဋ္ဌာန်းထားသော ကောင်စီနည်းဥပဒေကို မလိုက်နာတော့သဖြင့် အတိုက်အခံများသည် ၎င်းအစိုးရ ကိုယ်တိုင်မလိုက်နာသော နည်းဥပဒေများကို အလှကြည့်ရန် မှန်ဘောင်အတွင်း၌ မထားနိုင်ဘဲ၊ ကချင်ကောင်စီ အမတ် အများစုက မခံမရပ်နိုင်ဖြစ်၍ ၎င်းနည်းဥပဒေ စာအုပ်များကို မီးတင်ရှို့ လိုက်ကြ၏။ အစည်းအဝေး ခန်းမဆောင်မှာလည်း "အာဏာရှင် သဘာပတိ အလိုမရှိ၊ အာဏာရှင် ပြည်နယ်ဥက္ကဋ္ဌ အလိုမရှိ၊ ပြည်နယ် ဒီမိုကရေစီ ဖျက်ဆီးသူ ဦးနု၊ ဒီမိုကရေစီ ဆိတ်သုဉ်း၍ ပြည်နယ် ဆူပူလာရင် ဦးနုတရားခံ" ဟု ဟစ်အော် ကြွေးကြော် ဆန္ဒပြခဲ့ကြ၏။

ကချင်ကောင်စီတွင် မဲခွဲမည်ဆိုလျှင်...

ဆွေ–ငြိမ်းကိုထောက်ခံသော အမတ်များက ၁၀ ယောက်၊ နု–တင်ဘက်မှထောက်ခံသော အမတ်များမှာ ၉ ယောက်၊ ၎င်း ၉ ယောက် အနက် သဘာပတိ ၁ ယောက်နုတ် လျှင် ၈ ယောက်၊ ၎င်း ၈ ယောက်အနက် ဆမားဒူဝါ ဆင်ဝါးနောင် လည်း ပြည်နယ်ဥက္ကဋ္ဌ ခန့်ခြင်းကို မကျေနပ်၍ ကောင်စီမတက်ခဲ့သဖြင့် ၇ ယောက်သာ ရှိ၏။ မဲခွဲလျှင် ဆွေ–ငြိမ်း အုပ်စုမှ ၁၀ မဲရ၍ နု–တင် အုပ်စုမှ ၇ မဲရမည်ဖြစ်၏။ ဦးနုသည် ၇ မဲ ရရှိသောဘက်က တင်လိုက်သော ဒူဝါဇော်ရစ်ကို ပြည်နယ် ဥက္ကဋ္ဌ ခန့်လိုက်၏။

ထိုနည်းတူစွာ ကရင်ကောင်စီတွင်လည်း မဲခွဲမည်ဆိုလျှင်...

ဆွေ–ငြိမ်းထောက်ခံသောဘက်မှ အမတ် ၁၄ ယောက်၊ နု–တင်ထောက်ခံသော ဘက်မှ အမတ် ၁၀ ယောက် ဖြစ်ခဲ့ရာ၊ လူနည်းစုဖြစ်သော အမတ် ၁၀ ယောက် ဘက်မှတင်ပေးသော ဦးစောလူလူကို ဦးနုက ကရင်ပြည်နယ်ဝန်ကြီးအဖြစ် ခန့် လိုက်၏။

ဦးနုသည် ပါလီမန်တွင် ၈ မဲနှင့် အနိုင်ရရှိသဖြင့် ဝန်ကြီးချုပ်ဖြစ်ပြီး အစိုးရဆက်လုပ်ရ၏။ ၈ မဲ မပြောနှင့် ၁ မဲတည်း၊ သို့မဟုတ် ၂ မဲတည်းနိုင်လျှင်လည်း သူပဲ ဝန်ကြီးချုပ်လုပ်ရမည်ဖြစ်၏။ ဤကား ဒီမိုကရေစီ တိုင်းပြည် ဖြစ်ခြင်းကြောင့် ဖြစ်၏။

ဦးနုသည် သူနိုင်နေသောအခါ ဒီမိုကရေစီကို အကောင်းပကတိ တည့်တည့် မတ်မတ်ယူပြီး၊ ဒီမိုကရေစီ၊ ဒီမိုကရေစီဟု ကြွားဝါနေ၏။ သူ့ဘက်ကရှုံးသောအခါ ကချင်နှင့် ကရင်ကောင်စီများတွင် ဒီမိုကရေစီ စကားမပြောဘဲ ဝန်ကြီးချုပ်၏ အာဏာဖြင့် အတင်း အဓမ္မ ဒီမိုကရေစီကို ခါးပြတိုက်ပြီး မဲနည်းသည့်ဘက်ကို အစိုးရအာဏာပေး လိုက်၏။

တနည်းအားဖြင့် ဒီမိုကရေစီကို **ပြောင်းပြန်** ဇောက်ထိုးလုပ်ပေးလိုက်၏။ ဤသည်မှာ ဒီမိုကရေစီကို မြတ်နိုးသည်ဆိုသော စကားကို ပါးစပ်ဖျားတွင် အမြဲပြောနေသော ဦးနု၏ ဒီမိုကရေစီပြောင်းပြန် ဖြစ်၏။ အပြောတမျိုး အလုပ်တမျိုး ဦးနုဟုသာ မှတ်ချက် ချလိုက်၏။

* * * * * * * * * * * * * * *

## အာဏာရှင်ဆန်သော ဦးနု

ဖဆပလ အဖွဲ့တွင်လည်းကောင်း၊ ကဲဘိနက် ဝန်ကြီးများအဖွဲ့တွင်လည်းကောင်း၊ ဦးနုသည် အာဏာရှင်ဆန်သည်ဟု ဝန်ကြီးဟောင်း **ဦးထွန်းဖေ**[၂၅] က တိုင်းပြည်သို့ သူ့သတင်းစာကနေ တင်ပြဖူး၏။ သာမန်တိုင်းသူပြည်သားများ၊ သူနှင့်အလုပ်အတူ မလုပ်ဖူးသူများသည် ဤစကားကို ယုံကြည်ရန် ခဲယဉ်းခဲ့၏။ ဤမျှ သမာဓိရှိ၍၊ ဘုရားတရားနှင့် အမြဲနေသူသည် မည်သည့်နည်းနှင့်မျှ အာဏာရှင် မဆန်နိုင်၊ မျှမျှတတ ရှိမည့်ပုဂ္ဂိုလ် ဖြစ်သည်ဟူ၍၎င်း၊ အချင်းချင်းမတည့်၍ ပြောကြတာပါကွာ ဟူ၍၎င်း၊ ပြောကြမည် ဖြစ်၏။ ဦးနု အာဏာရှင်ဆန်သည် ဟူသောစကားကို စာရေးသူကိုယ်တိုင် မယုံကြည်ခဲ့ပေ။ သို့သော် ကိုယ်တိုင်ဝန်ကြီး ဖြစ်လာသောအခါကျမှ ယုံကြည်ရတော့၏။ မကြီးကျယ်သော ပြဿနာများ၌ အာဏာရှင်ဆန်သည်ကို မပြောလိုပါ။ တိုင်းပြည်၏ အရေးကြီး ပြဿနာများတွင် သူအာဏာရှင်ဆန်ပုံကို ပြောပြလိုပါသည်။

---

၂၅။ **ဦးထွန်းဖေ**။ ။ မိတ္ထီလာခရိုင် မလှိုင်မြို့နယ် သရက်ကောင်းပင်ကျေးရွာ၌ ၁၉၀၀ ပြည့်နှစ် ဩဂုတ်လ ၅ ရက်နေ့တွင် ဖွားမြင်ခဲ့သည်။ ၁၉၁၈ ခုနှစ်တွင် မန္တလေးမြို့ ဗုဒ္ဓသာသနနုဂ္ဂဟ အထက်တန်းကျောင်းမှ ၁၀ တန်းအောင်၍ ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်သည်။ ၁၉၂၀ ခု ရန်ကုန်တက္ကသိုလ်ကျောင်းသားသပိတ် ခေါင်းဆောင်တဦး ဖြစ်ခဲ့သည်။ ထို့နောက် "အော့ဘ်ဆားဗား" အင်္ဂလိပ်သတင်းစာနှင့် သူရိယသတင်းစာများတွင် သတင်းထောက်ချုပ် ဖြစ်ခဲ့ပြီး စစ်အတွင်း ဗမာ့ခေတ်သတင်းစာ အယ်ဒီတာချုပ် ဖြစ်သည်။ စစ်ပြီးနောက် ဟံသာဝတီသတင်းစာ အယ်ဒီတာ ဖြစ်သည်။ ၁၉၄၇ တိုင်းပြုပြည်ပြု လွှတ်တော်သို့ အမတ်အဖြစ် ဟင်္သာတ အနောက်မဲဆန္ဒနယ်မှ အရွေးခံရသည်။ ၁၉၄၈ ခု စက်တင်ဘာလတွင် မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ဥက္ကဋ္ဌ ဖြစ်သည်။ ၁၉၅၁ ခုနှစ်တွင် ဝက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် အမတ်အဖြစ် ပြန်လည် အရွေးခံရသည်။ ၁၉၅၂ ခု မတ်လ ၁၆ ရက်နေ့တွင် ယဉ်ကျေးမှုဝန်ကြီး အဖြစ် ရွေးချယ်ခန့်အပ်ခြင်း ခံရပြီး ၁၉၅၃ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့တွင် အစိုးရအဖွဲ့မှ နုတ်ထွက်ခဲ့သည်။ ထွန်းနေ့စဉ် သတင်းစာကို ထူထောင်ပြီး အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။

## ၃ . ၅ တရုတ် – မြန်မာ နယ်စပ်ပြဿနာ

၁၉၅၄ ခုနှစ် ဒီဇင်ဘာလတွင် ဝန်ကြီးချုပ်ဦးနုသည် တရုတ်ပြည်သို့ သွားခဲ့သည်။ ထိုအခါ ဝန်ကြီးချုပ်ဦးနုသည် တရုတ်ပြည်ဝန်ကြီးချုပ် ချောင်အင်လေးနှင့် ငြိမ်းချမ်းစွာ အတူနေရေး မူငါးချက်ကို စာချုပ်ချုပ်ဆိုသည့် ဝန်ကြီးချုပ်နှစ်ဦးတို့၏ ထုတ်ပြန်ကြေညာချက်တွင် ရာဇဝင်ကထားခဲ့သော နယ်စပ်ပြဿနာများကို တိုင်းပြည်နှစ်ခု အစိုးရသည် ချစ်ကြည်စွာ မိတ်မပျက် ဆွေမပျက် ဖြေရှင်းပြီးပြတ်စေရန်ဟု ပါလာသည်။

၁၉၅၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့မှာ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းကျသော ဝနယ်ထဲကို တရုတ်နီ တပ်သားများဝင်လာသည်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ တပ်မတော်သားများနှင့်တွေ့၍ အချင်းချင်း တိုက်ခိုက်ပစ်ခတ်ကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရက တရုတ်နီတပ်များသည် ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်သည်ကို ကန့်ကွက်၍ တပ်ပြန်ဆုတ်ပေးရန် တရုတ်အစိုးရသို့ တောင်းဆိုသည်။

တရုတ်အစိုးရက ယခု သူတို့တပ်သားများ ဝင်နေသောနေရာဟာ တရုတ်ကပိုင်သည်။ ပြည်ထောင်စု မြန်မာနိုင်ငံက ပိုင်သည်ကို သေချာစွာ မရှင်းလင်းသေးပါ။ တရုတ်ပြည်အစိုးရ အနေနှင့် သူတို့ပိုင်သည်ဟု ယုံကြည်သဖြင့် တပ်ကို မဆုတ်နိုင်ကြောင်း စာပြန်သည်။ ပြည်ထောင်စု မြန်မာအစိုးရက ဝနယ်သည် ၁၉၄၁ ခုနှစ် တရုတ်အစိုးရနှင့် မြန်မာပြည်အစိုးရ (အင်္ဂလိပ်) တို့က ချုပ်ဆိုထားသော စာချုပ်အရ ပြည်ထောင်စု မြန်မာနိုင်ငံကသာ ပိုင်သည်ဟု အကြောင်းပြန်သည်။

တဖန် တရုတ်အစိုးရက ၎င်း ၁၉၄၁ ခုနှစ်စာချုပ်သည် တရုတ်အစိုးရ ချန်ကေရှိတ်အား အင်္ဂလိပ်တို့က အဓမ္မ အနိုင်ကျင့်၍ ချုပ်ဆိုထားသော စာချုပ်ဖြစ်သဖြင့် အသိအမှတ်မပြုနိုင်ကြောင်း စာပြန်လာသည်။

ထိုသို့ နှစ်နိုင်ငံအစိုးရများ အပြန်အလှန် စာရေးနေသည့် အချိန်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကချင်ပြည်နယ်၏ မြောက်ဘက် အစွန်ဆုံး ပူတာအိုနယ်၊ လုံဆိုင်းဒေသသို့ နမ်နီလခါတောင်ကြားလမ်းဖြင့် တရုတ်နီတပ်သားအချို့က ပြည်ထောင်စု မြန်မာနိုင်ငံ အတွင်းသို့ ဝင်လာသည်။

ဤကဲ့သို့ အစိုးရအချင်းချင်း လျှို့ဝှက်စာ အပြန်အလှန် ရေးနေသည့်အချိန်တွင် ၁၉၅၆ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့ထုတ် “နေးရှင်း” သတင်းစာမှာ တရုတ်နီတပ်သားများက ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းသို့ ကျူးကျော်ဝင်ရောက်လာကြောင်း၊ ဝ နယ်တွင်

တပ်မတော်နှင့် ပစ်ခတ်တိုက်ခိုက်ရကြောင်း ရေးသားဖော်ပြလာသည်။ ဤတော့မှ တိုင်းပြည်က သိလာကြသည်။ အစိုးရက ငြင်းဆိုခဲ့သည်။

၁၉၅၆ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့စွဲဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ချောင်အင်လေးက ထိုစဉ်က ဖဆပလဥက္ကဋ္ဌဖြစ်သော **ဦးနု** [၂၆] ထံ စာတစောင်ရေးလိုက်သည်။ ၎င်းစာထဲတွင်–

(က) ပြည်ထောင်စု မြန်မာနိုင်ငံမှ သတင်းစာ အချို့ဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ချစ်ကြည်ရေးပျက်ပြားစေအောင် ရေးသားကြသဖြင့် တားမြစ်ပေးရန်။

(ခ) တရုတ်တပ်သားများ အနေနှင့် ကျူးကျော်ခြင်းမဟုတ်ဘဲ၊ အချို့ အနည်းအကျဉ်း မှားယွင်းခြင်းမျှသာ ဖြစ်သည်။

(ဂ) လက်ရှိ အခြေအနေအတိုင်း တိုင်းပြည်နှစ်ခုသည် အေးချမ်းစွာ အတူနေသွားရန် စသော အချက်များပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံ အခြားသတင်းစာများနှင့် နိုင်ငံခြားသတင်းစာများ၌ပါ တရုတ်တပ်များ ကျူးကျော်မှုကို ရေးလာကြသည်။

---

**၂၆။ ဖဆပလ ဥက္ကဋ္ဌဖြစ်သော ဦးနု။** ။ ၁၉၄၈ ခု ဇန်နဝါရီလ ၄ ရက် ပြည်ထောင်စု မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးချိန်မှစ၍ အစိုးရအဖွဲ့တွင် ဝန်ကြီးချုပ်အဖြစ် တာဝန်ယူခဲ့သော ဦးနုသည် တချိန်တည်းမှာပင် ဖဆပလ အဖွဲ့ချုပ်၏ ဥက္ကဋ္ဌလည်းဖြစ်သည်။ နောင်တွင် ဖဆပလအတွင်း အကွဲအပြဲ သံသယပဋိပက္ခများ အရှိန်အဟုန်ပြင်းလာသဖြင့် ဖဆပလအဖွဲ့ကို ပြန်လည်ဖွဲ့စည်းရန်နှင့် လုပ်ဖော်ကိုင်ဖက်များကို ဝန်ကြီးချုပ်အဖြစ် အလှည့်ကျဆောင်ရွက်နိုင်စေရန်ဆိုပြီး ဦးနုသည် ၁၉၅၆ ခု ဇွန်လ ၁၂ ရက်နေ့တွင် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ခဲ့သည်။ တနှစ်တာမျှ ဖဆပလဥက္ကဋ္ဌအဖြစ် အချိန်ပြည့်တာဝန်ယူရန် ဟုဆိုခဲ့သည်။ ထိုကာလအတွင်း တရုတ်ပြည်နှင့် သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံများသို့ သွားရောက်ခဲ့သည်။

ဦးနု ဝန်ကြီးချုပ်အဖြစ်မှ နုတ်ထွက်စဉ်တွင် ဦးဗဆွေ ဝန်ကြီးချုပ်ဖြစ်လာပြီး ဒုတိယဝန်ကြီးချုပ်များအဖြစ် ဦးကျော်ငြိမ်း၊ သခင်တင်နှင့် စဝ်ခွန်ချိုတို့ တာဝန်ယူခဲ့ကြသည်။ ထိုကာလအတွင်း ဦးနုနှင့် ဦးကျော်ငြိမ်းတို့ ပဋိပက္ခ ပိုမိုဆိုးရွားလာကာ သမိုင်းတွင်စေမည့် စာနှစ်စောင် အပြန်အလှန် ပေးပို့ခဲ့ကြရမှ ပေါက်ကွဲလုအခြေအနေသို့ ရောက်လာခဲ့သည်။

၁၉၅၇ ခုနှစ် မတ်လ ၁ ရက်နေ့တွင် လွှတ်တော်၌ ဦးနုဝန်ကြီးချုပ်အဖြစ် ပြန်လည် အရွေးခံရာ ဦးဗဆွေသည် ဒုတိယဝန်ကြီးချုပ်အဖြစ် ပြန်လည် တာဝန်ယူလိုက်ခြင်းဖြင့် ဖဆပလ ခေါင်းဆောင်ပိုင်း ပဋိပက္ခမပေါ်ဘဲ ယာယီငြိမ်းချမ်းရေး ရရှိသွားခဲ့သည်။

(ဂါးဒီးယန်းဦးစိန်ဝင်းရေး "အကွဲအပြဲဇာတ်လမ်း" စာ–၄၁–၄၃)

၁၉၅၆ ခု ဩဂုတ်လ ၈ ရက်နေ့၌ ဦးနုသည် ဖဆပလ ဥက္ကဋ္ဌအနေနှင့် ကြေညာချက် တခုထုတ်သည်။ အကျဉ်းချုပ်မှာ နယ်စပ်ကိစ္စကို ပြည်ထောင်စု မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် မိတ်ဆွေနိုင်ငံများ အနေနှင့် အမြန်ဆုံးပြီးပြတ်အောင် ဖြေရှင်းမည်။ နှစ်နိုင်ငံ၏ နားလည်မှုပျက်ပြားစေသော အရေးအသား အပြောအဆိုများကို ရှောင်ရှားကြဖို့ သတင်းစာဆရာများနှင့် ပြည်သူလူထုအား မေတ္တာရပ်ခံကြောင်း စသည်ဖြင့် ဖြစ်သည်။

၁၉၅၆ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့စွဲဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရက တရုတ်အစိုးရသို့ စာရေးပြန်သည်။

(က) ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်နေသော တရုတ်စစ်တပ် များကို ပြန်လည် ဆုတ်ပေးရန်။

(ခ) ၁၉၄၁ ခုနှစ် မျဉ်းကြောင်းကို အသိအမှတ်ပြုရန်။

၁၉၅၆ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့စွဲဖြင့် တရုတ်အစိုးရက ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရသို့ စာပြန်လိုက်ရာတွင်–

(က) ၁၉၄၁ ခုနှစ် မျဉ်းကြောင်းကို အသိအမှတ် မပြုနိုင်ပါ။ သို့သော် တိုင်းပြည်တပြည်နှင့်တပြည် ချစ်ကြည်ရေး မပျက်စေရန်နှင့် အထင်မလွဲစေရန်အတွက် မျဉ်းကြောင်း၏ တဘက်ကို တရုတ်တပ်များ ဆုတ်ခိုင်းမည်။ ဤတရုတ်တပ်များ ဆုတ်သွားတဲ့ နေရာမှာ ပြည်ထောင်စု မြန်မာနိုင်ငံ တပ်သားများမဝင်စေရန်။

(ခ) ၁၉၁၁ ခုနှစ် အင်္ဂလိပ် အစိုးရက တရုတ်အစိုးရသို့ ပေးထားသောစာအရ ဖီမော်၊ ဂေါ်လံ၊ ကန်ဖန် ရွာသုံးရွာ နယ်မြေသည် တရုတ်အစိုးရပိုင်ဖြစ်သည်။ ဤရွာများတွင် ပြည်ထောင်စု မြန်မာနိုင်ငံမှ တပ်တွေစွဲနေသည်။ ထိုဗမာတပ်တွေကိုလည်း ဆုတ်ပေးပါ။

(ဂ) ၁၈၉၄ ခုနှစ် ဝန်ကြီးချုပ်နှစ်ဦး၏ သဘောတူညီချက်တွေကို ဖောက်ဖျက်ပြီးလျှင် မြန်မာပြည်၏ မြောက်ပိုင်းကျသော နယ်မြေများထဲမှ ပြည်ထောင်စု မြန်မာနိုင်ငံ စစ်တပ်များ ဝင်ရောက်တပ်စွဲနေသည်။ ၎င်းတပ်တွေကိုလည်း ဆုတ်ပေးပါ။ ခုလိုဆုတ်သွားသည့် နေရာများမှာ တရုတ်တပ်တွေလည်း မဝင်ပါဘူး။

(ဃ) နယ်စပ်ပြဿနာအားလုံးကို ဖြေရှင်းဖို့ နှစ်နိုင်ငံသဘောတူ ကော်မရှင်တခုခန့်ရန် တရုတ်အစိုးရက သဘောတူသည်။

ယခုလို တရုတ် မြန်မာနယ်စပ်ပြဿနာနှင့် ပတ်သက်၍ နှစ်နိုင်ငံအစိုးရသည် သဘောတူထားကွဲလွဲချက်များ၊ အဆင်မပြေမှုများ ရှိလာသဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရသည် တရုတ်အစိုးရ၏ သဘောထားကို သိစေရန် ဖဆပလ ဥက္ကဋ္ဌကြီးဦးနုကို တရုတ်သို့ စေလွှတ်ရန် စီမံခဲ့သည်။ တရုတ်အစိုးရကလည်း တဦးနှင့်တဦး နားလည်မှု ရရှိစေရန် ဖိတ်လာ၏။ ထို့ကြောင့် ချစ်ကြည်ရေးမစ်ရှင်ဟု အမည်ပေးကာ ဦးနုအား ခေါင်းဆောင်စေလျက် ဦးနု၏ဇနီး ဒေါ်မြရီ၊ **တရားဝန်ကြီး ဦးမြင့်သိန်း**[၂၇] (ယခု တရားဝန်ကြီးချုပ်) နှင့်ဇနီး၊ နိုင်ငံခြားရေးရုံး အမြဲတန်း အတွင်းဝန် ဦးထွန်းရှိန်၊ နိုင်ငံခြားရေးရုံး နယ်စပ်ဆိုင်ရာ အထူးအရာရှိ ဦးခင်ညွန့်၊ ဖဆပလအဖွဲ့ တိုင်းမှူး ဗိုလ်တင်မောင်ကြီး တို့ ပါဝင်သည့် မစ်ရှင်အဖွဲ့ကို ၁၉၅၆ခုနှစ် အောက်တိုဘာလ နောက်ဆုံးအပတ်တွင် တရုတ်ပြည်သို့ စေလွှတ်ခဲ့၏။

ဤသို့ ဦးနု၏အဖွဲ့အား တရုတ်ပြည်သို့ စေလွှတ်ရာ၌ နိုင်ငံခြားရေးရုံး နယ်ခြားဆိုင်ရာ၏ တင်ပြချက်ပေါ်တွင် ဆပ်ကက်ဘိနက်၏ ၁၉၅၉ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့အစည်းအဝေး ဆုံးဖြတ်ချက်အရ ဦးနု၏ မစ်ရှင်အဖွဲ့အား အောက်ပါ ညွှန်ကြားချက်တခုကို ချမှတ်ပေးလိုက်၏။

---

၂၇။ **တရားဝန်ကြီး ဦးမြင့်သိန်း**။ ။ ၁၉၀၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် အဖ ဦးပိန် K.S. M, A. T. M, (ကျက်သရေဆောင် ရွှေစလွယ်ရမင်း၊ အမှုထမ်းကောင်းမင်း) နှင့် အမိဒေါ်မိမိတို့မှ ဖွားမြင်သည်။ ရန်ကုန်ကောလိပ်၊ ဗြိတိန်နိုင်ငံ ဘုရင်မကောလိပ်နှင့် ကင်းဘရစ် တက္ကသိုလ်များသို့ တက်ရောက်ပြီး M. A, LLB, ဘွဲ့များကို ၁၉၂၅ ခုနှစ်တွင် ရရှိခဲ့သည်။ ၁၉၂၅–၃၀ အတွင်း ရန်ကုန်မြို့မ အထက်တန်းကျောင်းအုပ်ကြီး၊ ထိုနောက် ၁၉၃၇ ခုနှစ်မှစ၍ အစိုးရတရားရေးဌာနတွင် အမှုထမ်းခဲ့သည်။ ၁၉၄၂ ခုနှစ်တွင် စစ်မှုထမ်းရန် အရန်တပ်တွင် ဗိုလ်ကြီးအဆင့် ထိုမှ ဗိုလ်မှူးကြီးအဖြစ် တိုးမြှင့်၍ မြို့ပြကာကွယ်ရေးမင်းကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် CAS(B) အစိုးရလက်ထက် တရားရေးအရာရှိ၊ မိတ္ထီလာခရိုင် စက်ရှင်တရားသူကြီး၊ ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေ အကြံပေးအရာရှိ၊ နယ်ခြားဒေသများအတွက် မြန်မာအစိုးရအဖွဲ့တွင် တွဲဖက်အတွင်းဝန်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် တရုတ်သမ္မတနိုင်ငံ (နန်ကင်းမြို့) သို့ ပထမဦးဆုံးသော မြန်မာသံအမတ်ကြီးအဖြစ် စေလွှတ်ခံရသည်။ ၁၉၅၀ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ (ပီကင်းမြို့) တွင် မြန်မာသံအမတ်ကြီး ဖြစ်သည်။ ၁၉၅၂ ခုနှစ်တွင် တရားလွှတ်တော်ချုပ် တရားသူကြီးဖြစ်ပြီး ၁၉၅၇ ခုနှစ် ဇွန်လ ၆ ရက်မှစ၍ တရားဝန်ကြီး ဖြစ်သည်။ ၁၉၅၁ ခုနှစ်တွင် သတိုးမဟာစည်သူ ဘွဲ့နှင့် ၁၉၅၈ ခုနှစ်တွင် အဂ္ဂမဟာစည်သူဘွဲ့များ ရရှိခဲ့သည်။

(Who's Who in Burma, 1961.)

၁။ တရုတ်အစိုးရ၏ သဘောထားကို သိနိုင်အောင်သာ စုံစမ်းရန်။

၂။ တရုတ်အစိုးရက ရာဇဝင်ပြပြီး နယ်မြေများကို ဟိုတောင်း ဒီတောင်း တောင်းလာလျှင် သဘောတူညီချက် ဘာမျှမပေးဘဲ ပြဿနာများကို ပြန်ယူဆောင်လာရန်။

၃။ ၁၉၄၉ ခုနှစ် မျဉ်းကြောင်းကို တရုတ်အစိုးရ အနေနှင့် အသိအမှတ်ပြုရေး အတွက် နားလည်အောင်ပြောပြရန်။

၄။ ၁၉၄၈ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံ လွတ်လပ်ရေး ရသည့်အချိန်က နယ်နိမိတ်အတိုင်း ပိုနေမြဲ ကျားနေမြဲနေရေးကို တရုတ်အစိုးရအား နားလည်အောင် ပြောပြရန် စသည်တို့ ဖြစ်လေသည်။

ဤညွှန်ကြားချက်တွေကို ဦးနုကလည်း သဘောတူ လက်ခံပြီး ညွှန်ကြားစာတစောင်ကိုလည်း ယူသွားလေသည်။

ဦးနုနှင့် အဖွဲ့များသည် တရုတ်ပြည် ပီကင်းမြို့သို့ရောက်သည့်အခါ အစိုးရနှင့် တကြိမ် နှစ်ကြိမ် နယ်စပ်ပြဿနာကို ဆွေးနွေးခဲ့၏။ ဤသို့ဆွေးနွေးရာတွင် တရုတ်အစိုးရသည် ဦးနုအား အထက်ဖော်ပြသည့် ၁၉၁၁ ခုနှစ်တွင် အင်္ဂလိပ်အစိုးရက တရုတ်အစိုးရအား ရေးပေးခဲ့သော စာကိုပြလျက် ဖီမော်၊ ဂေါ်လံ၊ ကန်ဖန် နယ်သုံးနယ်ကို တောင်းတော့၏။ ထိုအခါ ဦးနုက ဝန်ကြီးအဖွဲ့ကပေးလိုက်သော ညွှန်ကြားချက်များအား မေ့ပစ်၍ အကျိုးအကြောင်း အဆိုးအကောင်း လေ့လာခြင်းမရှိဘဲ ချက်ချင်းပင် တရုတ်ပြည်အစိုးရက တောင်းဆိုချက်ဟာ စာနှင့်ပေနှင့်ပြနိုင်သည့်အတွက် တရားတယ်။ ငါသဘောတူတယ်ဟု ပြောလိုက်သည်။ သူနှင့် လိုက်ပါလာသူများသည် တရုတ်များရှေ့တွင် ချက်ချင်းပြောရန် ခက်သဖြင့် ဆွေးနွေးပွဲကို နောက်တကြိမ် ဆွေးနွေးရန်နှင့် ၎င်းပြဿနာများကို လေ့လာရန် ပြော၍ ဆွေးနွေးပွဲကို ခေတ္တရပ်နားလိုက်၏။

နောက်တကြိမ် ဆွေးနွေးပွဲ မလုပ်မီ အဖွဲ့ဝင်အချို့သည် ယခု တရုတ်တွေတောင်းသော နယ်မြေသည် ကချင်ပြည်နယ်တွင် ကျရောက်သဖြင့် ကချင်ပြည်နယ်ခေါင်းဆောင်များနှင့် ဆွေးနွေးဖို့ လိုကြောင်း၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၂၀၀ အရ ကချင်ပြည်နယ်ကောင်စီ၏ သဘောတူညီခွင့်ကို ရယူမှသာလျှင် ပြီးပြတ်နိုင်ကြောင်း ဦးနုအား တင်ပြကြသည်။ ထိုကြောင့် ဦးနုသည် နောက်တကြိမ် ဆွေးနွေးသော ဆွေးနွေးပွဲ၌ ဖီမော်၊ ဂေါ်လံ၊ ကန်ဖန် နယ်မြေသုံးရွာနှင့် ပတ်သက်၍ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ကချင်ပြည်နယ်တွင် ပါဝင်နေသဖြင့် ကချင်ခေါင်း

ဆောင်များ၏ သဘောတူညီခွင့်ကို ရဖို့လိုပါသည်။ သို့ဖြစ်၍ ကချင်ခေါင်းဆောင်များကို ခေါ်ပေးပါ ဟု တရုတ်အစိုးရအား တင်ပြခဲ့၏။

ထို့ကြောင့် တရုတ်အစိုးရသည် လေယာဉ်ပျံတစင်း လွှတ်ပေး၍ **သံအမတ်ကြီး ဦးလှမောင်**[၂၈] ၊ အတွင်းဝန် ဦးထွန်းရှိန်၊ အထူးအရာရှိ ဦးခင်ညွန့်တို့သည်လည်း ထိုလေယာဉ်နှင့် လိုက်ပါလာသည်။ ၎င်းတို့သည် ၂၈– ၁၀– ၅၆ ရက်နေ့တွင် ရန်ကုန်သို့ပြန်ရောက်လာပြီး အခြေအနေကိုအစိုးရထံ အစီရင်ခံလာသည်။ ဦးနုနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ဆန္ဒအရ ပြည်နယ်ဥက္ကဋ္ဌ ဦးဇန်ထာရှင်၊ ပြည်နယ်ဥက္ကဋ္ဌဟောင်းများဖြစ်ကြသော ဆမားဒူဝါဆင်ဝါးနောင်၊ ဒူဝါဇော်လွန်း၊ ကချင်ပြည်နယ်ဝန်ကြီးဌာန မေဂျာရှန်လုန်းတို့သည် သံအမတ်ကြီးဦးလှမောင်၊ အတွင်းဝန်ဦးထွန်းရှိန်အစား နိုင်ငံခြားရေးရုံး အတွင်းဝန် မစ္စတာ ဘာရိန်တန်၊ အထူးအရာရှိ ဦးခင်ညွန့်တို့က အောက်တိုဘာ ၃၀ ရက်နေ့တွင် တရုတ်အစိုးရလေယာဉ်ပျံဖြင့် ရန်ကုန်မှ ပီကင်းသို့ ထွက်ခွာသွားရ၏။

ထိုသို့ မသွားမီ တရက် အောက်တိုဘာ ၂၉ ရက်နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ ဝန်ကြီးအဖွဲ့ အစည်းအဝေးတခု ပြုလုပ်၍ အောက်ပါဆုံးဖြတ်ချက် သုံးခုကို ချ၏။

၁။ ၁၉၄၈ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံ လွတ်လပ်ရေးရသည့်အချိန်က တည်ရှိခဲ့သော နယ်နိမိတ်အတိုင်း ပိုနေမြဲ ကျားနေမြဲနေရန်၊ တရုတ်အစိုးရအား အကြံပေးတိုက်တွန်းရန်။

---

၂၈။ သံအမတ်ကြီး ဦးလှမောင်။ ။ ၁၉၁၁ ခု စက်တင်ဘာလ ၂၀ ရက်နေ့တွင် မိတ္ထီလာမြို့၌ အဖ သစ်တောမင်းကြီး ဦးစံနှင့် အမိ ဒေါ်မမတို့မှ မွေးဖွားခဲ့သည်။ ၁၉၃၂ ခုနှစ်တွင် မန္တလေးဥပစာကောလိပ်၊ ၁၉၃၈ တွင် ရန်ကုန်တက္ကသိုလ် ဘီအေနှင့် ၁၉၄၁ တွင် ဘီအယ်လ်ဘွဲ့များ ရရှိခဲ့သည်။ ၁၉၃၆ ခုနှစ်တွင် ကျောင်းသားသပိတ် ခေါင်းဆောင်နှင့် ၁၉၃၆–၃၈ ခုနှစ်များတွင် တက္ကသိုလ်ကျောင်းသား သမဂ္ဂအမှုဆောင်၊ ၁၉၄၁ ခုနှစ်တွင် သမဂ္ဂဥက္ကဋ္ဌ ဖြစ်သည်။ အရေးတော်ပုံပါတီ (နောင်တွင် ဆိုရှယ်လစ်ပါတီ) ခေါင်းဆောင်တဦးဖြစ်သည်။ စစ်အတွင်း၌ ဘီအိုင်အေ တပ်မတော်အရာရှိ ဖြစ်ပြီး၊ ဂျပန်တပ်မတော်၏ စစ်ထောက်လှမ်းရေးအဖွဲ့ "ဟီရဒိုက ကော်မရှင်"တွင် ဆက်သွယ်ရေးအရာရှိ၊ ထိုနောက် ၁၉၄၃–၄၅ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက် အတွင်းဝန်၊ ဆိုရှယ်လစ်ပါတီ ခေါင်းဆောင်တဦး၊ စစ်ပြီးနောက် တိုင်းပြုပြည်ပြု လွှတ်တော်သို့ အမတ်အရွေးခံရပြီး နိုင်ငံခြားရေး ဝန်ကြီးဌာနတွင် ပါလီမန်အတွင်းဝန်၊ ၁၉၄၈ ခု လွတ်လပ်ရေးရပြီးနောက် ထိုင်းနှင့် အင်ဒိုနီးရှားနိုင်ငံများ၏ ပထမဦးဆုံးသော မြန်မာသံအမတ်ကြီး ဖြစ်သည်။ ၁၉၅၁ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မွန်ဂိုလီးယား သမ္မတနိုင်ငံ၊ ၁၉၅၉ ခုနှစ်တွင် အစ္စရေးနိုင်ငံ၊ ၁၉၆၁ ခုနှစ်တွင် ဗြိတိန်နိုင်ငံများ၏ မြန်မာသံအမတ်ကြီး အဖြစ် စတင်ဆောင်ရွက်ခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် သတိုးသီရိသုဓမ္မဘွဲ့နှင့် ၁၉၆၀ ခုနှစ်တွင် လွတ်လပ်ရေး မော်ကွန်းဝင် (တတိယအဆင့်) ဘွဲ့တံဆိပ်များ ချီးမြှင့်ခံရသည်။

၂။ အထက်ပါ နံပါတ် ၁ အချက်ကို လက်မခံလျှင် နယ်စပ်ဒေသတခုလုံးကို တခုတည်း အနေနှင့်မစဉ်းစားဘဲ တပိုင်းစီ တပိုင်းစီ ဆွေးနွေးရန်။

၃။ နှစ်နိုင်ငံ ကိုယ်စားလှယ်များပါဝင်သော နယ်စပ်ဒေသ စုံစမ်းရေး ကော်မရှင် တခု ဖွဲ့စည်း၍ တရုတ်–မြန်မာနယ်စပ်ကို ကောင်းမွန်စွာ စစ်ဆေးရန် သဘောတူသည်။

စသည်တို့ ဖြစ်လေသည်။

ထိုဝန်ကြီးအဖွဲ့၏ အစည်းအဝေးတွင် ကချင်ပြည်နယ်ဝန်ကြီး ဦးဇန်ထာရှင်က တရုတ်အစိုးရ တောင်းဆိုသော ဖီမော်၊ ဂေါ်လံ၊ ကန်ဖန် နယ်မြေသည် ရှေးပဝေသဏီက တရုတ်များ မည်သည့်အခါမှ မအုပ်စိုးခဲ့ရသဖြင့် တရုတ်အစိုးရတောင်းသည့်အတိုင်း မပေးနိုင်ကြောင်း ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့၏။ ၎င်းနေ့က ကက်ဘိနက် မှတ်တမ်းတွင် အထင်အရှားတွေ့ရသည်။ ဝန်ကြီးအဖွဲ့၏ ဆုံးဖြတ်ချက်ကို မိတ္တူပြု၍ ဦးနုထံသို့လည်း တစောင် ပို့ပေးခဲ့၏။ ဝန်ကြီးအဖွဲ့၏ ဆုံးဖြတ်ချက်ကိုပင် ဦးနုသည် သဘောမကျ၍ ရှူးရှူး ရှဲရှဲ ဖြစ်၍ လက်မခံခဲ့ဟု နောက်မှသိရ၏။

ကချင်ပြည်နယ်ခေါင်းဆောင်များသည် အောက်တိုဘာ ၃၁ ရက်နေ့တွင် ပီကင်းမြို့သို့ဆိုက်ရောက်သွားကြသည်။ ၎င်းရောက်သည့် ညတွင်လည်း ဦးနုနှင့် နယ်စပ်ပြဿနာ အကြောင်း ဆွေးနွေးကြရာ ဦးနုသည် တရုတ်ဘက်မှ တောင်းဆိုချက်သည် တရားကြောင်း သဘောတူဖို့ သင့်ကြောင်းပြောဆိုလာ၏။ ကချင်ခေါင်းဆောင်များ ဘက်မှ ဖီမော်၊ ဂေါ်လံ၊ ကန်ဖန်သည် တရုတ်က မည်သည့်အခါမှ မပိုင်ခဲ့သဖြင့် မပေးနိုင်ကြောင်း၊ ယခု ရှိပြီးသား နယ်နိမိတ်အတိုင်း ရှိဖို့သင့်ကြောင်း တင်ပြကြရာတွင်လည်း ဦးနုအနေနှင့် ကချင်ခေါင်းဆောင်များ တင်ပြချက်ကို မကျေမနပ်ဖြစ်ခဲ့သည်။

ကချင်ပြည်နယ် ခေါင်းဆောင်များနှင့် ဦးနု၏ ဆွေးနွေးပွဲတွင် ဦးနုတင်ပြပြော ဆိုချက်တခုမှာ "ဘာဘဲဖြစ်ဖြစ် တရုတ်ပြည်က စာနှင့်ပေနှင့် တင်ပြနိုင်သည့် အတွက် သူတို့ တောင်းဆိုချက်ကို ပေးပြီး အမြန်စာချုပ်ချုပ်ရင် ကောင်းတယ်။ အချိန်ဆွဲနေရင် နယ်စပ်နဲ့နီးတဲ့ ခင်ဗျားတို့ကဘဲ ပြည်မအစိုးရကို ခဏခဏတိုင်ကြမယ်။ ဒါကြောင့် သူတို့ တောင်းတဲ့အတိုင်း အမြန်သဘောတူပေးလိုက်ရင် ကောင်းတယ်" စသည် ဖြင့်ဖြစ် သည်။

နိုဝင်ဘာလ ၁ ရက်နေ့ နံနက် ၁၀း၃၀ မှညနေ ၀း၀၀ အထိ တရုတ်ပြည်အစိုးရ နိုင်ငံခြားရေးရုံးတွင် ပြည်ထောင်စု မြန်မာနိုင်ငံဘက်မှ ဝန်ကြီး ဦးဇန်ထာရှင်၊ ဆမားဒူဝါ ဆင်ဝါနောင်၊ ဒူဝါဇော်လွန်း၊ တရားဝန်ကြီး ဦးမြင့်သိန်း၊ သံအမတ် ဦးလှမောင်၊ အတွင်းဝန် မစ္စတာ ဘာရိန်တန်၊ အထူးအရာရှိ ဦးခင်ညွန့်တို့ ပါဝင်လျက် တရုတ်ပြည်သူ့သမ္မတ

နိုင်ငံအစိုးရဘက်မှ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ချောင်အန်ဖူး၊ မြန်မာပြည်ဆိုင်ရာ တရုတ်သံအမတ်ကြီး လူချုံမင်း၊ နိုင်ငံခြားရေး အတွင်းဝန်များ ပါဝင်၍ နယ်စပ်ကိစ္စကို စတင်ဆွေးနွေးကြ၏။ ဆွေးနွေးပွဲတွင် တရုတ်အစိုးရဘက်မှ တင်ပြသော အချက်များမှာ–

၁။ ၁၉၁၁ ခုနှစ်တွင် အင်္ဂလိပ်အစိုးရက တရုတ်အစိုးရအားပေးထားခဲ့သော စာအရ ဖီမော်၊ ဂေါ်လံ၊ ကန်ဖန်သည် တရုတ်ပြည်ကပိုင်သဖြင့် တရုတ်ပြည်သို့ပေးအပ်ရန်။

၂။ ၁၉၄၁ ခုနှစ် မျဉ်းကြောင်းကို တရုတ်အစိုးရက သဘောတူရန်ခဲယဉ်းသည်။ အခက်အခဲ များစွာရှိပါသည်။

၃။ အထက်က မက်မဟွန်းလိုင်း ကိုလည်း ပြန်လည်စစ်ဆေးပြီး တိဘက်အစိုးရတို့၏ သဘောထားကို သိရပြီးမှ ပြီးနိုင်မည်။ သို့သော် မက်မဟွန်းလိုင်းသည် အခက်အခဲရှိမည် မထင်ကြောင်း။

စသည့်အချက်များ တင်ပြကြသည်။

ထိုဆွေးနွေးပွဲတွင် တရုတ်အစိုးရဘက်မှ ခေါင်းဆောင်၍ စကားပြောသူမှာ ဒုနိုင်ငံခြားရေးဝန်ကြီး ချောင်အန်ဖူး ဖြစ်သည်။ ပြည်ထောင်စု မြန်မာနိုင်ငံဘက်မှ ခေါင်းဆောင်၍ စကားပြောသူမှာ ကာချင်ပြည်နယ် ဝန်ကြီး ဦးဇန်ထာရှင် ဖြစ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံဘက်မှ ကချင်ပြည်နယ်ဝန်ကြီး တင်ပြသော အချက်များသည်–

၁။ ယခုရှိပြီးသား နယ်နိမိတ်အတိုင်း ပိုနေမြဲ ကျားနေမြဲနေဖို့ နှစ်နိုင်ငံသော အစိုးရတို့က သဘောတူကြရန်။

၂။ ၁၉၁၁ ခုနှစ်က အင်္ဂလိပ် အစိုးရက တရုတ်အစိုးရအား ရေးပေးခဲ့သောစာသည် အင်္ဂလိပ်နယ်ချဲ့နှင့် တရုတ်အစိုးရတို့ အချင်းချင်း အပြန်အလှန်ရေးသော ပေးစာမျှသာ ဖြစ်သည်။ စာချုပ် မဟုတ်ပါ။ ဖီမော်၊ ဂေါ်လံ၊ ကန်ဖန်နယ်သည် တရုတ်၏ အုပ်စိုးခြင်းကို မည်သည့်အခါမှ မခံခဲ့ဖူးပါ၊ ထို့ကြောင့် ထိုနယ် သုံးနယ်ကို မပေးနိုင်ပါ။

စသည်ဖြင့် ဖြစ်သည်။

ဤနေရာတွင် စာဖတ်သူ ပရိသတ်များ ဝေဖန်နိုင်ရန် တင်ပြလိုသည်မှာ တရုတ်အစိုးရသည် စာချုပ်စာတမ်းနှင့် အခိုင်အမာရှိပြီးသော ၁၉၄၁ ခုနှစ် စာချုပ်နှင့် မက်မဟွန်းလိုင်း သတ်မှတ်သော စာချုပ်ကိုလက်ခံရန် ခဲယဉ်းသည်ဟု အကြောင်းအမျိုးမျိုးပြ၍

ပြောဆိုကြပြီး စာချုပ်လည်းမဟုတ်၊ ပေးစာ တစောင်မျှဖြစ်သော ၁၉၁၁ ခုနှစ်က စာကို ကိုးကား၍ နယ်မြေတောင်းခြင်းသည် မည်သို့သောသဘောရှိသည်ကို သိနိုင်ပေသည်။

ငင်း နိဝင်ဘာလ ၁ ရက်နေ့ ည ၆း၃၀ အချိန်မှစ၍ တရုတ်အစိုးရ၏ ဖိတ်ကြားချက်အရ အားလုံးသော ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ရှုရှဆပ်ကပ်ကို သွားရောက်ကြည့်ရှုကြသည်။ ပြပွဲခဏရပ်နားသည့် အချိန်တွင် အခြားသူများနည်းတူ အခင်းကြီးအခင်းငယ်သွားရန်အတွက် ကချင်ခေါင်းဆောင်များလည်း အပြင်သို့ခဏ ထွက်ကြသည်။ အပြင်သို့ထွက်ပြီး ပြပွဲခန်းသို့ပြန်အဝင် ခန်းမ၏တံခါးဝ၌ စောင့်နေသော ဦးနုသည် ကချင်ပြည်နယ်ဝန်ကြီး ဦးဇန်ထာရှင်အား ပခုံးကိုပုတ်၍ "လာ ဦးဇန်ထာရှင် အရေးကြီးတဲ့စကားပြောစရာရှိပါတယ်" ဟု ဧည့်ခန်းတခုသို့ ခေါ်သွား၏။ ဒူဝါဇော်လွန်းလည်း လိုက်ပါသွားရ၏။ ဧည့်ခန်းတွင် ဦးနုအပြင် မြန်မာပြည်ဆိုင်ရာ တရုတ်သံအမတ်ကြီး ယုချုံမင်းလည်း ရောက်လာ၏။

ထိုအခါ ဦးနုက "ကဲ ဦးဇန်ထာရှင် ဒီကနေ့ ခင်ဗျားနှင့် တရုတ်များ ဆွေးနွေးပွဲမှာ ဒီနယ်စပ်ကိစ္စဟာ ခေါင်းဆောင်ကြီး ဦးနုပြီးရင် ပြီးပါတယ်၊ တို့ကတော့ ဘာမှပြောစရာမရှိပါလို့ ခင်ဗျားက ပြောတယ်ဆို၊ ဒီလိုဆိုရင် ကျုပ်လဲ ဝမ်းသာတယ်၊ ကနေ့ညပဲ စာချုပ်ချုပ်လိုက်မယ်၊ ဘယ်နှယ့်လဲ" ဟု မျက်နှာထားနှင့် မေးလိုက်၏။

ဦးဇန်ထာရှင်က "ကျွန်တော် ထိုသို့ မပြောရပါ၊ ကျွန်တော်တို့ အပြန်အလှန်ပြောတဲ့စကားတွေအားလုံး မှတ်တမ်းရှိပါတယ်" ဟု ပြန်ပြောလိုက်၏။

ထိုအခါ ဦးနုက "ခင်ဗျားဟာ ကျွန်တော့်ကို တမျိုးပြောတယ်၊ တရုတ်တွေကို တမျိုးပြောတယ်၊ ဘာကောင်းသလဲ၊ တရုတ်သံအမတ်ကြီးက ခင်ဗျား ဒီအတိုင်း ပြောတယ်လို့ပြောနေတယ်" ဟု ပြော၏။

ဦးဇန်ထာရှင်က "ကျွန်တော် တရုတ်ကိုတမျိုး၊ ဥက္ကဋ္ဌကို တမျိုးမပြောရပါ၊ ဆွေးနွေးပွဲမှာ ပါတဲ့လူတိုင်းကို မေးကြည့်ပါ" ဟု ပြောသောအခါ ဒူဝါဇော်လွန်းကလည်း "ဥက္ကဋ္ဌကြီးပြောသလို ဦးဇန်ထာရှင် မပြောပါ၊ ကျွန်တော်တို့ အားလုံးရှိပါတယ်" ဟု ထောက်လိုက်မှ ဦးနုသည် မသာယာသော မျက်နှာနှင့် တရုတ်သံအမတ်ကြီးနှင့် အတူ အခန်းမှ ထွက်ခွာသွား၏။

ဤတွင် ဦးဇန်ထာရှင်နှင့် ဒူဝါဇော်လွန်းလည်း အခန်းမှထွက်သွားကြ၍ ရှုရှဆပ်ကပ်ကို ပြန်ကြည့်ကြသော်လည်း ဦးဇန်ထာရှင်မှာ အလွန်စိတ်မကောင်းဖြစ်ခါ ဆပ်ကပ်တွင် စိတ်ပါဝင်စားခြင်းမရှိဘဲ ဆပ်ကပ်ပြီးအောင် မနည်းထိုင်ရတော့၏။ တည်းခိုရာအိမ်သို့ ပြန်ရောက်သော်လည်း ဦးဇန်ထာရှင်မှာ တညလုံးအိပ်မပျော်ဘဲ ရှိတော့၏။ ယခုကဲ့သို့ ဦးနုနှင့် ဆွေးနွေးရလျှင် အဆင်ပြေမည်မဟုတ်ကြောင်း၊ နယ်စပ်ကိစ္စတွင် ဆက်လက်

ဆွေးနွေးလိုသော ဆန္ဒမရှိတော့ကြောင်း၊ ထို့ကြောင့် ပြန်လိုသဖြင့် လေယာဉ်ပျံ စီစဉ်ပေးကြရန် သံအမတ်ကြီး ဦးလှမောင်နှင့် အတွင်းဝန် ဘာရိန်တန်တို့ကို ပြောရာ သံအမတ်ကြီး ဦးလှမောင်၊ တရားဝန်ကြီး ဦးမြင့်သိန်း၊ မစ္စတာ ဘာရိန်တန်တို့က တောင်းပန်ကြသဖြင့် မပြန်ဘဲ နေလိုက်ရ၏။

ထိုည ၆ နာရီ အချိန်တွင် ဦးနုသည် တရုတ်ဝန်ကြီးချုပ်နှင့် တခါတွေ့ဆုံပြီး သူ့အနေနှင့် တရုတ်အစိုးရတောင်းတာ တရားတယ်၊ ကျွန်တော်က ပေးချင်တယ်။ ဒါပေမယ့် ကချင်ခေါင်းဆောင်များက သဘောမတူဘူး၊ ဒါကြောင့် ရန်ကုန်ပြန်မယ်၊ ပြန်ပြီး ဗမာလူထုကို တင်ပြပြီး ထောက်ခံခိုင်းမယ် ဟု ပြောခဲ့၏။ ထိုအခါ တရုတ်ဝန်ကြီးချုပ်က "သိပ်မလောပါနဲ့၊ အေးအေးဆေးဆေးပေါ့။ ကျွန်တော်လည်း ကျွန်တော့်လူထုတွေကို တိုင်ပင်ပါဦးမယ်၊ ငါးရက်နေ့ အထိနေပါ" ဟု ပြန်ပြောလိုက်လေသည်။

၃-၁၁-၅၆ ရက်နေ့တွင်တခါ နယ်စပ်ကိစ္စကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ချောင်အင်လေးနှင့် ပြန်လည်ဆွေးနွေးကြ၏။ ထိုဆွေးနွေးပွဲတွင် တရုတ်ဝန်ကြီးချုပ်သည် အောက်ပါအတိုင်း ပြောခဲ့၏။

၁။ ယခု တရုတ် မြန်မာ နယ်စပ်ပြဿနာနှင့် ပတ်သက်၍ ဖီမော်၊ ဂေါ်လံ၊ ကန်ဖန်ကို တရုတ်တို့က တောင်းဆိုသည့်အတိုင်းပေးရင် အခြား "နမ့်ဝမ်၊ အဆိုင်း" နယ်ကို မတောင်းပါ။ သူ့အနေနှင့် နမ့်ဝမ်၊ အဆိုင်းနယ်သည် များစွာအရေးမကြီးပါ။ ဖီမော်၊ ဂေါ်လံ၊ ကန်ဖန်ကို တောင်းရသည်မှာ အရင်က ၎င်းနယ်မြေကို အင်္ဂလိပ်များသိမ်းယူစဉ်အခါ ထိုသို့သိမ်းယူခြင်းသည် မတရားဟု တရုတ်လူထုကြီးက ကန့်ကွက်ဆန္ဒပြပွဲများ ပီကင်းမြို့နှင့် အခြားမြို့ကြီးများတွင်လုပ်ခဲ့သည်။ ထိုအခါ သူသည် ကျောင်းသားအရွယ် ရှိပါသေးသည်။ သူမှတ်မိပါသည်။ ထို့ကြောင့် ချန်ကေရှိတ်လက်ထက် အင်္ဂလိပ်က မတရားသိမ်းသော နယ်မြေကို ယခု အစိုးရလက်ထက်၌ ပြန်ရအောင်လုပ်သည်ဟု တရုတ်လူထုအား ပြချင်ခြင်းကြောင့် ဖြစ်သည်။

၂။ ၀ နယ်ကတော့ ၀ နယ်က စော်ဘွားတစ်ချို့သည် တရုတ်ပြည်သို့ ပါဝင်ချင်သည်ဟု ပြောကြပြီး ပီကင်းသို့ ဝင်ရောက်နေပြီ။ ထို့ကြောင့် သူတို့နှင့် ဆွေးနွေးပြီးမှ ဆုံးဖြတ်လို့ဖြစ်မည်။

၃။ အထက် အပေါ်ဆုံး မက်မဟွန်းလိုင်း ကလည်း တိဘက်အစိုးရကို အလျင်စုံစမ်းရဦးမည်။ သို့သော်လည်း အခက်အခဲ များများ မရှိပါ။

ဤသို့ပြောပြီးနောက် ဥက္ကဋ္ဌကြီးဦးနုသည် ကချင်လူကြီးများဘက်လှည့်၍ “တရုတ်အစိုးရတောင်းတာ တရားပါတယ်။ ဒါကြောင့် ကျုပ်ကသဘောတူတယ်။ ခင်ဗျားတို့လည်း သဘောတူရင်ကောင်းမယ်” ဟု ပြောပြီးလျှင် ဆမားဒူ၀ါကို “ကဲ ဆမားဒူ၀ါကြီး ပြောပါ” ဟုပြောလိုက်၏။ ထိုအခါ ဆမားဒူ၀ါက “ကျွန်တော်ကတော့ ခေါင်းဆောင်များနှင့် အစိုးရက ဖြူဆိုရင် ဖြူမှာပဲ။ မည်းဆိုရင် မည်းမှာပဲ။ ကျွန်တော့်မှာတော့ ယခုအချိန် တာဝန်မရှိပါ။ ကချင်ပြည်နယ် ဥက္ကဋ္ဌ ဦးဇန်ထာရှင်က တာဝန်ရှိသူဖြစ်သဖြင့် သူပြောပါစေ” ဟု ပြန်ပြော၏။ “ကဲ ဒူ၀ါဇော်လွန်းကော ဘယ်လိုသဘောရသလဲ” ဟု ဦးနုက မေးပြန်သည်။ ထိုအခါ ဒူ၀ါဇော်လွန်းက “ဒီကိစ္စကို ချက်ချင်းဆုံးဖြတ်ဖို့ ခက်ပါတယ်။ ဖြည်းဖြည်းလုပ်ရင် ကောင်းလိမ့်မယ်။ ဒါပေမယ့် ပြည်နယ်ဥက္ကဋ္ဌပြောပါစေ” ဟု ပြော၏။ ထို့နောက် ဦးနုက “ဦးဇန်ထာရှင် ခင်ဗျားပေါ်မှာ တည်နေတယ်။ ခင်ဗျားသဘောတူလိုက်ရင် အလွယ်ကလေးနှင့် ပြီးသွားမယ်။ ဘယ့်နှယ်လဲ” ဟုမေးလိုက်ပြန်၏။

ထိုအခါ ဦးဇန်ထာရှင် အနေနှင့် အလွန်အကျပ်အတည်း တွေ့တော့၏။ ဦးနုပြောသည့်အတိုင်း နယ်မြေ (၃)နယ်ပေးဖို့ သဘောတူတယ်လို့ပြောရင် ကချင်လူထုက ဘာမှ မသိရသေးသဖြင့် လူထုဆန္ဒမပါဘဲ လုပ်ရသည်ဖြစ်လျှင် လူထုကို သစ္စာဖောက်ရာကျသည်။ လူထု၏မျက်နှာကို မထောက်ထားရာကျသဖြင့် လူထုနှင့် သူနှင့်ခက်တော့မည်။ ဦးနုပြောသည်ကို သဘောမတူဘူး၊ မပေးနိုင်ဘူး ဆိုပြန်လျှင်လည်း ဦးနုကဲ့သို့သော အမျိုးသားခေါင်းဆောင် တယောက်ကို နိုင်ငံခြားမှာ အရှက်ခွဲရာရောက်ပေမည်။ ဂုဏ်ငယ် စေရာရောက်မည်၊ မလေးစားရာ ရောက်မည်၊ အတော်ပင် အကြံအိုက်တော့၏။ သို့ရာတွင် ချက်ချင်းသတိရသည်မှာ ကျွန်တော့်အား မဲပေး၍ တင်မြှောက်သူများသည် ကချင်လူထုသာလျှင် ဖြစ်သည်။ ဦးနု မဟုတ်ပါ။ ဤကိစ္စတွင်လည်း ဦးနုကိုယ်တိုင် မှားနေပြီဖြစ်သောကြောင့် တိုင်းပြည်နှင့်လူထုအတွက် ကြည့်ပြီးပြောရမည် ဟု စဉ်းစားသဘောပေါက်၍ အောက်ပါအတိုင်း ပြောတော့သည်။

“တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် ဥက္ကဋ္ဌကြီး ဦးနုခင်ဗျား၊ ကျွန်တော်တို့ ဒီမိုကရေစီနိုင်ငံမှာ ယခုကဲ့သို့အရေးကြီးသော ပြဿနာများကို ဆုံးဖြတ်ရာတွင် အဆင့်သုံးဆင့်ရှိပါသည်။ ပထမ အဆင့်မှာ လူထုဖြစ်၍ လူထုဆန္ဒကို ယူရပါမည်။ ဒုတိယ အဆင့်မှာ လူထုကိုယ်စားလှယ်များဖြစ်၍ လူထုကိုယ်စားလှယ်များ ပါဝင်သော ပြည်နယ်ကောင်စီနှင့် ပါလီမန်၏ဆန္ဒကို ရယူရပါမည်။ တတိယ အဆင့်ကတော့ ပြည်သူလူထုနှင့် လူထုကိုယ်စားလှယ်များ၏ ဆန္ဒအရ တင်မြှောက်ထားသော လူထုအစိုးရ၏ သဘောတူညီခွင့်ကို ရရှိရပါမည်။ ဒီလို ၃ ဆင့်ရဲ့ ဆန္ဒမပါရှိဘဲ သဘောတူညီခွင့် မရဘဲ ကျွန်တော် သဘောမတူနိုင်ပါ”

ဝန်ကြီး ဦးဇန်ထာရှင်က သည်လို ပြောလိုက်တဲ့အခါ ဥက္ကဋ္ဌကြီးဦးနုက "ဒါဖြင့်ရင်ခင်ဗျားဟာ ခေါင်းဆောင်မပီသဘူး၊ ခေါင်းဆောင်ဆိုတာ ချက်ချင်း ဆုံးဖြတ်ပြီးတော့ လူထုနှင့် ရင်ဆိုင်ရမယ်၊ လူထုက သဘောမတူဘူးဆိုရင် နုတ်ထွက်ပေးပေါ့" ဟုပြောလိုက်၏။

ဝန်ကြီး ဦးဇန်ထာရှင်က "ကျွန်တော်တို့နိုင်ငံဟာ ဒီမိုကရေစီနိုင်ငံဖြစ်တဲ့အတွက် ဒီလိုဘဲဖြစ်ရမယ်၊ လူထုက ပေးဖို့သဘောတူရင် ပေးရမှာပဲ၊ သဘောမတူရင် မတတ်နိုင်ဘူး၊ ပြန်စဉ်းစားပေးရမှာပဲ" ဟုပြန်ပြောလိုက်၏။

တဖန် တရုတ်ဝန်ကြီးချုပ်က ပြောသည်မှာ "ကျွန်တော်တို့ နယ်မြေတောင်းတဲ့ ကိစ္စမှာ မိတ်ဆွေနိုင်ငံအချင်းချင်း အမြန်ပြီးပြတ်စေရန် အငြင်းအခုံမရှိစေရန်၊ နယ်ကလေး သုံးနယ်မျှသာတောင်းခြင်း ဖြစ်ပါတယ်။ တကယ်လို့ ပြောရမယ်ဆိုရင် ရှေးကရေးထားတဲ့ တရုတ်ရာဇဝင်တွေထဲမှာ ဗမာပြည်ရဲ့မြောက်ပိုင်း ဗန်းမော်၊ မြစ်ကြီးနား၊ မိုးကောင်း၊ မိုးညှင်းတို့တောင်မှ တရုတ်ပြည်က ပိုင်တယ်လို့ ရေးသားထားတယ်။ ဒါပေမယ့် ကျုပ်တို့က ဒါတွေကို မပြောပါဘူး" ဟု ပြောလိုက်၏။

ထိုအခါ ဦးဇန်ထာရှင်က "ဝန်ကြီးချုပ်ခင်ဗျား၊ ရာဇဝင်ဆိုရာမှာ ရှေးကရေးထားတဲ့ ရာဇဝင်တွေဟာ ရှင်ဘုရင်အကြိုက် နန်းတွင်းမှာ ရေးထားတဲ့ ရာဇဝင်တွေ ဖြစ်ပါလိမ့်မယ်။ တရုတ်ရာဇဝင်တွင်လည်း မန်ချူးမင်း အဆက်ဆက် ဘုရင်အကြိုက် ရေးထားတဲ့ ရာဇဝင်တွေသာ ဖြစ်တယ်လို့ ယုံကြည်ပါတယ်။ ဗမာရာဇဝင်တွေလည်း ဒီလိုပဲ ရှေးက ဘုရင်အကြိုက်၊ မင်းအကြိုက် နန်းတွင်းမှာရေးတဲ့ ရာဇဝင်တွေ ရှိပါတယ်။ ဒီရာဇဝင်တွေဟာ တရုတ်ရာဇဝင်ထက် ပိုပြီးကြီးကျယ်ပါတယ်။ ဘယ်လိုကြီးကျယ်သလဲဆိုရင် ရှေးက ကြီးကျယ်တဲ့ မြန်မာဘုရင်များဟာ အထက်နတ်ပြည် (၆)ထပ်၊ အောက်ကို ငရဲပြည် (၆) ထပ် အထိ တန်ခိုးကြီး အုပ်စိုးခဲ့တယ်လို့ ရေးထားတယ်" ဟု ပြောလိုက်၏။

ထိုစကားကို တရုတ်ဘာသာဖြင့် တရုတ်စကားပြန်က ပြန်ဆိုပြီးသည့်နောက် တရုတ်ဝန်ကြီးချုပ်ကလည်း ရယ်လျက်၊ ဥက္ကဋ္ဌကြီး ဦးနုကလည်း ရယ်လျက် "ဦးဇန်ထာရှင်ခင်ဗျားက ဘယ်ကရာဇဝင်တွေကို ကိုးကားပြီး ပြောနေတာလဲ" လို့မေးလိုက်၏။ ဝန်ကြီး ဦးဇန်ထာရှင်က "ဥက္ကဋ္ဌကြီး မှန်နန်းရာဇဝင်၊ မဟာရာဇဝင်၊ ဦးကုလား ရာဇဝင်တို့မှာ ဒီအတိုင်းရေးထားပါတယ်" လို့ပြောလိုက်၏။ ဦးနုက ဘာမှပြန်မပြောဘဲ နေလိုက်၏။

ထိုကဲ့သို့ ပြောပြီးနောက်လည်း ဦးနုက "ဒီကိစ္စဟာ မြန်မြန်သဘောတူလိုက်ရင် ကောင်းတယ်။ ဦးဇန်ထာရှင် အပေါ်မှာ တည်နေတယ်။ ခင်ဗျားသာ သဘောတူမယ် ဆိုရင် ကနေ့ည စာချုပ်ချုပ်မယ်။ နယ်မြေ ဘယ်လောက်ပေးမယ်ဆိုတာလဲ နောင်ကို တရုတ်အစိုးရနှင့် အငြင်းမပွါးအောင် မင်နီနှင့် မြေပုံပေါ်မှာ ယခုခြစ်ပြီး ကွင်းထားမယ်။ မြန်မြန်သာ သဘောတူပါ" လို့ ထပ်မံ ပြောတော့၏။

ထိုအခါ ဦးဇန်ထာရှင်က “ဒီကိစ္စနှင့် ပတ်သက်လို့ ကျွန်တော်၏ သဘောထားကို လည်း ပြောပြီးပြီ။ ဒါပေမယ့် အမြန်သဘောတူရမယ်လို့ဆိုပြီး ပြောရင် ဥက္ကဋ္ဌကြီးနှင့် တရုတ်ပြည်အစိုးရဟာ ဘာနှင့် အလားသဏ္ဍာန် တူနေသလဲဆိုရင် အမှုမဲ့ အမှတ်မဲ့နေတဲ့ လူတယောက်ကို ရုပ်ရှင်ကြည့်ရအောင် လိုက်လာပါလို့ခေါ်ပြီး၊ ရုပ်ရှင်ရုံထဲကျတော့ ခင်ဗျား သမီး ကျုပ်ကိုပေးပါဆိုတာနဲ့ အတူတူပဲ။ မိန်းကလေး တယောက်ပေးစားဖို့ရန်အတွက် အဖေတယောက်တည်းနှင့် မပြီးနိုင်ပါ။ အမေလုပ်တဲ့လူလဲ သဘောတူရမယ်။ ညီအကို မောင်နှမတွေလဲ သဘောတူရမယ်။ ဆွေမျိုးသားချင်းအားလုံး ကျေကျေနပ်နပ် သဘောတူမှ ပေးစားရင် ကောင်းပါတယ်။ ထိုနည်းတူစွာပဲ နယ်သုံးနယ် ပေးရမည့် အရေးမှာ ကျွန်တော် က ဘာကြောင့်လူထုနှင့်၊ လူထုကိုယ်စားလှယ်များနှင့် မတိုင်ပင်ကောင်းသလဲ” ဟုပြော လိုက်သည်။

ဤစကားကို တရုတ်စကားပြန်က တရုတ်ဘာသာဖြင့် ပြန်ဆိုပြီးသည်နောက်မှာ တရုတ်ပြည်ဝန်ကြီးချုပ်နှင့် ဦးနုတို့က ရယ်မောပြီး “ဒါဖြင့် ခင်ဗျားသဘောမတူရင် အခုမပြီး နိုင်ဘူး။ နောက်ကို ဝန်ကြီးချုပ် မြန်မာပြည်ကိုလာတဲ့အခါကျမှ ဆွေးနွေးဆုံးဖြတ် ပေးတာ ပေါ့” ဟုပြောပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်၏။

ထို့ကြောင့် ဦးနုနှင့် ဝန်ကြီးချုပ် ချောင်အင်လေးတို့၏ သဘောတူကြေညာချက် တခု ထုတ်ရာတွင် အောက်ပါအတိုင်းကြေညာကြ၏။

၁။ တရုတ် မြန်မာနယ်စပ်ပြဿနာနှင့် ပတ်သက်၍ နှစ်နိုင်ငံ အစိုးရက ပိုမိုနားလည် နီးစပ်လာကြသည်။

၂။ နယ်စပ်မှာ ချထားသည့် နှစ်ဘက်စလုံးမှတပ်များကို မိမိတို့နယ်အတွင်းသို့ (၁၀) မိုင်အထိ ဆုတ်ပေးရန်။ ၎င်းကို ဒီဇင်ဘာလ အကုန်မှာ အပြီးအပိုင်လုပ်ရန် သဘောတူသည်။

ဟူသော အချက်များ ဖြစ်၏။

ဦးနု ဆန္ဒအရ နယ်စပ်အရေးကို တရုတ်အစိုးရ တောင်းဆိုသည့်အတိုင်း ဖီမော်၊ ဂေါ်လံ၊ ကန်ဖန်ကို တရုတ်ပြည်သို့ပေး၍ အပြီးအပိုင်စာချုပ်လိုခြင်းနှင့် ပတ်သက်၍ ထို အချိန်၌ ဦးနုသည် တိုင်းပြည်၏အုပ်ချုပ်ရေးအာဏာ သူ၌မရှိ၊ သူအစိုးရမဟုတ်၊ ဝန်ကြီး ချုပ်မဟုတ်၊ ဖဆပလ ဥက္ကဋ္ဌသာဖြစ်သဖြင့် တိုင်းပြည်တခုနှင့်တခု ချုပ်ဆိုသော စာချုပ်များ တွင် အာဏာလက်ရှိ အစိုးရအဖွဲ့ဝင်များ၊ သမ္မတ၊ ဝန်ကြီးချုပ်၊ နိုင်ငံခြားရေး ဝန်ကြီး၊ အစိုးရအဖွဲ့မှ အာဏာလွှဲအပ်ခြင်းခံရသော ဝန်ကြီးတဦးဦး၊ အစိုးရအဖွဲ့မှ အာဏာလွှဲအပ်

ခြင်းခံရသော သံအမတ် စသည်တို့သာ တိုင်းပြည်အချင်းချင်း ချုပ်ဆိုသော စာချုပ်စာတမ်းပေါ်တွင် လက်မှတ်ရေးထိုးစမြဲ ဖြစ်၏။ လက်ထဲ၌ အာဏာ မရှိသောသူ လက်မှတ်ရေးထိုး၍ ချုပ်ဆိုသော စာချုပ်သည် တရားမဝင်ချေ။ ထိုသည်ကို ဝန်ကြီးဦးဇန်ထာရှင်သည် သိ၏။

၅–၁၁–၅၆ ရက်နေ့တွင် ဦးနုသည် ပီကင်းမှထွက်၍ ရန်ကုန်သို့ ပြန်သွား၏။ ကချင်ခေါင်းဆောင်များသည် တရုတ်ပြည်အစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်တွင် လှည့်လည်ရန် တရုတ်ပြည်အစိုးရ၏ ဧည့်သည်တော်များအနေနှင့် ပီကင်းတွင် ကျန်ရစ်ခဲ့၏။

ဦးနု၏ အဖွဲ့သည်လည်း ရာသီဥတုမကောင်းသဖြင့် ချုံကင်းတွင် လေယာဉ်ဆိုက်၍ ရပ်နားရသည်ဟု ကြားသိရ၏။

၆–၁၁–၅၆ ရက်နေ့ညတွင် သံအမတ်ကြီး ဦးလှမောင်သည် ဦးနု၏ စေခိုင်းချက်အရ ဦးဇန်ထာရှင်ထံ တယ်လီဖုန်း ဆက်လိုက်သည်မှာ “ရန်ကုန်ရောက်တဲ့အခါ ကချင်လူကြီးတွေကို ဦးနု ခေါ်ပြီးတွေ့ချင်တယ်။ ဒါကြောင့် ကချင်လူကြီး ဘယ်သူဘယ်ဝါကို ဖိတ်ခေါ်ရရင် ကောင်းမလဲ” ဟု မေးလိုက်၏။

ဦးဇန်ထာရှင်က “ကချင်လူကြီးများကို ခေါ်မယ်ဆိုရင် အဖွဲ့အစည်းအလိုက် အဖွဲ့၏ ခေါင်းဆောင်များကို ခေါ်လိုက်ရင် ကောင်းတယ်။ ကေအင်စီ အဖွဲ့ကတော့ အဖွဲ့ချုပ် ဒု–ဥက္ကဋ္ဌဖြစ်တဲ့ ဒူဝါကျုန်းလုပ်၊ ဘဏ္ဍာထိန်း ဆလန်လနန်လ၊ ဇန်းမော်ခရိုင် ဒု–ဥက္ကဋ္ဌဖြစ်တဲ့ ဆရာကြီး မရန်းလ၊ အမှုဆောင်ဖြစ်တဲ့ မလာ့ဒန်ဒူဝါဇော်လတို့ကို ခေါ်ရင် ကောင်းတယ်။ တခြားအဖွဲ့အစည်းများဖြစ်တဲ့ ပယကဖနှင့် ပေါင်ယောင်လူငယ်များ အဖွဲ့ချုပ်ကိုတော့ ဟိုကျမှ သူတို့အဖွဲ့ကိုမေးပြီး ခေါ်ရင်ကောင်းမယ်” လို့ မှာကြားလိုက်၏။

သို့သော် ကချင်လူကြီးများအားလုံးကို အပြည့်အစုံ မခေါ်ဘဲ အထက်ကနာမည်ပေးလိုက်သော ကေ၊ အင်၊ စီ ခေါင်းဆောင်များကိုသာ ကမန်းကတန်း ရန်ကုန်မြို့သို့ အထူးလေယာဉ်ပျံဖြင့် ခေါ်ယူ၍ ဖဆပလ အဖွဲ့ချုပ်တွင် ထမင်းတနပ်ကျွေးပြီး ဦးနုက “တရုတ်အစိုးရတောင်းတာ တရားတယ်၊ ကျုပ်တော့ သဘောတူတယ်။ ခင်ဗျားတို့လည်း သဘောတူပါ” လို့ပြော၏။ ထိုအခါ ကချင်လူကြီးများက “ဤကိစ္စမှာ အလွန်အရေးကြီးသော ကိစ္စ ဖြစ်ပါသည်။ သေးငယ်တဲ့ ကိစ္စ မဟုတ်ပါ။ ထို့ကြောင့် လူထု၏ဆန္ဒကို ရယူဖို့ လိုပါတယ်” ဟုပြောလိုက်၏။ ထိုအခါ ဖဆပလ ဥက္ကဋ္ဌကြီး ဦးနုသည် စားပွဲကို လက်သီးဖြင့် ခပ်နာနာထု၍ “ဟုပ္ပလက် (စ်) လီဒါ (စ်)”ဟု အင်္ဂလိပ်လို “အလကား ခေါင်းဆောင်တွေ” ဟုဆဲဆို ကြိမ်းမောင်းလိုက်၏။

ဦးနုသည် ကချင်လူကြီးများကို တမင်တကာခေါ်ယူပြီး ထမင်းတနပ်ကျွေးပြီး ယခုလို စားပွဲထုပြီး ဆဲဆိုကြိမ်းမောင်းတာ ကောင်းနိုင်သေးရဲ့လားဟု မေးစရာဖြစ်နေသည်။

ဤကဲ့သို့ ကချင်လူကြီးများကို ခေါ်ရာတွင်လည်း ဦးဇန်ထာရှင်သည် သူ့အဖွဲ့ လူကြီးများကိုသာ ခေါ်ခိုင်းသည်။ တခြား အတိုက်အခံဘက်က ခေါင်းဆောင်များကိုနာမည် မပေးလိုက်ဟု အပြစ်တင်သေးသည်ဟု သိရသည်။ ဦးဇန်ထာရှင်က တယ်လီဖုန်းဖြင့် ပြော လိုက်သည်မှာ အခြားအဖွဲ့များကို သူတို့အဖွဲ့ကို မေးကြည့်ပြီးခေါ်ပါလို့ ပြောလိုက် ခြင်းဖြင့် တာဝန်ကုန်နေပြီ ဖြစ်၏။ အပြစ်တင်စရာမဟုတ်ပါ။

ဦးနုသည် သတင်းစာဆရာများကို ဖိတ်၊ အတိုက်အခံပါတီများကို ဖိတ်ပြီး သူလုပ် တာ မှန်ကြောင်း၊ ထောက်ခံကြစေလိုကြောင်း၊ တရုတ်အစိုးရတောင်းတာ တရားကြောင်း ပြောပြ၍ ထောက်ခံစေ၏။ သတင်းစာဆရာများကလည်း နောက်ကြောင်း ရာဇဝင်မသိ၊ အဖြစ်သနစ် မစုံစမ်း၊ အခြေအနေ မသိဘဲ အရမ်းထောက်ခံရေးသားကြ၏။ အတိုက်အခံ ပါတီများကလည်း ဘုမသိဘမသိနှင့် ထောက်ခံကြ၏။

ဦးနုသည် ၁၀-၁၁-၅၆ ရက်နေ့တွင် အသံလွှင့်ဌာနမှနေ၍ ကြေညာချက်တခု အသံလွှင့်ခဲ့၏။ ၎င်းကြေညာချက်တွင်-

၁။ ဖီမော်၊ ဂေါ်လံ၊ ကန်ဖန်သည် တရုတ်ပိုင် နယ်မြေဖြစ်တယ်။ ဗမာက ဘယ်တော့မှ မပိုင်ခဲ့ပါ။ ကိုယ်မပိုင်တဲ့ ကိစ္စကို မျှော်လင့်ချက် မပေးချင်ပါ။

၂။ နမ့်ဝမ်း၊ အဆိုင်းနယ် အငှားစာချုပ်ကြီး ဖျက်ပစ်ဖို့ ကောင်းတယ်။ သူများ မြေ ငှားတယ်ဆိုတာ ကြားလို့မကောင်းပါဘူး။

၃။ ကျန်တဲ့နယ်စပ် နယ်နိမိတ်ဟာ ဗမာအစိုးရက လိုချင်တဲ့အတိုင်း တရုတ်အစိုးရက လိုက်လျောရန် များစွာ မျှော်လင့်ချက်ရှိပါတယ်။

စသည်ဖြင့် ဖြစ်၏။

ထိုနောက် ဦးနုသည် ကာလကတ္တားသို့သွား၍ အိန္ဒိယပြည် သတင်းစာဆရာ များအား တရုတ်အစိုးရတောင်းတာ တရားတယ်။ ဖီမော်၊ ဂေါ်လံ၊ ကန်ဖန်ဟာ တရုတ်ပိုင် မြေ ဖြစ်ခဲ့တယ်။ ဗမာ မပိုင်ခဲ့ပါ လို့ထုတ်ဖော်ပြောဆိုခဲ့၏။

ဤတွင်မက ဦးနုသည် တရုတ်ပြည်မှအပြန် ဖဆပလ အမှုဆောင် အစည်းအဝေး မှာ "ဦးဇန်ထာရှင်ဟာ အလကားလူပဲ။ တရုတ်တွေရှေ့မှာ တမျိုး၊ ကျွန်ုပ်ကို တမျိုးပြော တယ်။ မှောက်ချည် လှန်ချည် လုပ်တယ်။ ဒီကောင်ကို ဖြုတ်ပစ်ရင် ကောင်းတယ်။ ပြည်နယ် ဥက္ကဋ္ဌဟာ ချွတ်ကရားပဲ။ မလိုချင်ရင် ဂျောင်းဆိုရင်သွား၊ လိုချင်တဲ့လူကို အောင်းဆိုရင် လာရမယ်" ဟုပြောဖူး၏။

ဤနေရာတွင် ဦးနုသည် ပြည်နယ်များအပေါ် ဘယ်လိုသဘောထားသည်ဆိုတာ တခါတည်း သိနိုင်ပါသည်။ ဦးနုသည် ပြည်နယ်များအပေါ် ထိုမျှလောက် ပက်စက်သော အကြံ ရှိသူဖြစ်ကြောင်း ထင်ရှားစေပါသည်။

ဖီမော်၊ ဂေါ်လံ၊ ကန်ဖန် တရုတ်တို့အား မပေးရန်၊ ရန်ကုန်ကောလိပ်ကျောင်းနှင့် အခြားကျောင်းများတွင် ပညာသင်ကြားနေသော ကချင်ကျောင်းသားများသည် ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့ကြ၏။ ဤ ကန့်ကွက်ခြင်းကိုပင် ဦးနုသည် ဦးဇန်ထာရှင်၏ မြှောက်ပေးမှုကြောင့် ဖြစ်သည်ဟု ဦးဇန်ထာရှင်အပေါ် အပြစ်ပြောခဲ့၏။

၉–၁၂–၅၆ ရက်နေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ကေ အင် စီ အဖွဲ့မှ ခေါင်းဆောင်၍ ကချင်ခေါင်းဆောင်များနှင့် လူထုငါးရာကျော် တက်ရောက်သော လူထုတရားပွဲတခုမှ ဖီမော်၊ ဂေါ်လံ၊ ကန်ဖန်ကို တရုတ်ပြည်အား ပေးရန်သဘောမတူကြောင်း ဆုံးဖြတ် ကြေညာခဲ့၏။ ထိုအစည်းအဝေးတွင် ပ ယ က ဖ အဖွဲ့နှင့် ပေါင်ယောင်လူငယ် အဖွဲ့တို့အား အဖွဲ့အနေနှင့် ဖိတ်ခဲ့ရာ တဖွဲ့မှ တယောက်စီ တက်ရောက်ကြသော်လည်း အဖွဲ့အနေနှင့်မဟုတ်ဘဲ တသီးပုဂ္ဂလအနေနှင့်လာကြောင်းဖြင့် ပြောကြ၏။

၁၂–၁၂–၅၆ ရက်နေ့တွင် ဦးနုသည် ဆမားဒူဝါနှင့် ဒူဝါဇော်ရစ်တို့အား ခေါ်ယူ၍ တရုတ်အစိုးရက တောင်းဆိုသော နယ်မြေကိုပေးရန် သဘောတူကြောင်း လက်မှတ်ရေးထိုး ခိုင်းသည် ဟူသော သတင်းလည်း ဖြစ်ပေါ်လာ၏။

ဤကဲ့သို့ ဦးနုသည် ကချင်လူကြီးတွေကို ခေါ်၍ ကြိမ်းခြင်း၊ ပြည်တွင်းသတင်းစာ ပြည်ပသတင်းစာများမှ မိမိအကြိုက်ရေးသား ထောက်ခံစေခြင်း၊ အတိုက်အခံ အဖွဲ့အစည်း များကို မျက်စိမှိတ် ထောက်ခံခိုင်းခြင်း၊ ကချင်ပြည်နယ်တွင် အာဏာမရှိသော ပြည်နယ်၏ အတိုက်အခံ အဖွဲ့အစည်းများအား တဘက်လှည့် မြှောက်ပေးခြင်း စသော နည်းမျိုးစုံဖြင့် လုပ်လာသည့်အဆုံးတွင် ဦးနု၏ စိတ်သက်သာရာရပါစေတော့ ဟူ၍ လည်းကောင်း၊ နိုင်ငံနှစ်ခု၏ ဆက်ဆံရေးမှာ မိတ်မပျက် ဆွေမပျက် ပြေပြစ်ပါစေ ဟူသော ဆန္ဒဖြင့် ဦးဇန်ထာရှင်နှင့် ကချင်ပြည်နယ် အစိုးရအဖွဲ့ဝင်များသည် တရုတ်အစိုးရတောင်းသော ဖီမော်၊ ဂေါ်လံ၊ ကန်ဖန် နယ်မြေကို မပေးရင်မဖြစ်သော အခြေအနေမျိုးသို့ ဆိုက်ရောက်လာကာ ဓရိယာကို ကျဉ်းနိုင်သမျှ ကျဉ်း၍ပေးရန် စဉ်းစားသင့်ကြောင်း၊ ဤကဲ့သို့ ဓရိယာကို ကျဉ်းနိုင်သမျှ ကျဉ်း၍ပေးရလျှင် နမ်ဝမ်း၊ အဆိုင်းနယ်ကို တရုတ် အစိုးရက တောင်းဆိုခြင်း မလုပ်ရန် စသည်ဖြင့် ဆုံးဖြတ်ချက်ချပေးခဲ့ရသည် အထိဖြစ်ခဲ့ရ၏။

ဤကဲ့သို့ လုပ်ရခြင်းမှာလည်း ကချင်ပြည်နယ် အစိုးရဝန်ကြီးများက တကယ် ပေးချင်၍ မဟုတ်၊ အမျိုးသားခေါင်းဆောင်ကြီး ဦးနုကို လေးစားသောအားဖြင့် သူ၏ပါရမီကိုဖြည့်ပေးသည့် အနေနှင့်လည်းကောင်း၊ တိုင်းပြည်နှစ်ခု၏ ဆက်ဆံရေးတွင် အဆင်ပြေစေရန် ရည်သန်၍လည်းကောင်း ဖြစ်ရ၏။

## ၃ . ၆ တရုတ်– ဗမာ နယ်စပ်ပြဿနာနှင့် ပတ်သက်၍ ဦးနု၏ အမှားများ

၁။ ဦးနုသည် တရုတ်အစိုးရက တောင်းဆိုသော ဖီမော်၊ ဂေါ်လံ၊ ကန်ဖန်နယ်မြေကို တရုတ်ပြည်အားပေးရန် ဆုံးဖြတ်ရာ၌ ပီကင်းမြို့တွင် ချက်ချင်းအရေးတကြီး စာချုပ် ချုပ်ဆို၍ အပြီးအပိုင် လုပ်ချင်၏။ ထိုအခါ သူသည် ဝန်ကြီးချုပ်လည်း မဟုတ်ပါ။ ဖဆပလ ဥက္ကဋ္ဌမျှသာ ဖြစ်ပါသည်။ ဤမျှ အရေးကြီးသော ပြဿနာကို အစိုးရ အချင်းချင်းသာ စာချုပ်ပြုနိုင်သည်။ ထိုအချက်ကို ဂရုမစိုက်၊ အစိုးရအလုပ် လုပ်နေသူများသည် ငါ့တပည့်တွေဖြစ်တယ်ဟု သူယူဆယုံကြည်ခဲ့၏။ ဝန်ကြီးချုပ်ရောဂါစွဲကာ သူ့ကိုယ်သူ ဝန်ကြီးချုပ် ဟုပင် အောက်မေ့နေသည်။

၂။ အစိုးရ အဖွဲ့က နှစ်ကြိမ် နှစ်ခါ ဆုံးဖြတ်ညွှန်ကြားခဲ့သည်ကို သူဘာမျှ ဂရုမစိုက်။ ကက်ဘိနက်၏ ဆုံးဖြတ်ချက်ကို စက္ကူစုတ် လုပ်သည်။

၃။ ဖီမော်၊ ဂေါ်လံ၊ ကန်ဖန် နယ်မြေအကြောင်းကို သူလေ့လာခြင်း၊ စုံစမ်းခြင်း မရှိ။ နယ်စပ်နှင့်ဆိုင်သော ဖိုင်တွဲများ နိုင်ငံခြားရေးရုံးတွင် အပြည့်အစုံ ရှိသော်လည်း တခုမျှလေ့လာခြင်းမရှိဘဲ ၎င်းနယ်မြေတွေဟာ ဘယ်တော့မှတို့မပိုင်ခဲ့ဘူးဟု အလွယ်တကူနှင့်ပြောပြီး ကြေညာခဲ့၏။

၄။ ၎င်းနယ်မြေတွေအကြောင်း လုံးဝမသိသော ပြည်သူလူထုနှင့် သတင်းစာများ အတိုက်အခံ ခေါင်းဆောင်များအား သူပြောတာမှန်တယ်ဟု သူ့ဘက်ထောက်ခံအောင် အမှားတွေကို ပြောပြခဲ့ပြီး လူထုကိုလှည့်စားခဲ့သည်။

၅။ သူ့အကြိုက်သို့ဖြစ်အောင် ကချင်ခေါင်းဆောင်များကို နည်းအမျိုးမျိုးနှင့် ခြိမ်းခြောက်ခဲ့သည်။ သူ့ဘက်ပါပြီး မှန်ပါ့ဘုရား လုပ်မည့်လူတွေကို လိုက်မြှောက်ပေးခဲ့သည်။

၆။ ပထမ တရုတ်အစိုးရ တောင်းစဉ်အခါမှာ အလွယ်တကူနှင့် ခင်ဗျားတို့ တောင်းတာ တရားတယ်၊ ငါပေးချင်တယ်ဟု ဆုံးဖြတ်ချက်ချခဲ့ပြီးသည့်နောက် မြေပုံပေါ်ကြည့်ပြီး ယခု တရုတ်အစိုးရတောင်းတဲ့နယ်မြေတွေဟာ အကျယ်အဝန်း ဘယ်လောက်ရှိမလဲ တွက်ကြည့်စမ်းလို့ခိုင်းပြီး အတွင်းဝန်များက စတုရန်း မိုင်ပေါင်း ၅၀၀ ရှိကြောင်း အဖြေပေးတော့မှ “ဟာ မနည်းပါလား၊ အများကြီးပါလား၊ ဒီလိုဆို ဘယ်ဖြစ်မလဲ” ဟု ပြောခဲ့သည်။

ကချင်လူထု၏ ဆန္ဒမှာ ဖီမော်၊ ဂေါ်လံ၊ ကန်ဖန် နယ်မြေကို သေချာစွာ လေ့လာပြီးမှ အဖြေမှန်အဖြစ်မှန်ကို သိရသောအခါ လူထုက ကျေကျေနပ်နပ်ရှိမှ ဆုံးဖြတ်ချက်ချပေးရင် ကောင်းပါသည်။ တရုတ်အစိုးရသည် မည်သို့ပင်ဆိုစေကာမူ ၎င်းဒေသများသည် တရုတ်အစိုးရက ဘယ်သောအခါမှ မပိုင်ခဲ့ပါ။ ကုန်သည်ကြီးများ အနေနှင့်လည်းကောင်း၊ ချန်ကေရှိတ်က နယ်လူထုကို အနိုင်ကျင့်၍ အင်္ဂလိပ်ကိုတိုက်ရန် စစ်စခန်းအနေနှင့် ခဏတဖြုတ် တပ်ချခြင်းမျိုးဖြင့် လည်းကောင်း၊ ဒုတိယကမ္ဘာစစ်ကြီး အချိန်မှာ ချန်ကေရှိတ်၏ တပ်ပျက်များသည် ခဏမျှ အခြေချမိသည်ကို လည်းကောင်း၊ ဤအကြောင်း ထိုအကြောင်းများကို အကြောင်းပြု၍ ပိုင်ဆိုင်သည်ဟု ဆိုခြင်းသည် တရားသောသဘောမဟုတ်ပါ။

ထိုစဉ်အခါက အင်အားမရှိသော တိုင်းငယ်ပြည်နယ်များအပေါ် အဓမ္မစနစ်ဖြင့် အင်္ဂလိပ်သည် နယ်ချဲ့ခဲ့သည့်နည်းတူ အသိအလိမ္မာနည်းပါး၍ ပညာမတတ်သော လူနည်းစု လူမျိုးငယ်များအပေါ်တွင်လည်း တရုတ်ဘုရင်များသည် အနိုင်အထက်ပြု၍ တိုက်ခိုက်သိမ်းယူ သူ့လူဖြစ်အောင် လုပ်ခဲ့သည်လည်းရှိ၏။ အမှန်မှာ ယခုလွတ်လပ်သောကမ္ဘာ၌ ဒီမိုကရေစီ အဟောင်းဖြစ်စေ၊ အသစ်ဖြစ်စေ၊ ဒီမိုကရေစီကို အခြေခံထားကြလျှင် လူမျိုးသည်ကြီးသော ငယ်သော ပဓါန မဟုတ်။ လူမျိုးအသီးသီးသည် လွတ်လပ်မှုရှိရမည်။ မိမိလူမျိုးတို့၏ ဆန္ဒအရဖြစ်ရမည်။ နယ်ချဲ့စနစ်ဆိုးကြီးသည် လည်းကောင်း၊ နာဇီဝါဒ ဖက်ဆစ်ဝါဒဆိုးကြီးများသည် လည်းကောင်း၊ ကမ္ဘာမှာ မရှုမလှ ကျဆုံးခဲ့ရသည့်နည်းတူ မိမိ၏ မျက်ချေးကိုမမြင်ဘဲ သူတပါး၏မျက်ချေးကိုသာမြင်၍ လက်ညှိုးထိုးသော ဝါဒဆိုးများလည်း တနေ့ကျဆုံးရမည်သာဖြစ်၏ ဟူ၍သာ **ကချင်လူမျိုးများသည် ပြောဆိုဝေဖန်**[၂၉] နေကြ၏။

---

၂၉။ မြန်မာနိုင်ငံကို ဗြိတိသျှများ အုပ်ချုပ်စဉ်ကတည်းက တရုတ်မြန်မာ နယ်နမိတ်ပြဿနာမှာ မပြတ်မသားဖြစ်ခဲ့သည်။ လွတ်လပ်ရေး ရရှိသောအခါ နယ်နမိတ်ကို နှစ်နိုင်ငံ ဖြေရှင်းခဲ့ကြရလေသည်။ ၂၈၊ ၁၊ ၆၀ ရက်တွင် မြန်မာဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး နေဝင်းနှင့် တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်းတို့ နယ်နမိတ်သတ်မှတ်မှုသဘောတူစာချုပ်၊ ချစ်ကြည်ရေးနှင့် မကျူးကျော်ရေး သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ၁၊ ၁၀၊ ၆၀ ရက်တွင် ဦးနုနှင့် ချူအင်လိုင်းတို့ မြန်မာ–တရုတ် နယ်နမိတ်စာချုပ်ကို ပီကင်းတွင် လက်မှတ်ရေးထိုးကြသည်။ စာချုပ်အရ မြန်မာနိုင်ငံက ဖီမော်၊ ဂေါ်လံ၊ ကန်ဖန် ဒေသ (၁၅၃ စတုရန်း ကီလိုမီတာ) ကို တရုတ်ပြည်သို့ ပေးအပ်ရသည်။ တရုတ်က ပိုင်ဆိုင်ပြီး မြန်မာပြည်သို့ အငှားချထားသော မိုင်းမော တြိဂံဒေသ (၂၂၀ စတုရန်း ကီလိုမီတာ) ကို မြန်မာပြည်အား လွှဲပြောင်းပေးသည်။ မိုင်းမောဒေသ (ဝနယ်) နှင့် လဲလှယ်သောအားဖြင့် မြန်မာနိုင်ငံက တရုတ်နိုင်ငံသို့ ပန်းဟုန်းနှင့် ပန်းလောင်းလူမျိုးများ အုပ်ချုပ်သည့် ဒေသ (၁၈၉ စတုရန်း ကီလိုမီတာ) တရုတ်ပြည်သို့ ပေးရသည်။ ၁၈၊ ၆၊ ၄၁ ရက်တွင် ဗြိတိသျှတို့နှင့် သဘောတူညီချက်အရ လူဖန်ဒေသတွင် သတ္တုတူးဖော် ထုတ်ယူခွင့် ရရှိထားခြင်းအား တရုတ်နိုင်ငံက စွန့်လွှတ်လိုက်သည်။
(ဂါးဒီးယန်း ဦးစိန်ဝင်းရေး “အကွဲအပြဲဇာတ်လမ်း” စာ–၈၆)

## ၃ • ၇ ဦးနု၏ မဟာအမှားကြီး နောက်တခုရှိသေးသည်

၄–၁၁–၅၆ ရက်နေ့ မွန်းလွဲ ၁ နာရီအချိန်ကစ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဥက္ကဋ္ဌကြီးမော်စီတုန်းသည် ဦးနုနှင့် အပေါင်းအပါ ပြည်ထောင်စု မြန်မာနိုင်ငံမှ ကိုယ်စားလှယ် အဖွဲ့များအား နေ့လည်စာဖြင့် တည်ခင်းကျွေးမွေး၏။ ထမင်းစားပွဲပြီးသည်နှင့် တပြိုင်နက် ၂း၃၀ နာရီလောက်ကစ၍ ဆွေးနွေးပွဲကို စတော့၏။ ၎င်းဆွေးနွေးပွဲတွင် ဥက္ကဋ္ဌကြီးမော်စီတုန်းကအစ တရုတ်ပြည်ကွန်မြူနစ်ပါတီ ဒု–ဥက္ကဋ္ဌများ၊ ပါလီမန် ဥက္ကဋ္ဌများ၊ ဝန်ကြီးချုပ်နှင့် ဒုဝန်ကြီးချုပ်များ စသော ထိပ်ဆုံးပုဂ္ဂိုလ်ကြီးများ ပါဝင်ကြ၏။ ပြည်ထောင်စုမြန်မာ နိုင်ငံဘက်မှလည်း ဦးနုနှင့်လိုက်ပါသွားသော အဖွဲ့သားများ၊ နောက်ထပ်ရောက်လာသော ကချင်ခေါင်းဆောင်များ၊ ရုရှားပြည်က ပြန်လာသော ဒေါ်စိန်ပု၏ ဗလမစ အမျိုးသမီးခေါင်းဆောင်များ ပါဝင်ကြ၏။

ထိုဆွေးနွေးပွဲ စသည်နှင့်တပြိုင်နက် ဥက္ကဋ္ဌကြီးမော်စီတုန်းသည် အလွန်ချိုသာသောမျက်နှာဖြင့် "ကိုင်း ဥက္ကဋ္ဌကြီးဦးနု ခင်ဗျားတို့နိုင်ငံအတွက် ဆွေးနွေးလိုသော အရေးကြီးပြဿနာများ ဘာရှိသလဲ ပြောပါ" ဟူ၍ စကားခင်းပေးလိုက်၏။

ထိုအခါ ဦးနုက "ဥက္ကဋ္ဌကြီးမော်၊ တခြားအရေးကြီးကိစ္စတော့ မရှိပါ။ ကျွန်ုပ်တို့နိုင်ငံမှာ ဖဆပလ အဖွဲ့ကို အတိုက်အခံလုပ်နေတဲ့ ပမညတ တွေကို လွန်ခဲ့တဲ့ ရွေး ကောက်ပွဲမှာ ရန်ကုန်မှာရှိတဲ့ ခင်ဗျားတို့သံရုံးက အကူအညီတွေ တိတ်တိတ်ပုန်းပေးနေတယ်။ ဒီလိုလုပ်ခြင်းဟာ အခုအချိန်မှာ ကျွန်ုပ်တို့ ဖဆပလ အဖွဲ့ဟာ အစိုးရဖြစ် နေပါသဖြင့် တိုင်းပြည် ၂ ခု၏ ချစ်ကြည်ရေးကိုပါ ထိခိုက်ပါတယ်။ ဒါကြောင့် ဒီလိုလုပ်ခြင်း ဟာ မကောင်းပါဘူး" ဟု ပြောလိုက်၏။

ဥက္ကဋ္ဌကြီးမော်စီတုန်းက မျက်လုံးမျက်ဆံပြူးလာ၍ "ဒီလိုဖြစ်တာ တကယ်ဟုတ်သလား။ တကယ်လုပ်ရင် ဘယ်သူအား ဘယ်လောက်ပေးပြီး ကူညီတယ်ဆိုတာ သေသေချာချာ ပေးစမ်းပါ။ ကျုပ်အရေးယူပေးမယ်။ ဒီလိုလုပ်တာ ဘယ်ကောင်းမလဲ။ ကျုပ်လဲ မကြိုက်ဘူး" ဟု ပြန်ပြောသည်။

ဦးနု။ အတိအကျတော့ ဘယ်သိနိုင်မလဲဗျာ။ ဒီလိုလုပ်တယ်ဆိုတာ ယုံကြည်ရလို့ ပြောတာ။

မော်။ ဒါဖြင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တခု ဖွဲ့စည်းပြီး စုံစမ်းမယ်။ ဒီစုံစမ်းရေးအဖွဲ့ထဲမှာ ခင်ဗျားတို့လူလဲထည့်ပါ။ စုံစမ်းလို့ တကယ်မှန်ရင် သံရုံးအရာရှိများ အားလုံးကို ကျုပ်အပြစ်ပေးမယ်။ ဒီလိုလုပ်ရင် ခင်ဗျားကျေနပ်မလား။

နု။ ဒီလောက်တော့ လုပ်ဖို့ မလိုပါဘူး။ နောက်မှာ မလုပ်ရင် ပြီးတာပဲ။ နောက်မှာ မလုပ်အောင်သာ တားမြစ်ပေးပါ။

မော်။ ခင်ဗျားပြောတဲ့အတိုင်း ယုံနိုင်လောက်အောင် ရှိတယ်ဆိုရင် တကယ်စုံစမ်းစစ်ဆေးရမယ်။ ဒါမှ ခင်ဗျားလည်း ကျေနပ်နိုင်မယ်။ ကျွန်ုပ်တို့လဲ ကျေနပ်နိုင်မယ်။ ဒါနဲ့ခင်ဗျားတို့ ဖဆပလ အဖွဲ့က ပါလီမန်မှာ အင်အားဘယ်လောက်ရှိသလဲ။ အတိုက်အခံက ဘယ်လောက်ရှိသလဲ။

နု။ အတိုက်အခံက ၄၅ ယောက်ရှိပါတယ်။ ကျွန်ုပ်တို့ဘက်က ဖဆပလ အမတ်များနဲ့ ဖဆပလ ထောက်ခံတဲ့အမတ်များ အားလုံးပေါင်းရင် ၂၀၀ ကျော်ရှိပါတယ်။

မော်။ ဒီလိုဆိုရင် ခင်ဗျားဘာကြောက်စရာ ရှိသလဲ။ ခင်ဗျားမှာ လူအများကြီးပဲ။ အတိုက်အခံက ဘာမှမပြောပလောက်ပါဘူး။ ကျွန်ုပ်တို့ ပါလီမန်ထဲမှာရော၊ အစိုးရအဖွဲ့ထဲမှာပါ ကွန်မြူနစ်မဟုတ်တဲ့ ဒီမိုကရက်တစ်အဖွဲ့လည်းရှိသေးတာပဲ။ ဟောဒီ အဘိုးကြီးဟာ အတိုက်အခံ ဒီမိုကရက်တစ်အုပ်စုရဲ့ ဥက္ကဋ္ဌပေါ့။ သူ ချန်ကေရှိတ်ရဲ့လူပေါ့။ (ဤ နေရာတွင် ဆံပင်ဖြူပြီးသော ခေါင်းဆောင်တဦးကို မော်စီတုန်းက လက်ညှိုးထိုးပြလိုက်၏။ ထိုခေါင်းဆောင် အဘိုးကြီးဟာလည်း ပြုံးလျက် ခေါင်းညိတ်ပြ၏။) ဘာဘဲဖြစ်ဖြစ် ခင်ဗျားကျေနပ်အောင် အချင်းချင်း မသင်္ကာစိတ်ရှင်းသွားအောင် စုံစမ်းရေးအဖွဲ့ စေလွှတ်မှပဲ ဖြစ်မယ်။

နု။ ဒီလောက်လုပ်ဖို့ မလိုပါဘူး။ နောက်နောင် မလုပ်ရင်ပြီးတာပဲ။ ကျွန်ုပ် ယခုလို ပြောနေခြင်းဟာ ကျွန်ုပ်တို့ အတွက်ချည်းပြောနေတာ မဟုတ်ပါ။ ခင်ဗျားတို့ တိုင်းပြည်ကြီးအတွက်ရော ကွန်မြူနစ်လောကကြီးအတွက် အကျိုးကိုရော ကျွန်တော်ပြောနေတာပါ။ ဘာကြောင့်လဲဆိုရင် ဒီအတိုက်အခံ ပမညတ ထဲမှာ ကွန်မြူနစ်အမည်ခံတဲ့ လူရှုပ်တွေရှိပါတယ်။ ဒီကောင်တွေဟာ တချို့သူခိုး၊ ဓါးပြတွေ၊ ဂျပိုးတွေ၊ နှစ်ပြားမတန်တဲ့ကောင်တွေ ပါနေပါတယ်။ ဒီတော့ ဒီကောင်တွေဟာ ကွန်မြူနစ်အရေခြုံပြီး ကွန်မြူနစ်ပါတီကို နာမည်ပျက်အောင် လုပ်နေတယ်။ ဒါကြောင့် ပြောတာပါ။

မော်။ ဒီလိုဆိုရင် ကျွန်ုပ်တို့ကလဲ တခုပြောပါရစေ။ ကျွန်ုပ်တို့ရဲ့ သံအမတ်ကြီး တိုင်ဖူးတယ်။ တခါတုန်းက ခင်ဗျားဝန်ကြီးချုပ်လုပ်စဉ်အခါ ရန်ကုန်မြို့လမ်းတလမ်း၊ အိမ်တအိမ်မှာ ကျွန်ုပ်တို့ရဲ့ ရန်သူကြီးဖြစ်နေတဲ့ ကေအမ်တီ တရုတ်ဖြူ ချန်ကေရှိတ်လူတွေဟာ သူတို့အလံနှင့် ခင်ဗျားတို့ရဲ့အလံကို ပြိုင်ထူပြီး ခင်ဗျားတို့ရဲ့ သမ္မတကြီးပုံနှင့် ချန်ကေရှိတ်ရဲ့ဓါတ်ပုံကို ပူးတွဲချိတ်ထားပြီး ကျွန်တော်တို့ကို ဆဲနေတာကို ဘာကြောင့် ခင်ဗျားက အရေးယူတားမြစ်ပေးခြင်း မလုပ်သလဲ။ (ဤနေရာတွင် တရုတ်သံအမတ်ကြီး ယူချုံမင်းက လမ်းနံပါတ်နှင့် အိမ်နံပါတ်ကို ပြောပြလိုက်၏။)

နု။ ကျွန်ုပ် မသိရပါ။ နောင်ကိုသိရရင် အရေးယူပါမယ်။

မော်။ ပြီးတော့ သတင်းစာတွေ အများကြီးကလဲ ကျွန်ုပ်တို့ ကွန်မြူနစ်တွေကို ဆဲနေတာ၊ ဒါလည်း ခင်ဗျားက ဘာမှမတားပေးပါလား။

နု။ ဒါကတော့ ကျွန်ုပ်တို့နိုင်ငံမှာက ဒီမိုကရေစီနိုင်ငံဆိုတော့ သတင်းစာတွေဟာ လွတ်လပ်မှု ရှိပါတယ်။ သတင်းစာတွေက အစိုးရကိုရော၊ ကျွန်ုပ်ကိုပါ အမြဲဆဲနေတာ။ ဒါက လွတ်လပ်စွာရေးသားခွင့်ရှိတော့ ဘယ်လိုမှ မလုပ်နိုင်ဘူး။

မော်။ ကိုယ့်နိုင်ငံအတွင်းမှာတော့ ရေးကြပါစေ။ ဒါပေမယ့် မိတ်ဆွေပျက်အောင်၊ ချစ်ကြည်ရေးပျက်ပြားအောင် ရေးတာကိုတော့ အစိုးရက ထိန်းပေးရန် လိုပါတယ်။ ဒါနဲ့ ကျွန်တော်ပြောချင်ပါတယ်။ ခင်ဗျားတို့က ကျွန်တော်တို့အပေါ်မှာ သိပ်ပြီး ကြောက်နေတယ် ထင်တယ်။ ဒီလောက်လဲ မကြောက်ပါနဲ့။ မိုးတိမ်တွေ လာတိုင်းလဲ မိုးမပါနိုင်ပါ။ (ဤတရုတ်စကားပုံကို တရုတ်ဘာသာကနေ မြန်မာဘာသာပြန်ဆိုသော စကားပြန်များသည် သေချာစွာမပြန်တတ်၍ ကင်းဘရစ်(ချ်) ယူနီဗာစတီက ထွက်ဖူးသည်ဆိုသော စကားပြန်ကို အင်္ဂလိပ်လို ပြန်ခိုင်းရ၏။) ကျွန်ုပ်တို့မှာ အဝေးပစ်ရော့ကက်လဲ မလုပ်တတ်သေးဘူး။ ဂျက်လေယာဉ်ပျံလဲ မလုပ်တတ်သေးဘူး။ အဏုမြူပုံးတို့၊ ဟိုက်ဒရိုဂျင်ဗုံးတို့လဲ မလုပ်တတ်သေးဘူး။ ဒါတွေလုပ်တတ်လာတဲ့ တနေ့ ခင်ဗျားတို့က ပိုကြောက်မှာပေါ့။ ဘာမှမကြောက်ပါနဲ့။ ခင်ဗျားတို့အပေါ်မှာ မိတ်ဆွေနိုင်ငံအနေနှင့်တောင် မဟုတ်သေးဘူး။ ညီအစ်ကို နိုင်ငံလို သဘောထားပါတယ်။ ခင်ဗျားတို့နစ်နာအောင် ဘယ်တော့မှ မလုပ်ပါဘူး။ ခင်ဗျားတို့နှင့် ဆွေးနွေးတဲ့အခါတောင်မှ ကြည့်ပါလား။ ကျွန်ုပ်တို့က

သဘောထား ကြီးကြီးထားပြီး များစွာအလျှော့ပေးပြီး ဆွေးနွေးရတာပဲ။ တခြား နိုင်ငံကြီးများဖြစ်တဲ့ အမေရိကန်၊ အင်္ဂလိပ်၊ ရပ်ရှားတို့နှင့်စာရင် သူတို့တလုံး ပြောရင် ကျွန်ုပ်တို့ တလုံးပြောတာပဲ။ နည်းနည်းမှ အလျှော့မပေးဘူး။ ခင်ဗျား တို့ ပြည်ထောင်စုမြန်မာနိုင်ငံပေါ်မှာ ကျွန်ုပ်တို့လဲ များစွာ မေတ္တာထားပါတယ် ဟုပြောလိုက်၏။

ဤကဲ့သို့ ဥက္ကဋ္ဌကြီးမော်စီတုန်းက စုံစမ်းရေးအဖွဲ့ လွှတ်မယ်လို့ပြော၊ ဦးနုက ဒီလောက်ထိလုပ်ဖို့ မလိုပါဘူးလို့ပြော၊ အပြန်အလှန် ပြောနေရတာနှင့် ၅ နာရီခွဲသွား၍ မိုးချုပ်လာတော့မှ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်၏။ ညနေ ၄ နာရီလောက်တွင် ဦးနုသည် "ဒီကိစ္စကို ဆွေးနွေးတဲ့အခါမှာ မိန်းမများနှင့်ကလေးများ ပါဝင်ဖို့မလိုပါဘူး။ သူတို့ကို ပြန် ပါစေ" လို့ပြောလိုက်သော်လည်း ဥက္ကဋ္ဌကြီးမော်စီတုန်းက "အို ဘာဖြစ်သလဲ ထိုင်ပါစေ။ သူတို့လဲ ကြားသိကြပါစေ။ အားလုံးကြားဖို့ လိုပါတယ်" ဟု ပြန်ခွင့်မပြုသဖြင့် အမျိုးသမီး များနှင့်ကလေးများမှာ အခင်းကြီးငယ်တို့ကို အောင့်ထားရသဖြင့် အတော်ပင်ဒုက္ခရောက် ရလေတော့သည်။

အမှန်မှာ ထိုစကားသည် ဦးနု အနေနှင့် မော်စီတုန်းအား မပြောသင့် မပြောထိုက် သော စကားဖြစ်၏။ တနိုင်ငံနှင့်တနိုင်ငံ အလွန်အရေးကြီးသော ပြဿနာပေါင်း အမြောက် အများရှိလျက်နှင့် အဖွဲ့ပါတီတခု၏ကိစ္စမျှနှင့် အဖိုးတန်၍ ရခဲသောအချိန်ကို အလဟဿ လုပ်လိုက်၏။ ထိုကိစ္စကိုပြောလိုလျှင် သူနှင့်ရင်းနှီးသော ဝန်ကြီးချုပ်ချောင်အင်လေးအား နှစ်ယောက်တည်း တိတ်တဆိတ်ပြောလိုက်ရင် ပြီးနိုင်သောအရာဖြစ်၏။ ဤကား ဦးနု၏ မဟာအမှားတော်ကြီး ဖြစ်၏။ ဒါကိုတောင် ဦးနုသည် ကြွားဝါပြောလေ၏။ "ငါမို့လို့ ဒီလိုပြောရဲတာ"။ အမှန်စင်စစ်မှာ ဂုဏ်ယူစရာလည်း မဟုတ်ပါ။ မလိမ္မာမှုမျှသာ ဖြစ်လေ သည်။

ဦးနုသည် တရုတ်ပြည်၌သာမဟုတ် အမေရိကန်တွင်လည်း "တိုင်း(မ်)" နှင့် "တိုင်းမင်း (န်)" ၏ TIME & TIMING [၁၀] အဓိပ္ပာယ်ကို မှားခဲ့သည်သာမက ထိုအချိန်၌ ပြည်ထောင်စု မြန်မာနိုင်ငံအတွက် သေရေးရှင်ရေးသမျှ အရေးကြီးသော ဆန်ရောင်းရေးတွင် အမေရိကန်နိုင်ငံမှ ဆန်ရောင်းကွက် ဈေးလုခြင်းကို အမေရိကန်သမ္မတနှင့်တွေ့သောအခါ ပြင်းပြင်းထန်ထန် အရေးဆိုကန့်ကွက်ရန် ဝန်ကြီးအဖွဲ့က မှာကြားလိုက်သော်လည်း "ကျုပ်ကိုဆန်ကုန်သည် မှတ်သလား၊ ကျုပ်မပြောဘူး" ဟုသဘောပိုက်ကာ မပြောခဲ့သည့်အတွက် အမေရိကန်နိုင်ငံမှာလည်း ပြောင်းလဲမှုမရှိဘဲ အမေရိကန်က မြန်မာနိုင်ငံ၏ ဆန်ရောင်းသော နိုင်ငံများသို့ ဂျုံနှင့် အခြားဆန်ရသောနိုင်ငံများမှတဆင့် ဆန်ယူ၍ ရောင်းခဲ့သဖြင့် မြန်မာ ဆန်ရောင်းမှုမှာ များစွာ ဆုတ်ယုတ်လာ၍ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဘဏ္ဍာရေး အခြေအနေသည် နိုင်ငံခြား၏ကြွေးဖြင့် ဝိုင်းဝိုင်းလည်သော ဘဝကို ရောက်ခဲ့သည်။

အကယ်၍ ဦးနုသည် ဆန်ရောင်းရေးပြဿနာကို ဆွေးနွေးလာလျှင် အမေရိကန် အစိုးရက လိုက်လျောပေးရန် အဆင်သင့် စီမံထားသော်လည်း ထိုကိစ္စ မပြောလာသော ကြောင့် ဘာမျှမစီမံနိုင်ဘဲ ရှိခဲ့သဖြင့် ဦးနုအပေါ်တွင် အမေရိကန်အစိုးရ ထိပ်တန်းပုဂ္ဂိုလ် အချို့ပင် စိတ်ပျက်ရဖူးသည်ဟု ကြားသိရပါသည်။

---

၁၀။ Time- Timing ။ ။ ဦးနုသည် ၁၉၅၅ ခု မေလ ၂၈ ရက်နေ့မှ စတင်၍ အစ္စရေး၊ ယူဂိုဆလားဗီးယား၊ ဗြိတိန်၊ အမေရိကန် ပြည်ထောင်စုနှင့် ဂျပန်နိုင်ငံများသို့ ခရီးလှည့်ခဲ့ရာ ၁၉၅၅ ခု ဇွန်လ ၂၉ ရက်နေ့တွင် အမေရိကန် ပြည်ထောင်စုသို့ ရောက်ပြီး ၂ ပတ် နေထိုင်ခဲ့သည်။

ထိုအချိန်၌ ၁၉၅၅ ခုဇူလိုင်လ ၁ ရက်နေ့တွင် ဝါရှင်တန်မြို့တော် အမျိုးသား သတင်းစာဆရာများ အသင်းတိုင် (National Press Club) ၌ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ရာ "အကယ်၍ အမေရိကန် ပြည်ထောင်စုနှင့် ကွန်မြူနစ် တရုတ်တို့ကသာ လိုလားပါက မိမိတို့သည် ၎င်းတို့အတွင်း ရင်ကြားစေ့အောင် ဝင်ရောက်ဆောင်ရွက်ရန် အသင့်ရှိကြောင်း" ပြောခဲ့သည်။

နောက်ထပ် ၁၉၅၅ ခု ဇူလိုင်လ ၆ ရက်နေ့တွင် ကျင်းပသော သတင်းစာ ရှင်းလင်းပွဲတခု၌ တရုတ်နီ (တရုတ်ပြည်သူ့သမ္မတနိုင်ငံ)၏ ကုလသမဂ္ဂအဖွဲ့ဝင် ဖြစ်ရေးကိစ္စတွင် ဗီတိုအာဏာသုံးပြီး တောက်လျှောက် ကန့်ကွက်ခဲ့သော အမေရိကန်အစိုးရ၏ အနေအထားနှင့် ပတ်သက်၍ သတင်းစာဆရာများက မေးမြန်းရာ ဦးနုက အမေရိကန်အစိုးရယ ဝါဒရေးရာများကို ချမှတ်ဆောင်ရွက်သော ပုဂ္ဂိုလ်များသည် တရုတ်နီနိုင်ငံ ကုလသမဂ္ဂ ဝင်ရောက်ရေးတွင် ဆန့်ကျင်ကြလိမ့်မည် မဟုတ်ဟု မိမိယုံကြည်ကြောင်း၊ ဤပြဿနာမှာ ... ... ... it is just a question of timing ဟူ၍ time နှင့် timing ကို လွဲမှားစွာ အသုံးပြုသည်။

(A Chronology of Burma's International Relations 1945-1958. A Publication of The Rangoon- Hopkins for South-East Asian Countries, Rangoon, January 1959- P 54)

ဝန်ကြီးချုပ်ဦးနုသည် ကမ္ဘာ့နိုင်ငံများသို့ လှည့်လည်သွားရာတွင် ယခု သန့်ရှင်း ဖဆပလ အဖွဲ့ဝင် ပါလီမန်ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်ကြီးတဦးက နိုင်ငံခြားတိုင်းပြည် တခုတွင် လက်ခေါက်မှုတ်ခဲ့သလောက် **အရှုပ်မဆိုးစေကာမူ**[၃၁] မိမိနိုင်ငံအတွက် တကယ် အရေးကြီးသော ပြဿနာများကို ဆောင်ရွက်ရမည့်အစား မိမိတကိုယ်တည်း၏ ထင်ပေါ်မှု၊ နာမည်ကြီးမှုကိုသာ အဓိကထား၍ ဆောင်ရွက်ခဲ့ကြောင်းကို တရုတ်ပြည်နှင့် အမေရိကန် သို့ သွားစဉ်အခါက ၎င်း၏ လုပ်ဆောင်မှုများအပေါ် ကြည့်ခြင်း၊ အကဲဖြတ်ခြင်း အားဖြင့် သိရှိနိုင်ပေသည်။

## နိဂုံးချုပ်စကား

ပြည်ထောင်စု မြန်မာနိုင်ငံတော် လွတ်လပ်ရေးရသည်မှာ ဆယ်နှစ်ပြည့် ပြီဖြစ်၍ ထိုအတောအတွင်း၌ ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်များ၊ တောင်တန်းသားများ၊ လူနည်း စုများ တွေ့ကြုံခံစားနေရသော ပြဿနာများကို ဖော်ပြပြီး၍ ဦးနု၏ အမှားများကို တတ်နိုင် သ၍ ရှာဖွေ၍တင်ပြပြီး ဖြစ်ပါသည်။

ဖဆပလ နှစ်ခြမ်းကွဲပြီးစအချိန်တွင် ဦးနုဘက်ကပါဝင်သော ပုဂ္ဂိုလ်အချို့တို့သည် ဦးနုသာလျှင် ဒီမိုကရေစီအရှိဆုံး၊ ဦးနုဝန်ကြီးချုပ်လုပ်မှ ဒီမိုကရေစီအပြည့်အဝရှိမည် ဟု ယုံကြည်ကြသူများရှိရာ ပြည်နယ်များအပေါ် ဦးနုကပေးသော ဒီမိုကရေစီသည် **ပြောင်းပြန် ဒီမိုကရေစီ** ဖြစ်သည်ကို တင်ပြပြီးဖြစ်၍ သိနိုင်လောက်ပေပြီ ဟု ယုံကြည်ပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံ တဝန်းလုံးတွင် ဒီမိုကရေစီကို အပြည့်အဝပေးနိုင်သော ပုဂ္ဂိုလ်များကို အမြန်ဆုံးပြောင်းလဲ တင်မြှောက်နိုင်ပါစေသတည်း။

* * * * * * * * * * * * * * *

---

၃၁။ ၁၉၅၇ ခုနှစ် မြန်မာ ပါလီမန် ကိုယ်စားလှယ်အဖွဲ့စသည် အရှေ့ဥရောပနိုင်ငံများသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။ ဆိုဗီယက်ယူနီယံသို့အရောက် ကပွဲတခုကို ကြည့်နေစဉ် ကိုယ်စားလှယ် အဖွဲ့ ခေါင်းဆောင်တဦးသည် သဘောကျသဖြင့် လက်ခုပ်တီးပြီး လက်ခေါက်မှုတ်ခဲ့သည်၊ ဤဖြစ်စဉ်ကို ထိုစဉ်က မြန်မာသတင်းစာများက လှောင်ပြောင် ရေးသားခဲ့ကြသည်။

## ၃ . ၈ ပါလီမန်တွင် အယုံအကြည်မရှိအဆိုကို ထောက်ခံခဲ့သော ဦးဇန်ထာရှင်၏ ၉–၆–၅၈ ရက်နေ့ မိန့်ခွန်း

**ဦးဇန်ထာရှင် (မြစ်ကြီးနား အရှေ့ပိုင်း)**

ဥက္ကဋ္ဌကြီး ခင်ဗျား။ လမ်းမတော် အမတ်မင်း ဦးဗဆွေ တင်သွင်းသွားတဲ့ လက်ရှိ "ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့အား ပြည်သူ့လွှတ်တော်က အယုံအကြည် မရှိပါကြောင်း" အဆိုကို ကျွန်တော် ထောက်ခံပါတယ်။

ဘာကြောင့် သည်အဆိုကို ထောက်ခံရတယ် ဆိုတဲ့အချက်ကို ကျွန်တော်အစီရင် မခံမီ ကျွန်တော် နိုင်ငံတော်ဝန်ကြီးချုပ်ကို အနည်းငယ်တောင်းပန်လိုပါတယ်။ နိုင်ငံတော် ဝန်ကြီးချုပ်ဟာ ကျွန်တော်တို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်မှာ အစိုးရရဲ့ အထွတ်အထိပ်၊ တိုင်းပြည်လူထုရဲ့ အထွတ်အထိပ်ဖြစ်ပါတယ်။ သည်လို နိုင်ငံတခုမှာ အထွတ်အထိပ်ဖြစ်တဲ့ ပုဂ္ဂိုလ်ကို ယခုလိုဝေဖန်မှု ကျွန်တော်တို့ ရခဲပါတယ်။ ဒုလ္လဘတရား ထဲမှာ ဒါလည်းတပါး ဖြစ်ပါတယ်။ သည်တော့ ယခုလို ရခဲတဲ့ အခွင့်အရေးကို ကျွန်တော်ယူပြီးမှ နိုင်ငံတော် ဝန်ကြီးချုပ်ကို ကျွန်တော်ဝေဖန်တဲ့အခါမှာ နိုင်ငံတော်ဝန်ကြီးချုပ်ဟာ အထွတ်အထိပ် ဖြစ်တော်မူသည့်အတိုင်း စိတ်ရှည်လက်ရှည်နှင့် ကျွန်တော်ရဲ့ ဝေဖန်ချက်ကို နားသောတ ဆင်တော်မူပါလို့ ကျွန်တော် တောင်းပန်လိုပါတယ်။

ကျွန်တော်ရဲ့ စိုးရိမ်စိတ်က တခြားမဟုတ်ပါဘူး။ နိုင်ငံတော် ဝန်ကြီးချုပ်ဟာ ခဏခဏ စိတ်ပြောင်းမြန်တဲ့လူဖြစ်တယ် ဆိုတာကို ကျွန်တော်သိရပါတယ်။ သည်နေ့မှာ သူမှားပြီးတဲ့ ဥစ္စာကို "ကျွန်တော်မှားပါပြီ၊ နောက်ကို သည်လိုမလုပ်တော့ပါဘူး" လို့ သည်ဘက်က ခေါင်းဆောင်ကြီးများကို တောင်းပန်ပြီး၊ ပြန်ပူးပေါင်းသွားတဲ့အခါမှာ ကျွန်တော် ဝေဖန်ခွင့် မရတော့မှာကိုလည်း စိုးရိမ်ပါတယ်။ (ဩဘာသံများ)

ဥက္ကဋ္ဌကြီး ခင်ဗျား နောက်တခုက နိုင်ငံတော်ဝန်ကြီးချုပ်ဟာ ကျောင်းသားဘဝ ငယ်ငယ်ကတည်းက အလုပ်အတူတူ လုပ်ဖော်ကိုင်ဖက်များဖြစ်ကြတဲ့ လုပ်ဖော်ကိုင်ဖက် များကို ခွဲပြီးမှ နောက်ထပ် အခြားမိတ်ဆွေတွေနှင့်ပူးပေါင်းပြီး နိုင်ငံရေး နယ်ပယ်ကသော်

လည်းကောင်း၊ အလုပ်မှာသော်လည်းကောင်း ထွက်သွားပြီး သာသနာ့ဘောင်ကိုဝင်သွား တဲ့အခါမှာ ဝေဖန်ခွင့်မရမှာကိုလည်း ကျွန်တော်အများကြီး စိုးရိမ်မိပါတယ်။(ဩဘာ သံများ)

ဘာကြောင့်လဲဆိုရင် သံဃဂုဏော အနန္တော ဆိုပြီး ရှိပါတယ်။ ဒါကို မိမှာကို လည်း ကျွန်တော် အင်မတန်စိုးရိမ်ပါတယ်။ နောက်တခုက ကျွန်တော်တောင်းပန်ရင်း အစီရင်ခံလိုတာက ယခုလို ဖဆပလ ကွဲပြတဲ့နေရာမှာ ကျွန်တော်တို့လို ဖဆပလ အဖွဲ့ဝင် မဟုတ်တဲ့လူတွေဟာ ဘာကြောင့်ပါရသလဲ ဆိုတဲ့ပြဿနာကို နိုင်ငံတော်ဝန်ကြီးချုပ်ဟာ ပုံတိုပတ်စ ကလေးတွေကို ကြိုက်တဲ့ပုဂ္ဂိုလ်ဆိုတော့ ကျွန်တော်ပုံတိုပတ်စကလေးနှင့် အစီရင်ခံလိုပါ တယ်။

သည်ပုံကတော့ တခါတုန်းက တောရွာတရွာမှာ သူကြီးတယောက် ရှိပါတယ်။ သည်သူကြီးဟာ ကွယ်လွန် အနိစ္စရောက်သွားပါတယ်။ သည်အခါမှာ သူကြီးမှာ သား သမီးတွေ အများကြီးရှိတယ်။ သည်သားတွေထဲမှာ အကြီးဆုံးဖြစ်တဲ့ အစ်ကိုကြီးကို သူကြီးပြန်ခန့်ပြီး သည်ရွာကို အုပ်ချုပ်စေပါတယ်။ သည်လို အုပ်ချုပ်တဲ့နေရာမှာ အစ်ကို ကြီးဖြစ်တဲ့ သူကြီးဟာ အုပ်ချုပ်တာကြာလာတော့ သူဟာ အာဏာကို အများကြီး သုံးပါတယ်။ အဲသည်လို အာဏာများကို အများကြီးသုံးလာတဲ့ အချိန်မှာ သူ့ရဲ့ ညီမငယ် များ ဖြစ်ကြတဲ့လူတွေက ခဏခဏ ဝေဖန်ကြပါတယ်။ အစ်ကိုကြီးလုပ်တဲ့ ကိစ္စဟာ မှား တယ်၊ သည်ဟာမကောင်းဘူး၊ သည်ဟာကို သည်လိုလုပ်လျှင် ကောင်းမည်ဆိုပြီး ညီငယ် များက ခဏခဏ ဝေဖန်တဲ့အခါမှာ သူကြီးလုပ်တဲ့ အစ်ကိုကြီးဟာ ညီငယ်တွေကို မင်းတို့က ငါ့ကို မရိုသေတာပဲဆိုပြီး အိမ်ကမောင်းထုတ် လိုက်ပါတယ်။

သည်အိမ်က မောင်းထုတ်လိုက်ပြီးမှ သည်အိမ်မှာ သူခိုး၊ လူဆိုး၊ တေလေဂျပိုး တွေကို ခေါ်တင်ပြီး ရွာကိုအုပ်ချုပ်ပါတယ်။ သည်လိုအုပ်ချုပ်တဲ့အခါမှာ ဘေးကရွာသားတွေ က မခံနိုင်ကြဘူး။ သည်အိမ်ရဲ့ ပြဿနာဟာ ညီအကိုချင်းကွဲတဲ့ ပြဿနာ၊ ရွာပျက်မည့် အခြေကိုတွေးပြီး ရွာသားတွေက အိမ်ကမောင်းထုတ်ခြင်းခံရတဲ့ ညီငယ်တွေဘက်ကနေပြီး တရားသဖြင့် သူကြီးကို ရာထူးကချထားပြီးမှ ညီငယ်တွေထဲက ဒုတိယအကြီးဆုံးလူကို သူကြီးတင်မြှောက်ပြီး ရွာကို အေးအေးချမ်းချမ်းနှင့် ပြန်အုပ်ချုပ်ပါတယ်။ အဲသည် ပုံတိုပတ်စကလေးကို ကျွန်တော် ကြားဖူးပါတယ်။ အလားတူပဲ သည်နေ့ ဖဆပလ နှစ်ခြမ်း ကွဲတဲ့ကိစ္စမှာ ကျွန်တော်တို့က ပါဝင်ဖို့ အကြောင်းမရှိပါဘူး။ ဒါပေမယ့် တိုင်းပြည်ကိုအုပ်ချုပ် လာတဲ့ ထိပ်ဆုံးကပုဂ္ဂိုလ်တဦးဟာ သည်နေ့မှာ တိုင်းပြည်မှာဖြစ်ပျက်နေတဲ့ အခြေအနေ

ကို မထောက်ထားဘဲ သည်နေ့ သူနှင့်လုပ်ဖော်ကိုင်ဘက်များနှင့် ခွဲထွက်သွားပြီးမှ အာဏာကို မတရားယူချင်တဲ့အတွက် ကျွန်တော်တို့ရွာသားသဖွယ် ဖြစ်တဲ့ ပြည်နယ်သူ ပြည်နယ်သားတွေ၊ ဖဆပလ အဖွဲ့ဝင်မဟုတ်တဲ့လူတွေက ပါလီမန်ထဲမှာ သည်ပြဿနာကိုဝင်ရောက်ဆွေးနွေးရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား၊ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုဟာ အမျိုးသား ခေါင်းဆောင်ကြီးများဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ခေါင်းဆောင်ကြီးများ တည်ဆောက်ခဲ့တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဖြိုခွဲဖျက်ဆီးနေပြီလို့ ကျွန်တော်ယုံကြည်ပါတယ်။ သည်ဟာကို အဆိုရှင် အမတ်မင်းကလည်း ရှည်ရှည်လျားလျားကြီး ပြောသွား ပြီးပါပြီ။ တခါ လွန်ခဲ့တဲ့ (၁၀)နှစ် အတောအတွင်းမှာ ကျွန်တော်တို့ ခံစားလာခဲ့ရတဲ့ ကိစ္စမျိုးကို ကျွန်တော်မတင်ပြမီ ယခုလောလောဆယ် ဖြစ်ပေါ်နေတဲ့ ကိစ္စကို တင်ပြလိုပါတယ်။

ဒါက ဖဆပလ အကွဲဟာ အဆိုရှင်အမတ်မင်းတင်သွင်းသလို ဖဆပလ အဖွဲ့ထဲမှာပဲ အဖွဲ့ရဲ့ ဒီမိုကရေစီ နည်းကျကျနှင့် ဖြေရှင်းဖို့ကောင်းပါတယ်။ ဒီလိုကိစ္စကို ဖြေရှင်းဖို့ဆိုတာဟာ ဥက္ကဋ္ဌလုပ်တဲ့လူမှာ တာဝန်ရှိပါတယ်။ သည်လိုမဖြေရှင်းဘဲ ပါလီမန်ထဲကို ယူလာတဲ့အတွက် သည်နေ့ဘာဖြစ်နေသလဲ။ ဖဆပလ လည်းကွဲတယ်။ ပမညတလည်း ကွဲတယ်။ ကချင်လည်း ကွဲတယ်။ ရှမ်းလည်း ကွဲတယ်။ ချင်းလည်း ကွဲတယ်။ ကရင်လည်း ကွဲတယ်။ မကွဲတာက ကယားပဲ ကျန်တယ်ထင်တယ်။ အဲသည်လိုဆိုတော့ အကုန်လုံး ကွဲပြဲပြီး တိုင်းအလိုက်၊ ခရိုင်အလိုက်၊ မြို့နယ်အလိုက်လည်း ကွဲတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီလို အကွဲကွဲ အပြဲပြဲ ဖြစ်ပြီး တိုင်းပြည်တခုလုံးကွဲကြတယ်။ ပြည်နယ်တွေလည်း ကွဲကြတယ်။ လူမျိုးစုတွေလည်း ကွဲကြတယ်။ နောက်ဆုံး အိမ်ထောင်တွေမှာလည်း ကွဲကြတယ်။ လင်ယောကျ်ားက နု–တင်။ မိန်းမက ဆွေ–ငြိမ်း။ ထမင်းတောင်မှ အတူတူ မစားကြတဲ့ ဘဝကိုရောက်တဲ့ အိမ်ထောင်တွေလည်း ရှိတယ်လို့ ကြားရပါတယ်။ သည်လို တိုင်းပြည်ကြီးမှာ အကွဲကွဲအပြဲပြဲ ဖြစ်ရတာဟာ နိုင်ငံတော်ရဲ့ ထိပ်ဆုံးမှာနေတဲ့ ပုဂ္ဂိုလ်၊ နိုင်ငံတောရဲ့အာဏာကို သိမ်းယူထားတဲ့အစိုးရအဖွဲ့ထဲမှာ ထိပ်ဆုံးမှာနေတဲ့ ပုဂ္ဂိုလ်မှာ နံပါတ် ၁ တာဝန်ရှိတယ်။ သူဟာ သည်ဟာ မဖြေရှင်းနိုင်တဲ့အတွက် သည်နေ့ သည်လိုကွဲတယ်လို့ မြင်ပါတယ်။

နောက်တခုက ကျွန်တော်တို့ လွတ်လပ်ရေး ရခါစအချိန်မှာ လူနည်းစုတွေဟာ ရှမ်းကိုပဲ ကြည့်ကြည့်၊ ကချင်ကိုပဲ ကြည့်ကြည့်၊ ကယားကိုပဲ ကြည့်ကြည့်၊ ချင်းကိုပဲ

ကြည့်ကြည့်၊ အင်မတန်မှ စည်းလုံးညီညွတ် ခဲ့ကြပါတယ်။ အဲသည်လို လွတ်လပ်ရေးရခါစ အချိန်မှာ ကျွန်တော်တို့ဟာ တော်တော်ပဲ စည်းလုံးညီညွတ်ခဲ့ကြတယ်။ သည်လို ပြည်နယ်တွေ စည်းလုံးညီညွတ်တာကို နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုဟာ ဖြိုခွဲခဲ့တယ်လို့ ကျွန်တော်သည်လိုပဲ မြင်ပါတယ်။ ဘာကြောင့်လဲ၊ ပြည်နယ်တွေမှာ သူ့ပြည်နယ်အလိုက် ရွေးကောက်တင်မြှောက်ရတဲ့ ပါလီမန်အမတ်တွေဟာ သူ့ပြည်နယ်အလိုက် ဖွဲ့စည်းထားတဲ့ ကောင်စီဆိုပြီးရှိပါတယ်။ သူ့ပြည်နယ်အလိုက် ကောင်စီတွေဟာ ပါလီမန်ထုံးတမ်းစဉ်လာအရ ဖွဲ့စည်းထားတဲ့ ကောင်စီတွေသာ ဖြစ်ပါတယ်။

နောက်ပြီးတော့ ဒီကောင်စီရဲ့ဆန္ဒအရ ပြည်နယ်တခုလုံးရဲ့ကံကြမ္မာကို ဖန်တီးနိုင်တဲ့အာဏာဟာ သည်ကောင်စီမှာရှိပါတယ်။ သည်ကောင်စီဟာ သူ့မှာရှိတဲ့ အာဏာကို အပြည့်အဝ သုံးနိုင်ခွင့်မရှိခဲ့ပါဘူးလို့ မြင်ပါတယ်။ ဘာကြောင့်လဲဆိုလျှင် ၁၉၅၂ ခုနှစ် ရွေးကောက်ပွဲ ပြီးတဲ့အခါမှာ ပြည်နယ်တွေမှာ ပါလီမန်အမတ်တွေ၊ ကောင်စီ အမတ်တွေ ရွေးကောက်တင်မြှောက်ခြင်းခံရပါတယ်။ သည်လို လူ့အဖွဲ့အစည်း တွေမှာ ရေတွက်ကြည့်တဲ့အခါမှာ အဖွဲ့အစည်းတခုခုဟာ ပါလီမန်အမတ်၊ ကောင်စီအမတ် အများကြီးရှိတာလည်း ရှိတယ်။ အချို့က နည်းနည်းကလေး ရတယ်။ ကိုယ့်ပြည်နယ်မှာ ပါလီမန်အမတ်အများဆုံးရတဲ့ အဖွဲ့အစည်းကို အစိုးရဖွဲ့ပိုင်ခွင့်မရှိအောင် တဘက်လှည့်ပြီး ဖဆပလဉက္ကဋ္ဌအနေနှင့် သူ့အာဏာသုံးနိုင်တဲ့ ပြည်နယ်မှာရှိတဲ့ ဖဆပလ အမတ်တွေကို သူ့သဘောကျတဲ့ လူတွေကို မဲပေးရမယ်လို့ အမိန့်ပေးတဲ့အတွက် ပြည်နယ် ဖဆပလ အမတ်တွေဟာ မိမိတို့သဘောကျတဲ့အရာကို ထောက်ခံခွင့် မရကြတဲ့အတွက် ပြည်နယ်တွေရဲ့ ဒီမိုကရေစီ၊ ပြည်နယ်ကောင်စီတွေရဲ့ ဒီမိုကရေစီတွေဟာ သည်နေရာမှာ ဆိတ်သုဉ်းနေကြပါတယ်။

ကချင်ကိုလည်း ထိုနည်းအတူတူ လုပ်ခဲ့ပါတယ်။ တဘက်ကို မြှောက်ပေး၊ ဟိုတဘက်ကိုလည်း မြှောက်ပေး၊ ဝန်ကြီးချုပ်ကို သွားတိုင်တဲ့အခါ သူက အားလုံးညီညွတ်ကြပါ။ ခင်ဗျားတို့ အားလုံးကို ကျွန်တော်ချစ်ပါတယ်၊ ခင်ဗျားတို့ အားလုံးကို ကျွန်တော်ကြိုက်ပါတယ်လို့ သည်လိုပြောခဲ့ပါတယ်။ ဒါပေမယ့် တဘက်လှည့်နှင့် တယောက်ကို တမျိုးမြှောက်ပေးပြီး မတည့်တဲ့အထဲမှာ ပိုပြီးမတည့်အောင်၊ မညီညွတ်တဲ့အထဲမှာ ပိုပြီးမညီညွတ်အောင် လုပ်ခဲ့ပါတယ်။

အထင်ရှားဆုံးက ဘယ်မှာထင်ရှားသလဲ ဆိုလျှင် ချင်းဝိသေသတိုင်းရဲ့ ဝန်ကြီးရာထူးခန့်တဲ့နေရာမှာ အများကြီးထင်ရှားခဲ့ပါတယ်။ ချင်းဝိသေသတိုင်းဟာ ဟိုစဉ်အခါတုန်းက ဖဆပလ မဟုတ်ပါဘူး။ ချင်း ကွန်ဂရက် ဆိုတဲ့အဖွဲ့က (၁၀) ဦးရပါတယ်။ နောက်

ကပ္ပတိန် မန်းတုံးနုံးတို့အဖွဲ့က (၂) ဦး ရပါတယ်။ သည်တော့ ချင်းဝန်ကြီးခန့်တဲ့နေရာမှာ ချင်းကွန်ဂရက်အဖွဲ့က သူတို့ချင်းကွန်ဂရက်မှာဥက္ကဋ္ဌဖြစ်တဲ့ လက်ရှိချင်းပြည်နယ်ဝန်ကြီး ဦးဇာရဲလျန်ကိုခန့်ဖို့ ရည်ရွယ်လာခဲ့ပါတယ်။ သည်တော့ နိုင်ငံတော် ဝန်ကြီးချုပ်က ချင်းဝန်ကြီးခန့်တဲ့ပုဂ္ဂိုလ်ဟာ သူယုံကြည်တဲ့ပုဂ္ဂိုလ် ဖြစ်ရမယ်။ ဒါကြောင့် သူလိုချင်တဲ့လူ ဖြစ်ရမယ်ဆိုပြီး ကပ္ပတိန် မန်းတုံးနုံးကို ခန့်မယ်လို့ ပြောပါတယ်။ အမတ် (၁၀) ဦးရှိတဲ့ ချင်းကွန်ဂရက်က သည်ဟာကို မခံမရပ်နိုင်အောင် ဖြစ်ပါတယ်။ ဝန်ကြီးချုပ် ဦးနုဟာ ဘာထပ်လုပ်သလဲဆိုလျှင် ချင်းကွန်ဂရက် (၁၀) ဦးထဲက ဖဲ့ထုတ်ပြီး ဦးရှိန်ထန်းကို ဝန်ကြီးခန့်မည်ဆိုပြီး ခွဲထုတ်ပါတယ်။ အကြောင်းပြတဲ့အချက်က ဦးဇာရဲလျန်ဟာ ငယ်ပါသေးတယ်။ အိမ်ထောင်လည်း မရှိပါဘူး။ ဦးရှိန်ထန်းဟာ အသက်လည်း ကြီးပါပြီ။ အလုပ်သက်များပါတယ် ဆိုပြီး သည်လိုပဲ ခွဲခဲ့ပါတယ်။ သည်တော့ ချင်းလည်း နှစ်ခြမ်း ကွဲခဲ့ပါတယ်။ ဒါတွေက သာဓကပါပဲ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကတော့ ရှင်းပါတယ်။ ဝန်ကြီးချုပ်ဦးနုဟာ နိုင်ငံတော်ဝန်ကြီးချုပ်လည်း ဖြစ်ပါတယ်။ ဖဆပလ အဖွဲ့ရဲ့ ဥက္ကဋ္ဌလည်းဖြစ်ပါတယ်။ သည်တော့ သူဟာ ဝန်ကြီးခန့်တဲ့နေရာမှာ သူ့ရဲ့အာဏာ အများကြီးတည်ပါတယ်။ သူလိုချင်သလို ဖြစ်ပါတယ်။ သည်အတိုင်း ချင်းကိုလည်း သည်လိုပဲ လုပ်ခဲ့ပါတယ်။ ကရင်ကိုလည်း သည်လိုပဲ လုပ်ခဲ့ ပါတယ်။ ကရင်ပြည်နယ်ဟာ ၁၉၅၄ ခုနှစ် ဇွန်လ ၁ ရက်နေ့မှာ ဖြစ်ပေါ်လာပါတယ်။ သည်လိုဖြစ်ပေါ်လာပြီးတဲ့အခါမှာ ကရင်ပြည်နယ်က ရွေးကောက် တင်မြှောက်တဲ့အမတ်၊ ကရင်ပြည်နယ် လူထုဆန္ဒအရ အရွေးခံရတဲ့ အမတ်တွေထဲက ကရင်ပြည်နယ် ဥက္ကဋ္ဌနှင့် ကရင်ပြည်နယ်ဝန်ကြီးကို မခန့်ဘဲ ပြည်မက အရွေးခံရတဲ့ ကိုယ်စားလှယ်ထဲက သူကြိုက်တဲ့လူကို ခန့်ခဲ့ပါတယ်။ ဒါလည်း ကရင်နှင့် သွေးခွဲခဲ့ပါတယ်။ နောက်ပြီးတော့ ပြည်နယ်လူနည်းစုတွေကို အစိတ်စိတ် အမြွာမြွာ ကွဲအောင် တဘက်တမျိုးစီ မြှောက်ပေးခဲ့တဲ့အတွက် ကျွန်တော်တို့မှာလည်း ပိုပြီး ကွဲသည်ထက်ကွဲ၊ ပိုပြီး မညီညွတ်သည်ထက် မညီညွတ်တာတွေကို အစီရင်ခံနေရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလို တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ဝန်ကြီးချုပ်ဦးနုဟာ ဖျက်ဆီးပြီးသည့်နောက်မှာ တိုင်းပြည်မှာပြကောင်းအောင် ဘာလုပ်သလဲဆိုတော့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ဝန်ကြီးဌာန ဆိုပြီး ရှာရှာကြံကြံ ကြံကြံဖန်ဖန် ဌာနတခု တီထွင်ပြီး၊ သူ့လက်ကိုင်တုတ် ဖြစ်တဲ့ အမတ်တစ်ယောက်ကို သည်ဌာနမှာ ဝန်ကြီးအဖြစ်နှင့်ခန့်ထားခဲ့ပါတယ်။

သည်ဝန်ကြီးဌာနဟာ ယနေ့အထိ ဘာအလုပ်မှ မလုပ်နိုင်ဘူးဆိုတာ ကျွန်တော်တို့ မြင်ပါတယ်။ အကယ်၍ သည်ဝန်ကြီးဌာနဟာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို လုပ်တယ်ဆိုလျှင် သည်နေ့ သည်လွှတ်တော်မှာ ဘယ်နှစ်ယောက်ဖြင့် စည်းရုံးလို့ရပါပြီ ဆိုပြီး စာရင်းနှင့် အင်းနှင့် တင်ပြစေချင်ပါတယ်။ ကျွန်တော်တို့ မြင်တာကတော့ အမျိုးသမီး တယောက်တည်း စည်းရုံးလို့ ရပါတယ်။ (သြဘာသံများ)။ ဒါကိုလည်း ဌာနဆိုင်ရာ ဝန်ကြီး က အပိုင်သိမ်းလိုက်တယ်လို့ ကြားပါတယ်။

ဉက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားလူနည်းစုတွေ မညီညွတ်အောင် ခွဲတဲ့နေရာမှာ ယခု စကားထပြောတဲ့ ဆမားဒူဝါဆင်ဝါးနောင်ဟာ ဝန်ကြီးချုပ် ဦးနုရဲ့ ညာလက်ရုံး နံပါတ် (၁) ဖြစ်ပါတယ်။ (သြဘာသံများ)

နောက်တခုက ကျွန်တော်တို့ သည်လိုမညီညွတ်တဲ့ အခါမှာ တယောက်နှင့်တယောက်၊ တဘက်နှင့်တဘက် စကားများရန်ဖြစ်ကြတာကို ကျွန်တော်တို့ဟာ အကြိမ်ကြိမ် အခါခါ နိုင်ငံတော် ဝန်ကြီးချုပ်ဦးနုကို တိုင်ခဲ့၊ ပြောခဲ့ဖူးပါတယ်။ သည်လိုပြောတဲ့ အခါမှာ ယခုတင်က အစီရင်ခံခဲ့တဲ့အတိုင်း ခင်ဗျားတို့ အားလုံးကို ကျွန်တော် ချစ်ပါတယ်။ ခင်ဗျားတို့အားလုံး ဘယ်သူ့ကိုမှ မမုန်းပါဘူးလို့ သည်စကားတွေပဲ ပြောပါတယ်။

နောက်စကားတခုက ကျွန်တော်ဟာ သွေးခွဲတဲ့စနစ်နဲ့ ဘယ်သူ့ကိုမှ မအုပ်ချုပ်ပါဘူးလို့ သူ့ပါးစပ်က တဖွဖွ ပြောခဲ့ဖူးပါတယ်။ ဒါပေမယ့် ဦးနုဟာ ယခုတင်က ကျွန်တော် တင်ပြခဲ့တဲ့အတိုင်း အပြောတမျိုး အလုပ်တမျိုးဖြစ်တာ ကျွန်တော်တို့ မြင်ပါတယ်။ တကယ်ပဲ ကျွန်တော်တို့အားလုံးကို ချစ်ပါသလား ကြည့်တော့၊ အားလုံးကို တကယ်လည်း မချစ်ပါဘူး။ ဒါကို ကျွန်တော်တို့ သက်သေ သာဓက တင်ပြပါမည်။ ၁၉၅၃ ခုနှစ်မှာ ကချင်ပြည်နယ် ကောင်စီ ကချင်ပြည်နယ်ဉက္ကဋ္ဌ လုပ်နေတဲ့ ကချင်ထဲက ဆမားဒူဝါ ဆင်ဝါးနောင်ကို မဲများများ မပေးမည့် လက္ခဏာရှိနေတော့ နုတ်ထွက်သွားပါတယ်။ ဆမားဒူဝါ ဆင်ဝါးနောင် နုတ်ထွက်သွားတဲ့အချိန်မှာ သူဟာရိုးရိုးအမတ် ဖြစ်ပါတယ်။ သည်အချိန်မှာ ဆမားဒူဝါ ဆင်ဝါးနောင်ကို အေအာ(ရ်)ဒီစီက ကြံခင်းကြီးကြီးတခုလုပ်ဖို့ နိုင်ငံတော်ဝန်ကြီးချုပ်က အမိန့်ပေးပါတယ်။ သည်အထဲမှာ ငွေဘယ်လောက် ကုန်မယ်ဆိုတာ ကျွန်တော် မသိပါဘူး။ နောက်ပြီး နိုင်ငံတော် ဝန်ကြီးချုပ်ဦးနုရဲ့အမိန့်ဆိုပြီး ကချင်ပြည်နယ်အစိုးရ လမ်းပန်းဆက်သွယ်ရေးဌာနက ဝန်ကြီးအဖြစ်က ပြုတ်သွားပြီးဖြစ်တဲ့ ဆမားဒူဝါ ဆင်ဝါးနောင်ရဲ့ ကြံခင်းကို ပြည်နယ်အစိုးရက တာဝန်ခံလုပ်ပေးရမည် ဆိုတော့၊ အဲသည်ကြံခင်းမှာ လမ်းဗိုလ် တယောက် အမြဲတာဝန်ချပြီး လုပ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမတ်မင်း သေသေချာချာ နားထောင်လျှင် သိနိုင်ပါတယ်။ အလျင် ခေါင်းဆောင်တာလည်း ဝန်ကြီးချုပ်ဦးနုပဲ ဖြစ်ပါတယ်။ အခုခေါင်းဆောင်တာလည်း ဝန်ကြီးချုပ်ဦးနုပဲ ဖြစ်ပါတယ်။ သည်တော့ ဝန်ကြီးချုပ်ဦးနု အလျင်လုပ်တာ၊ ယခု လုပ်တာနှင့် နောင်လုပ်တာဟာ အတူတူဖြစ်မည့်အတွက် အယုံအကြည်မရှိ အဆိုကို ထောက်ခံရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလည်း ကြံခင်းရှိပါတယ်။ ဘယ်မှ မပြေးပါဘူး။ သည်လို လုပ်ပေးထားပါတယ်။ ဒီတော့ ကောင်းပြီ။ ဒါဖြင့် ကျွန်တော်တို့အားလုံးက ရှေ့ကို ကျွန်တော်တို့ ဝန်ကြီးရာထူးမှ ပြုတ်ကျတဲ့အခါမှာ ကြံခင်းတခုစီရမှာပဲလို့ အများကြီး မျှော်လင့်ခဲ့ပါတယ်။ ဒါပေမယ့် ၁၉၅၆ ခုနှစ် ရွေးကောက်ပွဲကြီးမှာ ဒူဝါဇော်လွန်း ပြည်နယ်ဥက္ကဋ္ဌအဖြစ်မှ ပြုတ်ကျသွားတဲ့အခါမှာ ကြံခင်းလည်းမပေးပါဘူး။ သည်နေ့အထိ ဘာမှလုပ်မပေးပါဘူး။ ဒါကို ကြည့်ခြင်းအားဖြင့် အားလုံးသိနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သည်တော့ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုဟာ ကျွန်တော်တို့ လူနည်းစု တောင်တန်းသားများ အားလုံးကို ချစ်ပါတယ်၊ ခင်ပါတယ်၊ ညီညွတ်ကြပါ ဆိုတဲ့ စကားဟာ သူရဲ့ပြောခဲ့တဲ့ စကားနှင့်အလုပ်ဟာ မကိုက်ညီတဲ့အတွက် သည်နေရာမှာလည်း ကျွန်တော်တို့က အယုံအကြည် မရှိနိုင်ပါဘူး။

နောက်တခု ကျွန်တော် တင်ပြလိုတာက နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုဟာ အခြေခံဥပဒေအရ ဖွဲ့စည်းပြီးသားဖြစ်တဲ့ ပေးပြီးသားဖြစ်တဲ့ ပြည်နယ်တွေကို ဖျက်ဆီးချင်တယ်၊ ပြည်နယ်တွေကိုမထားချင်ဘူး ဆိုတာကို ကျွန်တော်တို့ ယုံကြည်ပါတယ်။ ဘာကြောင့်လဲဆိုလျှင် သူ့ရဲ့ လွှတ်တော်ထဲမှာ ပြောခဲ့တဲ့ မိန့်ခွန်းတွေ၊ အပြင်မှာ ပြောခဲ့တဲ့ မိန့်ခွန်းတွေထဲမှာ အထင်အရှားပါပါတယ်။

အဆိုရှင် အမတ်မင်းကလည်း သည်ဟာကို အနည်းငယ် ပြောသွားပါပြီ။ ဒါကို ကျွန်တော်ပြည့်စုံအောင် အစီရင်ခံလိုပါတယ်။ ၁၉၅၇ ခုနှစ် မတ်လ ၇ ရက်နေ့မှာ သည်ပြည်သူ့လွှတ်တော်ထဲမှာ ၄ ရက်နေ့က ပေးခဲ့တဲ့ မိန့်ခွန်းကို ဝေဖန်တဲ့ စကားကို နိုင်ငံတော်ဝန်ကြီးချုပ် အနေနဲ့ ပြန်ချေပတဲ့အခါမှာ ပြည်နယ်ပေးတာ မကောင်းဘူး၊ ပြည်နယ်ဆိုတာ ကျွန်တော်ပေးချင်လို့ ပေးတာမဟုတ်ဘူးလို့ သူကိုယ်တိုင် အတိအကျ သည်လွှတ်တော်မှာ မိန့်ခွန်းပြောကြားခဲ့ပါတယ်။ သည်တော့ သည်ကိစ္စကို ဥက္ကဋ္ဌကြီး ခွင့်ပြုလို့ရှိရင် ကျွန်တော် အနည်းငယ် တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီး ခွင့်ပြုချက်အရ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုဟာ သည်လွှတ်တော်ထဲမှာ ပြောတဲ့စကားကို ကျွန်တော် အနည်းငယ် ဖတ်ပြပါရစေ။ "ကျွန်တော်တို့ကနေပြီး ယခု ရခိုင်ပြည်နယ်ကို ဦးလှထွန်းဖြူတို့နှင့် ကျွန်တော့်မိတ်ဆွေများ ဖြစ်ကြတဲ့ အမတ်မင်းတို့ရဲ့အဖွဲ့ကလိုလားတဲ့ ရခိုင်ပြည်ကို ပြည်နယ်အဖြစ်နှင့် ကျွန်တော်တို့ကမပေးဘူးဆိုတဲ့ ဥစ္စာဟာ ရခိုင်လူမျိုးတွေကို မုန်းလို့မဟုတ်ပါဘူး၊ ဆိုတာ ရှေးဦးစွာ ပထမအနေနှင့် အစီရင်ခံချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုလျှင် ကျွန်တော်အမှန်အတိုင်း ပြောရလျှင် ပြည်နယ်ဆိုတဲ့ဥစ္စာဟာ ကောင်းတဲ့ ဥစ္စာမဟုတ်ပါဘူး။ ပြည်နယ်ကို ရှေးဦးစွာ ပထမ ကျွန်တော်တို့ တိုင်းပြုပြည်ပြုလွှတ်တော်မှာ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ် အစရှိတဲ့ ပြည်နယ်တွေကို ပေးစဉ်တုန်းက ကျွန်တော့် မိန့်ခွန်းကို ပြန်ကြည့်ပါ။ သည်လိုပြည်နယ်တွေကို ကျွန်တော်တို့ကပေးရတယ် ဆိုတာဟာ ကျွန်တော်တို့က သဘောကျလွန်းလို့ ပေးရတာ မဟုတ်ပါဘူး" လို့ပြောတဲ့အခါမှာ ညောင်ရွှေ မဟာဒေဝီ ရှမ်းပြည်နယ်ဘက်က အမတ်ကပင်လျှင် သည်ကိစ္စကို ပြန်ပြောပါတယ်။ သည်စကားဟာ လွှတ်တော် မှတ်တမ်းထဲမှာလည်း ရှိပါတယ်။ သည်မှာတချို့ ပြည်နယ်ပေးတာ မကောင်းဘူး။ ပြည်နယ် ကို ပေးချင်လို့ ပေးတာမဟုတ်ဘူး ဆိုတာ နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်တိုင် အတိအလင်း ထုတ်ဖော် ပြောခဲ့ပါတယ်။

နောက်တခါ သည်နှစ်မှာပဲ ၁၉၅၈ ခုနှစ် ဧပြီလ ၈ ရက်နေ့မှာ မော်လမြိုင်မှာ ကျင်းပတဲ့ မွန်ယဉ်ကျေးမှု ညီလာခံမှာ ရာမည မွန်အမျိုးသားအဖွဲ့က ညှော့်ခံဂုဏ်ပြုတဲ့ လက်ဖက်ရည်ပွဲမှာလည်း သူဟာ သည်စကားကိုပဲ ထပ်ပြောခဲ့ပါတယ်။ သည်နေရာမှာ ပြောတဲ့စကားက ကျွန်တော်တို့ ပြည်နယ်တွေအတွက် ပိုဆိုးတယ်။ ဘယ်လိုဆိုးသလဲ ဆိုလျှင် ပြည်နယ်ဆိုတာ နောက်ဖေးမီးဖိုဆောင်နှင့် တူပါတယ်လို့ သည်အတိုင်းသူ ပြောပါတယ်။ သည်တော့ သည် ၂ ချက်ဟာဖြင့် နိုင်ငံတော် ဝန်ကြီးချုပ်ဟာ လွှတ်တော်အထဲမှာရော၊ အပြင်ဘက်မှာရော၊ ပြည်နယ်ပေးတာ မကောင်းဘူး၊ ပြည်နယ်ကို ပေးချင်လွန်းလို့ ပေးတာမဟုတ်ဘူးလို့ သူကိုယ်တိုင် အတိအလင်း ပြောခဲ့ပါတယ်။ နောက်ပြီး သည်ပြည်နယ်တွေကို မပျက် ပျက်အောင်၊ စိတ်မပျက် ပျက်အောင်၊ ပြည်နယ်တွေ လက်မလျှော့ လျှော့အောင် နိုင်ငံတော်ဝန်ကြီးချုပ်ဟာ သူကိုယ်တိုင် ကြံဖန်ပြောခဲ့ပါတယ်။

ဒါက ဘယ်တုန်းကလဲဆိုလျှင် ၁၉၅၇ ခုနှစ် ဇွန်လ ၃ ရက်နေ့ စည်းဝေးတဲ့ ကက်ဘိနက်မှာ နိုင်ငံတော်ဝန်ကြီးချုပ်ဟာ ပြည်နယ်ဥက္ကဋ္ဌတွေကို ခင်ဗျားတို့မှာရှိတဲ့ ဘဏ္ဍာရေးအာဏာတွေကို အပ်ပါ ဆိုတဲ့စကားကို မိန့်ကြားခဲ့ပါတယ်။ သည်နေရာမှာ ကျွန်တော်တို့ ပြည်နယ်ဥက္ကဋ္ဌတွေဟာ ချက်ချင်း စကားပြန်မပြောနိုင်လောက်အောင်ဖြစ်

သွားပါတယ်။ သည်အခါမှာ ရှမ်းပြည်နယ်ဥက္ကဋ္ဌ စဝ်ခွန်ချိုက ကျွန်တော်တို့စဉ်းစားပါရစေ လို့ပြောတော့၊ ကောင်းပြီ စဉ်းစားလို့ ဆိုပါတယ်။ နောက်ပြီး ဇွန်လ ၆ ရက်နေ့မှာ ပြည်နယ် ဥက္ကဋ္ဌများ အစည်းအဝေးမှာ ထိုင်ပြီး ရှမ်းပြည်နယ်ဥက္ကဋ္ဌ စဝ်ခွန်ချိုကို သည်အကြောင်း ကျွန်တော်တို့ကို ပြောခိုင်းပါတယ်။

ဝန်ကြီးချုပ်ဦးနုဟာ သည်လိုပြောတာ မကောင်းဘူး ယခု ပြည်နယ်တွေမှာ ဂယက်ရိုက်သွားပြီ။ ပြည်နယ်ကိုယ်စားလှယ်တွေရော၊ ပြည်နယ်လူထုရော သည်ကိစ္စကို ကြားသွားလျှင် မကောင်းဘူး။ ဒါကြောင့် ဒီကိစ္စကို ပြန်ပြင်ဆင်ဖို့ သွားပြောပါ ဆိုပြီး ကျွန်တော်တို့က ရှမ်းပြည်နယ်ဥက္ကဋ္ဌ စဝ်ခွန်ချိုကို စေလွှတ်ခဲ့ပါတယ်။ ကျွန်တော်တို့ ပြန်အဖြေရတာက "အေး၊ ဒါဖြင့် မင်းတို့မကြိုက်လျှင် တနှစ်တော့ သည်အတိုင်း နေပါစေ။ လာမည့်နှစ်မှာ သည်ကိစ္စကို ဆုံးဖြတ်ကြပါ" လို့ တနှစ် အချိန်ပေးခဲ့ပါတယ်။ သည်အတိုင်း သာ ဆိုလျှင် ယခု ၁၉၅၈-၅၉ ခုနှစ် ဘဏ္ဍာရေးနှစ်က စပြီး ပြည်နယ်တွေရဲ့ ဘဏ္ဍာရေး အာဏာကို ရုပ်သိမ်းတော့မည် ဆိုတဲ့ အဓိပ္ပာယ်ပေါ်နေပါတယ်။ ကျွန်တော်တို့ မြင်တာက ပြည်နယ်ရဲ့ ဘဏ္ဍာရေးအာဏာကို ရုပ်သိမ်းလိုက်လျှင် ပြည်နယ်ကို ရုပ်သိမ်းတာနှင့် အတူတူပဲ။ ပြည်နယ်ကိုဖျက်ဆီးတာနဲ့ အတူတူပဲ။ ဘာကြောင့်လဲ ဆိုလျှင် ပြည်နယ်အစိုးရ၊ ပြည်နယ်ကောင်စီဆိုတာ ဘဏ္ဍာရေးအာဏာအပေါ်မူတည်ပြီး ဖွဲ့စည်းထားတဲ့ အဖွဲ့ အစည်းတွေ ဖြစ်ပါတယ်။

သည် ဘဏ္ဍာရေးကို ကိုင်ပြီး ပြည်နယ်တွေကို အုပ်ချုပ်၊ ကောင်စီကလည်း သည် ဘဏ္ဍာရေးအာဏာကို ခန့်ခွဲပေးဖို့ ဖွဲ့စည်းထားတဲ့ တရားဝင်အဖွဲ့၊ တရားဝင်အစိုးရ ဖြစ် ပါတယ်။ သည် ဘဏ္ဍာရေးအာဏာကို ရုပ်သိမ်းလိုက်တာနှင့် တပြိုင်နက်၊ ပြည်နယ် အစိုးရ ရှိဖို့လည်း မလိုတော့ဘူး။ သည်လို ဖြစ်နေတဲ့အတွက် ဘဏ္ဍာရေးအာဏာကို ရုပ်သိမ်း တော့မည်ဆိုတဲ့ကိစ္စဟာ ပြည်နယ်ကို ဖျက်ဆီးပစ်မည် ဆိုတာနှင့် အတူတူပဲ။ ဒါကြောင့် နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုဟာ ပြည်နယ်တွေကို ဖျက်ဆီးချင်တဲ့ ပုဂ္ဂိုလ်ပဲလို့ သည်အတိုင်း ကျွန်တော်တို့ ယုံကြည်ပါတယ်။

ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော် နိဂုံးချုပ်ပါတော့မည်။ နိုင်ငံတော် ဝန်ကြီး ချုပ် အပေါ်မှာ မယုံကြည်တဲ့ဟာကတော့ သည်လိုပြည်နယ်တွေ အပေါ်မှာ ကျင့်သုံးတဲ့၊ လူနည်းစု အပေါ်မှာ ကျင့်သုံးတဲ့၊ တောင်တန်းသားတွေ အပေါ်မှာ ကျင့်သုံးတဲ့ သဘောဟာ ဖြူစင်သန့်ရှင်းတဲ့သဘော မရောက်ဘဲ သူ အာဏာရှိလျှင် သူ့ရဲ့အာဏာ အပြည့်အဝ သုံးချင်တယ်။ ပြည်နယ်တွေရဲ့ ဒီမိုကရေစီ၊ ပြည်နယ်ကောင်စီတွေရဲ့ ဒီမိုကရေစီကို

ဂရုမစိုက်ဘဲနှင့် လိုလျှင်တမျိုး၊ မလိုလျှင် တမျိုး ပြည်နယ်တွေပေါ်မှာ ကျင့်သုံးတဲ့ အတွက် သည်နေ့ ကျွန်တော်တို့ ပြည်နယ်တွေဟာ ကွဲသည်ထက် ကွဲ၊ ပြဲသည်ထက် ပြဲ ခဲ့ကြပါတယ်။ ဒါကို ကျွန်တော်တို့ မြင်ပါတယ်။ ယခု ကျွန်တော် ပြောစရာတွေ အများကြီး ကျန်ပါသော်လည်း ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ဤမျှနှင့် နိဂုံးချုပ်ပါတယ်။ ဒါကြောင့် ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံတော်ဝန်ကြီးချုပ်အပေါ်မှာ လမ်းမတော်အမတ်မင်း ဦးဗဆွေတင်သွင်းသွားတဲ့ အယုံအကြည်မရှိ အဆိုကို ကျွန်တော်ပြည်နယ်တွေရဲ့ကိုယ်စား လေးလေးနက်နက် ထောက်ခံပါတယ်။

(သြဘာသံများ)

**ဦးဇန်ထာရှင်**
**ကချင်ပြည်နယ်ဝန်ကြီးဟောင်း**

* * * * * * * * * * * * * * *

## ဦးဇန်ထာရှင် (၁၉၂၀–၂၉၈၆)

ကချင်ပြည်သူများ၏ ကြည်ညိုလေးစားခြင်း ခံရသော ကချင်အမျိုးသား နိုင်ငံရေး ခေါင်းဆောင်တဦး ဖြစ်သည်။ ၁၉၂၀ ခုတွင် မြစ်ကြီးနားခရိုင်၊ ပူတာအိုမြို့နယ်၊ ဘာဂါကျေးရွာ၌ အဖ ဦးဇန်ထာဖုန် အမိ ဒေါ်ဇီနိန်း တို့မှ ဖွားမြင်ခဲ့သည်။ ၁၉၄၁ ခုနှစ် မန္တလေးမြို့ အစိုးရ နော်မန် အထက်တန်းကျောင်းမှ အထက်တန်း စာမေးပွဲအောင်မြင်ပြီး ထိုနှစ်မှာပင် ဆရာဖြစ်သင် လက်မှတ်ရ စာမေးပွဲဖြေဆို အောင်မြင်ခဲ့သည်။ ၁၉၄၂–၄၇ ခုနှစ်များတွင် ပူတာအိုနှင့် ဆွမ်ပရာဘွမ် စသည်တို့တွင် နယ်ခြားအုပ်ချုပ်ရေးဌာန၌ အမှုထမ်းခဲ့သည်။ ဂျပန်ဖက်ဆစ်တော်လှန်ရေး တိုက်ပွဲ၌ တက်ကြွစွာပါဝင် ခေါင်းဆောင်ခဲ့သူ တဦးဖြစ်သည်။ နယ်ချဲ့အင်္ဂလိပ်တို့ထံမှ လွတ်လပ်ရေးတိုက်ပွဲဝင်ရန်အတွက် ၁၉၄၇ ခုနှစ်တွင် ကချင်အမျိုးသား ကွန်ဂရက် (ကေအင်စီ K. N. C KACHIN NATIONAL CONGRESS) ကို စည်းရုံးထူထောင်ခဲ့သော ခေါင်းဆောင်တဦး ဖြစ်သည်။ ၁၉၅၁ ခုနှစ်တွင် မြစ်ကြီးနား (မြောက်) မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်အမတ် အဖြစ်အရွေးခံရသည်။ ၁၉၅၃ ခုနှစ် ဧပြီလတွင် ကချင်ပြည်နယ်ဝန်ကြီး၏ ပါလီမန်အတွင်းဝန်အဖြစ် ခန့်အပ်ခြင်း ခံရသည်။ ၁၉၅၆ ခု ဇူလိုင်လ ၁၇ ရက်နေ့တွင် ကချင်ပြည်နယ်ဝန်ကြီးနှင့် ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။ ဖဆပလ အဖွဲ့ကြီး၏ အကွဲအပြဲပြဿနာကြောင့် ၁၉၅၈ ခု ဇွန်လ ၄ ရက်နေ့တွင် ထိုရာထူးမှ နုတ်ထွက်ခဲ့သည်။ ၁၉၆၀ ခုနှစ်တွင် မြစ်ကြီးနား (အရှေ့) မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်အမတ်အဖြစ် ပြန်လည်ရွေးကောက် တင်မြှောက်ခြင်း ခံရသည်။

ဦးဇန်ထားရှင်သည် နိုင်ငံရေးမှ အနားယူလျက်ရှိရာမှ ၁၉၈၆ ခုနှစ်တွင် မြစ်ကြီးနား၊ စီပူတာကျေးရွာ၌ ကွယ်လွန်အနိစ္စ ရောက်ခဲ့ပါသည်။

* * * * * * * * * * * * * * *